# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ... တန်ခူးလပြည့်နေ့ | ၂၀၂၀ ပြည့်နှစ်၊ မေ ၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (၁၉၀)


# အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၁၅၀) ယူနစ်အထိကို ငွေကြေးကောက်ခံမှုကင်းလွတ်ခွင့် (အခမဲ့) ဇူလိုင် မဟုတ် ပြောတာ ... 

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 (COVID–19)

ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ

သတင်းထုတ်ပြန်ချက်

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်


( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက် )

၁။ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံသို့ နိုင်ငံအနှံ့အပြားမှ ပြည်သူများ၏ တင်ပြချက်များကို စိစစ်၍ နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှာဖွေသုံးသပ်ခဲ့ပါသည်။

၂။ COVID–19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စု (၁) စုလျှင် ဆန် (၈) ပြည်၊ ဆီ (၅၀) ကျပ်သား၊ ဆား (၅၀) ကျပ်သား၊ ပဲ (၁) ပိဿာ၊ ကြက်သွန် (၁) ပိဿာ၊ စုစုပေါင်း ထောက်ပံ့ကူညီမှု (၅) မျိုးစီကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၀ ရက်နေ့မှစတင်၍ အခမဲ့ဖြန့်ဖြူးထောက်ပံ့ပေးမည် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မလိုလားအပ်သော လေလွင့်မှုများ၊ ကြန့်ကြာမှုများ၊ အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ ကြီးကြပ်မှုဖြင့်

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပဲခူးတိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး




Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပဲခူးတိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်


နေပြည်တော် ဧပြီ ၆

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID –19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပဲခူးတိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့ အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်း၊ ပျဉ်ပုံကြီးကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# ကိုရိုနာဗိုင်းရပ်စ် (COVID - 19) တိုက်ဖျက်ရန် ကြိုးပမ်းမှုများတွင် ပြည်တွင်းနှင့် နိုင်ငံတကာအသိုက်အဝန်းမှ စေတနာထက်သန်စွာဖြင့် ကူညီပံ့ပိုးမှုများအတွက် အထူးကျေးဇူးတင်ရှိခြင်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကိုကမ္ဘာလုံးဆိုင်ရာကူးစက်ပျံ့နှံ့သောကပ်ရောဂါအဖြစ် သတ်မှတ်ကြေညာခဲ့ချိန်မှစ၍ ယနေ့အချိန်အထိ ကမ္ဘာတစ်ဝန်း၌ ရောဂါကူးစက်ခံရသူတစ်သန်းကျော်သွားခဲ့ပြီး၊ သေဆုံးသူဦးရေ(၆၄,၀၀၀) ထိရှိလာခဲ့ပြီဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ပြောကြားခဲ့သည့်အတိုင်း အဆိုးရွားဆုံးအခြေအနေများကိုပင် ပြန်လည်ကောင်းမွန်လာစေနိုင်ပြီး၊ ယင်းကူးစက်ရောဂါပိုးအား ပြန်လည်ခုခံတွန်းလှန်နိုင်ခဲ့သည့်နိုင်ငံအချို့၏အတွေ့အကြုံများသည် ကျန်ကမ္ဘာ့နိုင်ငံများအတွက် မျှော်လင့်ချက်နှင့် သတ္တိခွန်အား ဖြစ်စေပါသည်။ ဥပမာကောင်းတစ်ခုမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ပြီး၊ တရုတ်အစိုးရက ချီးကျူးဖွယ်ရာ ထိရောက်သည့် ထိန်းချုပ်မှုအစီအမံများကို ဆောလျင်စွာ ချမှတ်ဆောင်ရွက်ခဲ့ခြင်းကြောင့် ရောဂါပိုးကူးစက်မှုဒဏ်ကို ပထမဦးဆုံးနှင့် အပြင်းထန်ဆုံး တွေ့ကြုံခံစားခဲ့ရသည့်ဒေသများကို ထိန်းချုပ်နိုင်ခဲ့ပြီး မူလအခြေအနေသို့ တဖြည်းဖြည်း ပြန်လည်ရောက်ရှိလာစေခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်တားဆီးရေးအစီအမံများကို စောစီးစွာ ကြိုတင်ဆောင်ရွက်ခဲ့သော်လည်း COVID-19 ရောဂါပိုးသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး၊ ပထမဆုံးကူးစက်မှုခံရသည့် လူနာကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်တွင် စတင်တွေ့ရှိခဲ့ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပမှ ရောက်ရှိလာသူများမှ ရောဂါပိုးဝင်ရောက်မှုနှင့် ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်တို့အတွက် မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ပြည်ဝင်ဗီဇာများ ထုတ်ပေးမှုကို ရပ်ဆိုင်းခြင်းနှင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲလျက်ရှိသည့် ခရီးသည်တင် လေယာဉ်ခရီးစဉ်များအားလုံးကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၃ ရက်ထိရပ်ဆိုင်းခြင်းစသည့် အစီအမံများကိုအရှိန်မြှင့်တင်ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ကုန်သွယ်ရေး၊ ဆေးဘက်ဆိုင်ရာအထောက်အကူပစ္စည်းများနှင့် ပိတ်မိနေသည့် ပြည်ပခရီးသွားဧည့်သည်များ ပြန်လည်ထွက်ခွာနိုင်ရေးတို့အတွက် အထူးစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စွမ်းဆောင်ရည်နှင့် အရင်းအမြစ်များ အကန့်အသတ်ကြားမှပင် COVID-19 ရောဂါပိုးကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန်နှင့် ရောဂါပိုးကူးစက်ပြန့်ပွားမှုကြောင့် နိုင်ငံ၏စီးပွားရေးအပေါ် ထိခိုက်လာနိုင်သည့် အကျိုးဆက်များ လျော့နည်းစေရန်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သည့် အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်မှုများဖြင့် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် ပြည်သူလူထု၏ ညီညွတ်မှုစွမ်းအားနှင့် မိတ်ဆွေများ၊ မိတ်ဖက်နိုင်ငံများ၏ ကူညီပံ့ပိုးမှုတို့ကိုရယူကာ ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကိုကျော်လွှားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ COVID-19 ကြောင့် စီးပွားရေးအရ ထိခိုက်မှုလျော့နည်းစေရန်အတွက် အစိုးရ၏မတည်ထည့်ဝင်ငွေကျပ်တစ်ရာဘီလီယံဖြင့် COVID-19 တုံ့ပြန်ရေးရန်ပုံငွေကို ထူထောင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် COVID-19 ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ၌ အသုံးပြုနိုင်ရန်အတွက် အခြားရန်ပုံငွေတစ်ရပ်ကိုလည်း ထူထောင်ထားပါသည်။

ပြည်တွင်းမှ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ကုလသမဂ္ဂအဖွဲ့ကြီးနှင့် လက်အောက်ခံအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများက ငွေအား၊ လူအားဖြင့် ကူညီထောက်ပံ့လျက်ရှိကြပါသည်။ နိုင်ငံတစ်ဝှမ်းမှ ဒေသခံပြည်သူများအနေဖြင့်လည်းCOVID-19 ကူးစက်ရောဂါနှင့် ပတ်သက်၍ ပိုမိုသိရှိနားလည်လာကြသည့် အားလျော်စွာ အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်မှုများနှင့်အညီ ရောဂါကာကွယ်တားဆီးရေးအစီအစဉ်များကို မိမိတို့ရပ်ရွာဒေသအလိုက် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိကြပါသည်။

COVID-19 တိုက်ဖျက်ရေး အောင်မြင်ရေးအတွက် အဓိကသော့ချက်မှာ ပြည်သူလူထုပင်ဖြစ်ပါသည်။ နိုင်ငံတော်၏ ဤကူးစက်ရောဂါတိုက်ဖျက်ရေးတုံ့ပြန်မှုတွင် ထိန်းချုပ်ရေးနှင့်ကုသရေးသာမက ယင်းရောဂါပိုးသစ်အကြောင်းပြည်သူများအားပညာပေးရေးနှင့် ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များအား ပြည်သူများက တိကျစွာလိုက်နာရန်အတွက် ပူးပေါင်းဆောင်ရွက်ရေးသည်လည်း အလွန်အရေးကြီးပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ အစိုးရအနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်မထားခဲ့စေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့သောတုံ့ပြန်ရေးအစီအမံများကို အကျဉ်းသားများ၊ နေရပ်စွန့်ခွာနေရသူများ၊ ပြည်ပမှပြန်လာသူများနှင့် နယ်စပ်မှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများအပါအဝင် အလွှာအသီးသီးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကမ္ဘာတစ်ဝှမ်းတွင် COVID-19 ကူးစက်ပြန့်ပွားမှု ဆက်လက်မြင့်တက်နေဆဲဖြစ်သည့်အလျောက်အာဆီယံနိုင်ငံများအနေဖြင့် ရောဂါပြန့်ပွားမှုကို ထိန်းချုပ်ဆောင်ရွက်နိုင်သည့် အတွေ့အကြုံကောင်းများရှိသော မိတ်ဖက်နိုင်ငံများဖြစ်ကြသည့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့နှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန်နှင့် အတွေ့အကြုံများနှင့် အကောင်းဆုံးသော လက်တွေ့ဆောင်ရွက်မှုများ ဖလှယ်ရန်တို့ကို ဆောလျင်စွာ ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါသည်။ ဤနေရာ၌ COVID-19 ရောဂါကာကွယ်တိုက်ဖျက်ရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အထောက်အပံ့ဖြစ်စေရေးအတွက် အတွေ့အကြုံများမျှဝေနိုင်ရန် ဆေးပညာရှင်အဖွဲ့များကို မြန်မာနိုင်ငံသို့စေလွှတ်ရေးနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများနှင့် ဆေးပစ္စည်းများလှူဒါန်းရေးတို့အတွက် ကမ်းလှမ်းခဲ့မှုအပေါ် တရုတ်ကွန်မြူနစ်ပါတီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အားအလေးအနက် ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။

မြန်မာအစိုးရ၏ ကူးစက်ရောဂါတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ငွေကြေးပစ္စည်းအားဖြင့် သော်လည်းကောင်း၊ စိတ်ဓာတ်ရေးရာ အားပေးမှုများဖြင့်သော်လည်းကောင်း ကူညီပံ့ပိုးကာ စည်းလုံးညီညွတ်မှုပြသခဲ့ကြသော အခြားဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် ကူညီပံ့ပိုးသူများ အားလုံးကိုလည်း အထူးပင်ကျေးဇူးဥပကာရ တင်ရှိပါသည်။

ဤကမ္ဘာ့ကပ်ရောဂါကြီးကြောင့် ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများကို နိုင်ငံရေးဦးဆောင်မှု(Political Leadership)၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အစီအမံများ (Preventive Measures)၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု(Peoples’ Participation) နှင့် ကမ္ဘာတစ်ဝန်းမှ မိတ်ဖက်နိုင်ငံများ (Partners)၏ ပံ့ပိုးကူညီမှုများဖြင့် အောင်မြင်စွာကျော်ဖြတ်သွားနိုင်မည်ဟု မိမိတို့အနေဖြင့် အခိုင်အမာယုံကြည်ပါသည်။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ်ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**အမျိုးသားအဆင့်ဗဟိုကော်မတီ**

# ပြည်သူသာလျှင် အဓိက

◆ ရှေ့ဖုံးမှ

စာရင်းကောက်ယူခြင်း၊ ထုပ်ပိုးခြင်း၊ ပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း စသည်တို့ကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတလူငယ်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ ထို့အပြင် ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ (သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမပါ) အတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၁၅၀) ယူနစ်အထိကို ငွေကြေးကောက်ခံမှုကင်းလွတ်ခွင့် (အခမဲ့) ဧပြီလကုန်အထိ ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**"အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန် ရုံးပိတ်ရက်ရှည်ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စု (၁) စုလျှင် ထောက်ပံ့ကူညီမှု (၅) မျိုးစီကို အခမဲ့ ဖြန့်ဖြူးထောက်ပံ့ပေးမည်"**



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပဲခူးတိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

- **ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်နှင့် လုပ်ငန်းလုပ်ကိုင်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် နှစ်ဖက်မျှတအောင် လုပ်ဆောင်သွားမည်ဖြစ်၊ ပြည်သူများ၏ ပါဝင်မှုသည် အဓိကဖြစ်**
- **ပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဝန်ထမ်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ယခုအချိန်အခါသည် မိမိတို့ပြည်သူလူထု၏ ညီညွတ်မှုအင်အားပြပြီး ပြည်သူလူထု၏တန်ဖိုးတက်စေရန် ဆောင်ရွက်သည့်အချိန်ဖြစ်အောင် ဆောင်ရွက်စေလို**

✻ ရှေ့ဖုံးမှ

တိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မိသားစု COVID–19 ဖြစ်ပွားမှုနှင့် ပတ်သက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် COVID–19 ကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှု၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအား လိုက်နာရန် လိုက်လံနှိုးဆော်နေမှု၊ ပညာပေးလှုံ့ဆော်ခြင်း၊ အသိပညာပေးခြင်းနှင့် ဆေးရုံဆေးခန်းများတွင် ရေရှည်၌ လိုအပ်လာနိုင်သည့် ကျန်းမာရေးကာကွယ်ရေးပစ္စည်းများ ဖြည့်ဆည်းပေးရန်အချက်များ၊ ပြည်တော်ပြန်များနှင့် စပ်လျဉ်းပြီး စိုးရိမ်မှု မရှိစေရန် ကျေးရွာများသို့ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ခရီးသွားလျော့နည်းသွားမှုအခြေအနေ၊ ခရီးသွားလုပ်ငန်းများတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နေမှု၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအတွက် စားဝတ်နေရေး အခက်အခဲနှင့် မော်တော်ယာဉ်များတွင် အသုံးပြုရန် ပိုးသတ်ဆေးလိုအပ်ချက်များ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**ညွှန်ကြားချက်ထုတ်ပြန်ထား**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်ပြောကြားရာတွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအတွက်သာမက နိုင်ငံသူ၊ နိုင်ငံသူများ၏ စီးပွားရေးနှင့် ကျန်းမာရေးအခြေအနေကိုလည်း မထိခိုက်အောင်နှင့် ကာကွယ်ထားနိုင်အောင် တစ်ချိန်လုံး စီစဉ်နေပါကြောင်း၊ သွားလာရေးကိစ္စနှင့် ပတ်သက်၍ နှစ်ဖက်စဉ်းစားရပါကြောင်း၊ လိုအပ်ပါက သွားနိုင်ရန် အစီအစဉ်ရှိရမည်ဖြစ်ပါကြောင်း၊ ယာဉ်မောင်းနှင့် ယာဉ်မောင်းများ၏ အသက်မွေးဝမ်းကျောင်းအတွက် မနစ်နာစေရန် စီစဉ်ပေးရမည်ဖြစ်ပါကြောင်း၊ ပြည်တော်ပြန်များအတွက်သာမက ပြည်သူများကိုလည်း မလိုအပ်ဘဲ တစ်နေရာနှင့်တစ်နေရာ မသွားကြရန် ပန်ကြားထားပါကြောင်း၊ အထူးသဖြင့် သင်္ကြန်ကာလအတွင်း မိဘရပ်ထံပြန်ခြင်း၊ ဆွေမျိုးများထံ သွားရောက်လည်ပတ်ခြင်း၊ ဘုရားဖူးသွားရောက်ခြင်းများနှင့် အပျော်အပါးခရီးထွက်ခြင်းတို့ကို ဆောင်ရွက်ခြင်း မပြုကြရန် ပြောကြားထားပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ရန် ညွှန်ကြားချက်ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ သို့သော်နာရေးကဲ့သို့ အရေးကြီးသည့်ကိစ္စများအတွက် မိမိရပ်ရွာသို့ ပြန်နိုင်သည့်အနေအထားရှိအောင် ကူညီရမည်ဖြစ်ပါကြောင်း၊ သင်္ကြန်ရုံးပိတ်ရက်များတွင် လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များအတွက်လည်း စဉ်းစားရပါကြောင်း၊ ရပ်နားထားသည့် လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် ပြည်သူများ၏ စားဝတ်နေရေးအတွက်လည်း စဉ်းစားပေးနေပါကြောင်း၊ ထို့ပြင် အဘက်ဘက်က စဉ်းစား၍ တတ်နိုင်သမျှ ဆောင်ရွက်ပေးနေပါကြောင်း၊ အဖြေပေါ်လာသည်နှင့်အမျှ ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ တင်ပြသွားမည်ဖြစ်ပါကြောင်း။

လျှပ်စစ်နှုန်းထားများအား ချထားပေးမည်လားဟု မေးခွန်းများလည်း ရှိပါကြောင်း၊ ချထားပေးရန်လည်း စီစဉ်နေပါကြောင်း၊ ချထားပေးရာတွင် နိုင်ငံတော်က တတ်နိုင်သည့်အတိုင်းအတာလည်း ဖြစ်ရမည်ဖြစ်ပါကြောင်း၊ အမှန်တကယ်လိုအပ်မှုကို အကူအညီပေးသည့်ပုံစံလည်း ဖြစ်ရမည်ဖြစ်ပါကြောင်း၊ တတ်နိုင်သူများအား လျှော့ပေးရန် မဟုတ်ပါကြောင်း၊ တတ်နိုင်သူများကို လျှော့ပေးမည်ဆိုပါက တခြားတစ်နေရာတွင် သုံးစွဲရန်အတွက် ဝင်ငွေလျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စရပ်များကိုလည်း နှစ်ဖက် မျှတအောင် စဉ်းစားလုပ်ကိုင်နေရပါကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်နှင့် လုပ်ငန်းလုပ်ကိုင်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် နှစ်ဖက်မျှတအောင် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်ရန်လို**

ပြည်သူများ၏ ပါဝင်မှုသည် အဓိကဖြစ်ပါကြောင်း၊ ပြည်သူများထဲတွင် ဝန်ထမ်းများလည်း ပါဝင်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုအချိန်သည် မိမိတို့ အချင်းချင်းအကြားတွင် ညီညွတ်မှုတည်ဆောက်ရန် အကောင်းဆုံးအချိန်ဖြစ်ပါကြောင်း၊ စိန်ခေါ်မှုတစ်ခု ပေါ်ပေါက်လာပါက ယင်းကိစ္စရပ်ကို အကျိုးရှိအောင် သုံး၊ မသုံး ဆိုသည်မှာ မိမိတို့အပေါ်တွင်သာ မူတည်ပါကြောင်း၊ ဖြစ်ပေါ်လာသည့်စိန်ခေါ်မှုတစ်ခုကို အနာဂတ်အတွက် အကျိုးဖြစ်အောင် ရင်ဆိုင်မည်၊ အကျိုးမဖြစ်အောင် ရင်ဆိုင်မည်ဆိုသည်မှာ နောက်ဆုံးတွင် မိမိ၏ရွေးချယ်မှု၊ မိမိ၏ဆုံးဖြတ်ချက်သာ ဖြစ်ပါကြောင်း၊ ပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဝန်ထမ်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ယခုအချိန်အခါသည် မိမိတို့ပြည်သူလူထု၏ ညီညွတ်မှုအင်အားပြပြီး ပြည်သူလူထု၏တန်ဖိုးတက်စေရန် ဆောင်ရွက်သည့်အချိန်ဖြစ်အောင် ဆောင်ရွက်စေလိုပါကြောင်း။

အများလိုအပ်ချက်ဖြစ်နေချိန်တွင် ကိုယ့်အကျိုးအမြတ်အတွက် မလုပ်သင့်၊ မလုပ်ထိုက်သည်များကို မလုပ်ကြစေလိုကြောင်း၊ ပြည်သူဒုက္ခရောက်ချိန်တွင် ကိုယ့်အကျိုးအမြတ်အတွက်သာ ဆောင်ရွက်ခဲ့သူတစ်ဦးသည် ပြည်သူ့မျက်နှာကို မည်သို့ကြည့်ပြီး မည်သို့ဆက်လက်ရှင်သန်သွားမည်ဆိုသည်ကို စဉ်းစားစေလိုပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်ပြီး အချင်းချင်း မေတ္တာ၊ ကရုဏာ ပွားစေလိုပါကြောင်း၊ COVID–19 ရောဂါကို နိုင်အောင် တိုက်ခိုက်နေချိန်တွင် မိမိတို့ ပြည်သူအချင်းချင်း ထိခိုက်မည့်ကိစ္စများကို မဆောင်ရွက်ကြစေလိုကြောင်း၊ ယခုဆွေးနွေးတင်ပြချက်များကို မှတ်သားထားပါကြောင်း၊ အမြန်ဆုံး တတ်နိုင်သမျှဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူတစ်ယောက်ချင်းကလည်း ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဝိုင်းဝန်းကူညီကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ "တစ်ယောက်ကောင်းမှ အားလုံးကောင်းမည်၊ အားလုံးကောင်းမှ တစ်ယောက်ကောင်းမည်" ဆိုသည့် ယုံကြည်ချက်ဖြင့် အားလုံးဝိုင်းဝန်းလုပ်ဆောင်ကြစေလိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး COVID-19 Clinical Management အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ကိုဗစ်-၁၉ ကုသရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

ရန်ကုန် ဧပြီ ၆

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဧပြီ ၄ ရက် ညနေပိုင်းတွင် ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်ရှိ Medical Skill, Simulation and Research Center ၌ ဆေးတက္ကသိုလ် (၁) နှင့် ဆေးတက္ကသိုလ် (၂) မှ ဆေးပညာ ပါမောက္ခ/ဌာနမှူး၊ အရေးပေါ်ဆေးပညာ ပါမောက္ခ/ဌာနမှူး၊ အပူပိုင်းဆိုင်ရာ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများပါဝင်သော COVID–19 Clinical Management အဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီးအချို့နှင့် တွေ့ဆုံ၍ COVID–19 လူနာများ ကုသမှုကုထုံးဆိုင်ရာ၊ လူနာအဆင့် ခွဲခြားမည့်ပုံစံ၊ ရောဂါပျံ့နှံ့မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး COVID–19 Clinical Management အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ကိုဗစ်–၁၉ ကုသရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးစဉ်။ သတင်းစဉ်

ရှေးဦးစွာ COVID–19 Clinical Management အဖွဲ့၏ ကိုယ်စား ဆေးတက္ကသိုလ် (၁)၊ ဆေးပညာဌာနမှ ပါမောက္ခ/ ဌာနမှူး ဒေါက်တာဇော်လင်းအောင်က မွမ်းမံပြင်ဆင်ရေးဆွဲပြီးသည့် ကုထုံးလမ်းညွှန်ချက်များ၊ သတ်မှတ်ဆေးရုံ (designated hospital) များအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ COVID–19 ဓာတ်ခွဲအတည်ပြုလူနာများ သက်သာပျောက်ကင်းပြီးနောက် ဆေးရုံဆင်းခွင့်ပေးရန် သတ်မှတ်ချက် (criteria) များ ရေးဆွဲချမှတ်ထားသည့် အခြေအနေများကို တင်ပြသည်။

**ဖြန့်ဝေပေးသွားမည်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ COVID–19 ကုသရေးလုပ်ငန်းများကို ပြည်သူများအကျိုးအတွက် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၏ ကြိုးပမ်းဆောင်ရွက်နေမှုများအား မှတ်တမ်းတင်ရှိပါကြောင်း၊ COVID–19 ကုသရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီး/ ပြည်နယ် ဆေးရုံအသီးသီးရှိ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ ပါဝင်သော တိုင်းဒေသကြီး/ ပြည်နယ် Clinical Management အဖွဲ့များ ဖွဲ့စည်းကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုတင်ပြချက်များနှင့် ဆွေးနွေးချက်များကိုလည်း တိုင်းဒေသကြီး/ ပြည်နယ်များရှိ Clinical Management အဖွဲ့များထံသို့ အချိန်နှင့်တစ်ပြေးညီ ဝန်ကြီးဌာနမှ ဖြန့်ဝေပေးသွားမည် ဖြစ်ပါကြောင်း။

**လိုအပ်သလို ချိန်ဆကုသ**

ဤရောဂါသည် ရောဂါသစ်ဖြစ်သည်နှင့်အညီ ရောဂါ၏ ပြင်းထန်မှုအခြေအနေနှင့် ရောဂါ၏ ဖြစ်စဉ်ပြောင်းလဲမှုအခြေအနေတို့အပေါ် မူတည်၍ ကုထုံးများကိုလည်း လိုအပ်သလို ချိန်ဆကုသရမည်ဖြစ်ပါကြောင်း၊ အောင်မြင်သည့် ကုသချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ တိုင်းဒေသကြီး/ ပြည်နယ် Clinical Management အဖွဲ့များထံသို့ မျှဝေပေးသွားရမည် ဖြစ်ပါကြောင်း၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) အနေဖြင့် ဓာတ်ခွဲနမူနာများကို အရေးအတွက် ပိုမိုစစ်ဆေးသွားရန် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) မှလည်း ဓာတ်ခွဲစစ်ဆေးမှုများတွင် ပူးပေါင်းဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ ရောဂါဖြစ်ပွားသူနှင့် ထိတွေ့နီးကပ်ခဲ့သူများနှင့် သံသယ/ စောင့်ကြည့်လူနာများအားလုံးကို ရရှိသော ဓာတ်ခွဲပစ္စည်းများအပေါ် မူတည်၍ ဓာတ်ခွဲစစ်ဆေးသွားမည် ဖြစ်ပါကြောင်း၊ သို့မှသာ ရောဂါဖြစ်သူများကို စောစီးစွာသိရှိပြီး သီးခြားထားရှိကုသမှုပေးနိုင်ကာ ရောဂါဆက်လက်ပြန့်ပွားမှု မရှိတော့မည်ဖြစ်ပါကြောင်း။

ဆေးရုံကြီးများ၏ ပြင်ပလူနာဌာန (OPD) များတွင် အဖျားရောဂါလူနာများအတွက် သီးသန့်ပြင်ပလူနာဌာန (fever clinic) များကို စနစ်တကျဆောင်ရွက်ရန်၊ ဤသို့ပြုလုပ်ခြင်းဖြင့် ရောဂါဖြစ်ပွားသူများကို ပိုမိုရှာဖွေဖော်ထုတ်နိုင်မည်သာမက ရောဂါကူးစက် ပြန့်ပွားမှုကိုလည်း ထိရောက်စွာ ဟန့်တားနိုင်မည်ဖြစ်ပါကြောင်း၊ ဤ COVID–19 ကပ်ရောဂါဖြစ်စဉ်တွင် အထူးကြပ်မတ်ကုသဆောင်များကို အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်းတို့ဖြင့် ရေရှည်ကာလတွင်လည်း မည်သည့်ရောဂါဖြင့်မဆို တက်ရောက်မည့် လူနာများအတွက်လည်း အကျိုးရှိစေမည်ဖြစ်ပါကြောင်း၊ ကုသရေးပညာရှင် ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ ပါဝင်ဖွဲ့စည်းထားသော Clinical Management အဖွဲ့များ၏ တင်ပြမှုများအပေါ် မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အကြံပြုချက်များကိုလည်း အလေးထား စဉ်းစားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အထွေထွေကိစ္စရပ်များဆွေးနွေး**

ဆက်လက်၍ တက်ရောက်လာကြသော ဗဟိုအဆင့်တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် (၁) နှင့် ဆေးတက္ကသိုလ် (၂) တို့မှ ဆေးပညာ၊ အပူပိုင်းဆေးပညာ၊ မေ့ဆေးပညာ၊ အရေးပေါ်ဆေးပညာ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများနှင့် ဆေးရုံအုပ်ကြီးများက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ၊ ဆေးနှင့်ဆေးပစ္စည်းများကို resource mobilization ပြုလုပ်ရန်ကိစ္စ၊ COVID–19 သံသယလူနာများအား စောင့်ကြပ်ကုသခြင်းနှင့် လွှဲပြောင်းကုသခြင်းလုပ်ငန်းများအား ပုဂ္ဂလိကဆေးရုံများနှင့် ညှိနှိုင်းဆောင်ရွက်ရေးကိစ္စနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**ကြည့်ရှု**

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်ရှိ Medical Skill, Simulation and Research Center သို့ သွားရောက်စဉ်တွင် သူနာပြုတက္ကသိုလ် (ရန်ကုန်) မှ စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်မည့် သူနာပြုသင်တန်းသား၊ သင်တန်းသူများအား တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံ (PPE) စနစ်တကျ အသုံးပြုဝတ်ဆင်ခြင်းသင်ကြားမှုများ ပြုလုပ်နေသည်ကို ကြည့်ရှုသည်။ အလားတူ အခြားဝန်ထမ်းများကိုလည်း သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ် နမ့်မွန်ကြီးရေတံခွန်နှင့် ပြင်ဦးလွင်မြို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၆**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်သည် ဧပြီ ၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်ရှိ နမ့်မွန်ကြီးရေတံခွန်သို့ သွားရောက်ကာ ကိုဗစ်–၁၉ ကူးစက်ရောဂါကြောင့် ခရီးသွားဧည့်သည်များ သွားလာမှု ကန့်သတ်ထားစဉ်ကာလအတွင်း ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးသည်။



ဒုတိယဝန်ကြီး ဦးတင်လတ် ပင်လောင်းမြို့နယ်ရှိ နမ့်မွန်ကြီးရေတံခွန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားစဉ်။ သတင်းစဉ်

**ကြိုတင်ပြင်ဆင်**

ရှေးဦးစွာ ဒုတိယဝန်ကြီးက ရေတံခွန်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ လူသွားလမ်းများ စနစ်တကျနှင့် ပိုမိုကောင်းမွန်စေရေး၊ ရေတံခွန်အနီးရှိ စားသောက်ဆိုင်များ ကျန်းမာရေးနှင့်အညီ ချက်ပြုတ်ရောင်းချနိုင်ရေး၊ ရေတံခွန်သို့ ပြေးဆွဲနေသော စက်လှေများအနေဖြင့် ခရီးသည်များကို ဝန်ဆောင်မှုပေးရာတွင် အန္တရာယ်ကင်းစွာ စနစ်တကျ ပို့ဆောင်စေရေး၊ ခရီးသွားလုပ်ငန်း ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိစေဘဲ သတ်မှတ်ထားသောအချက်များနှင့်အညီ ကောင်းမွန်စွာ ဖော်ဆောင်နိုင်ရေးနှင့် လက်ရှိ ခရီးသည်များ လာရောက်လည်ပတ်ခြင်း မရှိသေးခင်ကာလအတွင်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဒုတိယဝန်ကြီးသည် ဧပြီ ၅ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့တွင် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ပြင်ဦးလွင်ဇုန်)မှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်)မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအား တွေ့ဆုံ၍ လတ်တလောဖြစ်ပေါ်နေသော ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သော သတိပေးချက်များကို လိုက်နာဆောင်ရွက်ရေးကိုလည်းကောင်း၊ ခရီးသွားဝင်ရောက်မှုကျဆင်းနေသည့်အချိန်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအတွင်း ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် နိုင်ငံတော်နှင့် ဝန်ကြီးဌာနမှ ပံ့ပိုးကူညီမည့် အစီအစဉ်များ၊ လုပ်ငန်းရှင်အသင်းအဖွဲ့များမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း၊ ကိုဗစ်–၁၉ ဗိုင်းရပ်စ်ရောဂါ အလွန်ကာလ ခရီးသွားလုပ်ငန်း ပြန်လည် ဦးမော့လာချိန်တွင် ဝန်ဆောင်မှုများ ပိုမိုတိုးတက်ကောင်းမွန်စေရေး ကြိုတင်ဆောင်ရွက်ထားနိုင်မည့် အစီအမံများ၊ ဝန်ဆောင်မှုအဆင့်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်မည့် အစီအစဉ်များကိုလည်းကောင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရေးနှင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးအတွက် ခရိုင်အဆင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (သို့မဟုတ်) Destination Management Organization (DMO) ဟုခေါ်သည့် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းမည့်အစီအစဉ်များနှင့် ပတ်သက်၍ လည်းကောင်း၊ ရှိပြီးခရီးစဉ်ဒေသများအား ထိန်းသိမ်းခြင်း၊ ခရီးစဉ်ဒေသသစ်များဖော်ထုတ်ခြင်း၊ ဆက်စပ်ခရီးစဉ်ဒေသလမ်းကြောင်းများ ဖော်ထုတ်ခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် လက်လုပ်လက်စားများအား ဝန်ကြီးဌာန၏ ဘတ်ဂျက်အတွင်းမှ ကူညီရန် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ ဒုတိယဝန်ကြီးက ဝန်ကြီးဌာနမှ ပူးပေါင်းပါဝင်ကူညီနိုင်မည့် အခြေအနေများကို ပြန်လည်ဆွေးနွေးသည်။

**သွားရောက်ကြည့်ရှု**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် Maymyo Heritage Trust အသင်းမှ ဖော်ထုတ်ထိန်းသိမ်းရန် ဆောင်ရွက်နေသည့် ပြင်ဦးလွင်ဒေသရှိ သမိုင်းဝင်အဆောက်အဦများနှင့် သမိုင်းကြောင်းရာဇဝင်ရှိသည့် နေရာဒေသများသို့ သွားရောက်ကြည့်ရှု၍ ဝန်ကြီးဌာနမှ ပေါင်းစပ်ကူညီဆောင်ရွက်ပေးနိုင်သည်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသားချင်းများ

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးဟာ ပြည်ထောင်စုသားချင်းများ ဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့သာ စည်းလုံးညီညွတ်မှုကို ရရှိစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းမှာ မတူညီတဲ့လူမျိုး၊ မတူတဲ့ဘာသာစကား၊ မတူတဲ့ကိုးကွယ်မှုများရှိလင့်ကစား၊ စည်းလုံးညီညွတ်စွာနေရေးကို ဦးတည်ကြရပါမယ်။ ကျွန်မတို့အားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်တာနဲ့အညီ ဒီပြည်ထောင်စု၊ ဒီမြေ၊ ဒီရေကို ချစ်မြတ်နိုးပြီး ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုနဲ့ သာယာခိုင်မာတဲ့ ပြည်ထောင်စုတစ်ခု တည်ဆောက်ရေးကို တန်ဖိုးထားကြဖို့က အင်မတန်မှ အရေးကြီးပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် Mahar Mobile Application မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာ အခမဲ့ပြသမည့်ကိစ္စ တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၆

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ABC Content Solution Co.,Ltd(Mahar Mobile Application)မှ တာဝန်ရှိသူများနှင့် ယနေ့ညနေပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ယင်းကုမ္ပဏီမှ ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာ အခမဲ့ပြသမည့်ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးသည်။** (ယာပုံ)

COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်သူများ နေအိမ်တွင် နေထိုင်ကြရန် နှိုးဆော်ထားစဉ် ပြည်သူများ စိတ်အပန်းပြေစေရေးနှင့် စိတ်ဓာတ်မြှင့်တင်ပေးနိုင်ရေးကို အထောက်အကူပြုနိုင်ရန် Mahar Mobile Application မှ စုဆောင်းထားသည့် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား လေးထောင်ကျော်အနက်မှ နှစ်ထောင်ကျော်ကို တစ်လတာ အခမဲ့ပြသနိုင်ရန်အတွက် ထိုသို့ ဆွေးနွေးကြခြင်းဖြစ်သည်။

ABC Content Solution Co.,Ltd သည် မဟာရုပ်သံလိုင်း(Mahar Channel)၊ မဟာမိုဘိုင်း(Mahar Mobile App)၊ ပီတိဗီဒီယို(Piti Video) ထုတ်လုပ်ဖြန့်ချိရေးတို့အပြင် Mahar Youtube Channel နှင့် Mahar Facebook Page တို့ဖြင့် မီဒီယာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ Mahar Mobile App မှ စုဆောင်းထားသည့် ရုပ်ရှင်နှင့်ဗီဒီယို ဇာတ်ကားများဖြစ်သည့် “ငဒူ၊ ဟန်နီးမွန်း၊ ဖက်ရှင်၊ သားဘီလူး၊ ရွှေကြာ” စသည့် ဇာတ်ကားများ အပါအဝင် စုစုပေါင်းဇာတ်ကား နှစ်ထောင်ကျော်ကို ယခုနှစ် မေ ၁ ရက်မှ ၃၀ ရက်အတွင်း ပြည်သူများ အခမဲ့ကြည့်ရှုနိုင်ရန်အတွက် တစ်လတာကြည့်ရှုခွင့် Promo Code အရေအတွက်ပေါင်း သုံးသန်းကို လှူဒါန်းပေးဝေသွားမည်ဖြစ်ရာ ပြည်သူများအနေဖြင့် Mahar Mobile App သို့ ဝင်ရောက်ပြီး Code နံပါတ် 230320 ဖြည့်စွက်၍ အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



# သထုံတွင် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်နေသူများကို မွန်ပြည်နယ်ဝန်ကြီးချုပ် တွေ့ဆုံအားပေးဆွေးနွေး

**သထုံ မေ ၆**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံသည် ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ သထုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်နေသူများကို တွေ့ဆုံအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေး ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ **(အောက်ဝဲပုံ)**




**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရပ်ရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုနေရာများကို ဆောင်ရွက်ထားရှိရာ တစ်နိုင်ငံလုံး၌ ရပ်ကွက်/ကျေးရွာ အထောက်အကူပြုအဖွဲ့များ၊ လူမှုရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များ စသည်တို့က တက်ကြွစွာ ပူးပေါင်းပါဝင်ကြသည်ကို တွေ့မြင်ရကြောင်း၊ မွန်ပြည်နယ်အနေဖြင့် ယင်းသို့ ပူးပေါင်းကူညီမှုများကြောင့် ရပ်ရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မျှော်လင့်ထားသည်ထက် ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူပူးပေါင်းပါဝင်မှု၏ အောင်ပွဲပင် ဖြစ်ပါကြောင်း၊ ယခုအခါ ပြည်ပမှ ပြန်လာသူများမှာ သတ်မှတ်နေရာအသီးသီး၌ ၁၄ ရက် စောင့်ကြည့်ကာလ ပြီးဆုံးသဖြင့် ရပ်ရွာအတွင်း မိသားစုနှင့်အတူ ပျော်ရွှင်စွာ ပြန်လည်နေထိုင်ကြတော့မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ရပ်ရွာအတွင်း အများနည်းတူ ဆက်လက်နေထိုင်သွားကြရမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးအားပေးစကားပြောကြားကာ သထုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သတ်၍ လိုအပ်သည်များကို မေးမြန်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**တက်ရောက်**

အဆိုပါဆွေးနွေးပွဲသို့ ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နန်းစံဝင့်ခိုင်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုကူညီရေး ပရဟိတအဖွဲ့များစသည့် သထုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်နေသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးရည်များဖျန်း

ရန်ကုန် မေ ၆

လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမရှိစေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ ခရိုင်ဘဏ်ခွဲ၊ မြို့နယ်ဘဏ်ခွဲအားလုံးတို့တွင် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် လူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ မြန်မာ့စီးပွားရေးဘဏ်သို့လာရောက်သည့် အငြိမ်းစားမိဘပင်စင်စားကြီးများ၊ ဘဏ်နှင့်ဆက်သွယ်သူ (Customer)များအား ဘဏ်ခွဲအတွင်းသို့မဝင်မီ ဆပ်ပြာဖြင့်လက်ကိုဆေးကြောစေခြင်း၊ ကိုယ်အပူချိန်တိုင်းပေးခြင်း၊ ရောဂါမကူးစက်စေရေး ဆောင်ရန်ရှောင်ရန်နည်းလမ်းများကို ပညာပေးစည်းရုံးခြင်းနှင့် ဘဏ်လုပ်ငန်းများ ပြီးစီးချိန်တွင် ပိုးသတ်ဆေးဖျန်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြန်မာ့အလင်း**

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ စေတနာရှင်ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် တစ်ဦးချင်းအလှူရှင်များက အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၆**

စေတနာရှင်ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် တစ်ဦးချင်းအလှူရှင်များက Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီအတွင်းရေးမှူး (၂) ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်၍ လှူဒါန်းမှုများကို လက်ခံသည်။ **(ယာပုံ)**

ရှေးဦးစွာ အလှူရှင်များကိုယ်စား မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက လှူဒါန်းရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။



### များစွာအထောက်အကူပြုမည်

ထို့နောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လှူဒါန်းမှုအပေါ် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ ညီညီညွတ်ညွတ်ဖြင့် စုစည်းလုပ်ဆောင်နေမှုများ၊ လှူဒါန်းပံ့ပိုးမှုများသည် မိမိတို့နိုင်ငံ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ လှူဒါန်းသည့်လှူဒါန်းငွေများ၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများကို အကျိုးရှိထိရောက်စွာ အသုံးချသွားမည်ဖြစ်ပြီး ဆေးပစ္စည်းကိရိယာများကို ယခု ကိုဗစ်–၁၉ လူနာများအတွက်သာမက နောင်ကာလများတွင် အထူးကြပ်မတ်ကုသဆောင်များ၌ ထားရှိကုသရမည့် အခြားလူနာများအတွက် အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

### လှူဒါန်းမှုများကို လက်ခံ

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်(ပြည်ထောင်စုဝန်ကြီးရုံး)နှင့် ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန)တို့က အလှူရှင်များ၏ပေးအပ်လှူဒါန်းမှုများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

### ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီက ငွေကျပ် သိန်း ၃၀ ၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်(အင်္ဂလီကန်)က ငွေကျပ်သိန်း ၇၀ ၊ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်က ငွေကျပ်သိန်း ၆၀ ၊ ဦးနော‌အောက်မေ့ဖွယ်ရာ မြန်မာနှစ်ခြင်း ခရစ်ယာန်အသင်းတော်က ငွေကျပ် သိန်း ၅၀ ၊ ရန်ကုန်ယုဝတီခရစ်ယာန်အသင်း (Yangon YWCA) က ငွေကျပ် ၂၂ ဒသမ ၈ သိန်း၊ မြန်မာနိုင်ငံခရစ်ယာန် ကျန်းမာရေးလုပ်သားများအသင်း (MCHWA) က ငွေကျပ် သုံးသိန်း၊ The Salvation Army ကယ်တင်ခြင်းတပ် အသင်းတော်က ငွေကျပ် ၁၅ ဒသမ ၂ သိန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးအဖွဲ့ချုပ်က ငွေကျပ် ၁၀၈ သိန်း၊ ဂေါ်ရခါးလူမှုကူညီရေးအသင်း(မြန်မာ)က ငွေကျပ်သိန်း ၃၀ ၊ PMA Care က ငွေကျပ်သိန်း ၅၀ နှင့် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေးဘဏ်က ငွေကျပ်သိန်း ၁၅၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်

အလားတူ နံနက်ပိုင်းက ရှမ်းပြည်နယ် ရွာငံမြို့နယ် မိန်းမရဲသခင်မတောင်မှ မဟာဂန္ဓာရီသာသနာပြုယောက်ကော်ဆရာလေးက ငွေကျပ်သိန်း ၁၀၀ ၊ ဦးဌေးဦး(ဌေးဝင်းဘာကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်း ၂၀ ၊ ဒေါက်တာမသဇင် (နတ်ရေကန်ဆေးခန်း)က ငွေကျပ် ၁၀ သိန်း၊ ဦးအောင်ကောင်း– ဒေါ်အေးအေးနွဲ့ မိသားစုက ငွေကျပ် ငါးသိန်းတို့ကို လာရောက်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၆**

ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ပူးပေါင်း၍ ပြည်သူများ အသိပညာ ဗဟုသုတရရှိစေရန် အတွက် ရွေ့လျားစာကြည့်တိုက် ယာဉ်များဖြင့် စာအုပ်စာစောင်များ လှည့်လည် ငှားရမ်းပေးမှုနှင့်အတူ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များတွင် ပြည်သူများ သိရှိလိုက်နာ ပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ရှိ ကျွဲမင်းကျကျေးရွာနှင့် စည်သာကျေးရွာတို့တွင် လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ မြိုင်ကလေးကျေးရွာ၊ ဘားကပ်ကျေးရွာ၊ လှိုင်ကမ္ဘာကျေးရွာ၊ ပင်ဂိုကျေးရွာ၊ ပိုးချည်မျှင်ရက်ကန်းကျောင်း ခြေတုလက်တုအလုပ်ရုံ၊ ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်များအတွင်း၌ လည်းကောင်း၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဂုံးမင်းကွင်းကျေးရွာတွင် လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် လက်သန့်ဆေးရည်ဖြင့် စနစ်တကျ လက်ဆေးမှု သရုပ်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့ပြင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များ၏ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာပေးနှိုးဆော်ချက်များကို နံရံကပ်ပြဘုတ်များဖြင့် ခင်းကျင်းချိတ်ဆွဲပြသခြင်း၊ ကျန်းမာရေးဌာန၏ ထုတ်ပြန်ချက်များနှင့်အညီ လူစုလူဝေးမဖြစ်စေရေး၊ တစ်ဦးနှင့်တစ်ဦး သုံးပေအကွာ နေထိုင်ရေး၊ နှာခေါင်းစည်းများ တပ်ဆင်ရေး၊ ကိုဗစ်–၁၉ ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများနှင့် အသွားအလာ ကန့်သတ်ခြင်းဆိုင်ရာများ လိုက်နာဆောင်ရွက်ရေးတို့ကို အသံချဲ့စက်များဖြင့် လှည့်လည်နှိုးဆော်ခြင်း၊ ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်၍ ရုပ်ရှာအခြေပြုစောင့်ကြပ် ကြည့်ရှုခြင်းများတွင် ပါဝင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းနိုင် (ပြန်/ဆက်)**



နတ်မောက်မြို့နယ် ကျွဲမင်းကျကျေးရွာ၌ ရွေ့လျားစာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်ရာတွင် စာအုပ်များမငှားမီ လက်သန့်ဆေးရည်ဖြင့် လက်ဆေးခြင်း၊ ကိုဗစ်–၁၉ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ကိုဗစ်–၁၉ အသိပညာပေး နှိုးဆော်ချက်များအား ပြဘုတ်များဖြင့် ပြသခြင်းများ ဆောင်ရွက်စဉ်။



# သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာန အဆောက်အဦ ဆောက်လုပ်ရန် မြေသန့်ပန္နက်တင်

**သံတွဲ ဧပြီ ၆**

ရခိုင်ပြည်နယ် သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာန(Community Centre) အဆောက်အဦဆောက်လုပ်ရန် မြေသန့်ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဧပြီ ၃ ရက် နံနက်ပိုင်းက သံတွဲမြို့ အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ယင်းအဆောက်အဦ ဆောက်လုပ်မည့် မြေနေရာတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားကို ယင်းနေ့ နံနက် ၇ နာရီတွင် သံဃာငါးပါးနှင့် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ နံနက် ၈ နာရီတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည်နှင့် ခရိုင်စီမံခန့်ခွဲရေးကော်မတီဝင်များက ပန္နက်တင်ပြီး အမွှေးနံ့သာရည်ပက်ဖျန်းခြင်းတို့ဖြင့် ဆောင်ရွက်ကြသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ခရိုင်နှင့်မြို့နယ်ရုံး၊ စာကြည့်တိုက်များကို လူထုအခြေပြုဗဟိုဌာနများအဖြစ် ပြောင်းလဲဆောင်ရွက်လျက်ရှိရာ ယခုသံတွဲခရိုင် လူထုအခြေပြုဗဟိုဌာနမှာ နိုင်ငံတော် ဘဏ္ဍာငွေဖြင့် ဒုတိယမြောက် ဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် ဘဏ္ဍာငွေဖြင့် ပထမဆုံးတည်ဆောက်သည့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းခရိုင် လူထုအခြေပြုဗဟိုဌာနအဆောက်အဦကို ယခုနှစ် ဖေဖော်ဝါရီ ၈ ရက်က စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ ယင်းလုပ်ငန်းစဉ်များကို ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ရွှေ(ပြန်/ဆက်)**

# Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID-19)နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် မေလ ၁ ရက်နေ့မှ ၆ ရက်နေ့၊ (၁၆:၃၀)နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည်-

**COVID-19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၁.၄.၂၀၂၀)ရက်နေ့မှ (၆.၄.၂၀၂၀)ရက်နေ့ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ် (သိန်းပေါင်း) |
|---|---|---|
| ၁။ | Asia World Foundation | ၁၀၀၀.၀၀ |
| ၂။ | ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် | ၁၅၀.၀၀ |
| ၃။ | မြန်မာနိုင်ငံလုံးဆိုင်ရာဂေါ်ရခါးအဖွဲ့ချုပ် | ၁၀၈.၀၀ |
| ၄။ | မဟာဂန္ဓာရီသာသနာပြု ယောက်ကော်ဆရာလေး | ၁၀၀.၀၀ |
| ၅။ | RSE Examiness & Supporting Team in Singapore | ၉၀.၀၀ |
| ၆။ | မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလိကန်) | ၇၀.၀၀ |
| ၇။ | ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် | ၆၀.၀၀ |
| ၈။ | ဦးနေသအောက်မေ့ဖွယ်ရာ မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော် | ၅၀.၀၀ |
| ၉။ | PMA Care အဖွဲ့ | ၅၀.၀၀ |
| ၁၀။ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၄၃.၈၀ |
| ၁၁။ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၀.၀၀ |
| ၁၂။ | မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ | ၃၀.၀၀ |
| ၁၃။ | ဂေါ်ရခါးလူမှုကူညီရေးအသင်း(မြန်မာ) | ၃၀.၀၀ |
| ၁၄။ | ရန်ကုန်ယုဝတီခရစ်ယာန်အသင်း(Yangon YMCA) | ၂၂.၈၀ |
| ၁၅။ | မြန်မာနိုင်ငံ ခရစ်ယာန်ကျန်းမာရေး လုပ်သားများအသင်း (MCHWA) | ၃.၀၀ |
| ၁၆။ | (၂-၄-၂၀၂၀)ရက်နေ့မှ (၃-၄-၂၀၂၀)ရက်နေ့ထိ အများပြည်သူလှူဒါန်းငွေ | ၇၇၈.၈၀ |
| | စုစုပေါင်း | ၂၆၁၆.၄၀ |

| စဉ် | အလှူရှင်အမည် | USD |
|---|---|---|
| ၁။ | MAI Air Line | ၅၀၀၀၀.၀၀ |
| ၂။ | Air KBZ | ၅၀၀၀၀.၀၀ |
| | စုစုပေါင်း | ၁၀၀၀၀၀.၀၀ |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

**Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ**

# ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ယာကြီး-ကလေးဝလမ်းနှင့် မင်းကင်းမြို့နယ်အတွင်းရှိ ကျေးလက်လမ်း (၂) လမ်းအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ကျော်လင်းသည် မေ ၅ ရက်တွင် အိန္ဒိယနိုင်ငံ အကူအညီဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသော ယာကြီး - ကလေးဝ လမ်းစီမံကိန်းအား ကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် မိုင်(၇၉ / ၀ )ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး အိန္ဒိယနိုင်ငံ ကန်ထရိုက်တာ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာ၊ လုပ်သားများနှင့် ကျောက်တန်းကျေးရွာမှ ရွာသူရွာသားများနှင့် တွေ့ဆုံကာ လမ်းစီမံကိန်းကို လာရောက်လုပ်ကိုင်နေကြသော အိန္ဒိယနိုင်ငံသားများသည် ယခု ကိုဗစ်-၁၉ ရောဂါဖြစ်မှ ရောက်လာကြသူများ မဟုတ်ကြောင်း၊ ပြီးခဲ့သည့် တစ်နှစ်ခန့်၊ စီမံကိန်းစတင်ကတည်းက လာရောက်အလုပ်လုပ်နေသူများ ဖြစ်ကြောင်း၊ ထို့ကြောင့် စီမံကိန်းရုံးကို အခြားသို့ ပြောင်းရွှေ့ပေးရန် မဖြစ်နိုင်ကြောင်း၊ လွန်ခဲ့သော နှစ်ပတ်ခန့်က သေဆုံးခဲ့သော အိန္ဒိယနိုင်ငံသားမှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ခွဲစိတ်ခန်းစစ်ဆေးချက်နှင့် ဆေးစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါကြောင့် မဟုတ်ဘဲ နှလုံးရောဂါကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ကောလာဟလသတင်းများကို မယုံကြည်ကြရန် ဖြစ်ကြောင်း။

ယခုအချိန်တွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကောလာဟလသတင်းများ ပျံ့နှံ့နေ၍ ယခုစီမံကိန်းကြီးကို ရပ်လိုက်ပါက ဆောင်ရွက်ဆဲ Culvert များ၊ တံတားများ၏ ရှောင်ကွင်းလမ်းများသည် မြေသားလမ်းဖြစ်၍ မိုးရွာသည်နှင့် လုံးဝသွား၍ မရတော့ဘဲ ဒေသခံများနှင့် ခရီးသွားများ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ပြီး ဒုက္ခရောက်ကြရမည်ဖြစ်၍ ရေထုတ်ပြွန်များ၊ တံတားငယ် များအား အမြန်ဆုံး အပြီးတည်ဆောက်သွားရန် လိုကြောင်းနှင့် လမ်းစီမံကိန်းမှာလည်း ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းပြီး ရွာသူ ရွာသားများနှင့် စီမံကိန်းတာဝန်ရှိသူများ၏ အခက်အခဲတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

ယင်းနောက် ယာကြီး - ကလေးဝ လမ်း စီမံကိန်း တာဝန်ခံမှ လုပ်ငန်းလျာထားချက်နှင့် ပြီးစီးမှုအခြေအနေများ၊ အင်ဂျင်နီယာနည်းပညာဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အင်ဂျင်နီယာပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ဆုံးဖြတ်ပေးခဲ့ပြီး ယာကြီး- ကလေးဝ လမ်းလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော မင်းကင်း - မြို့မလမ်းနှင့် ဆက်သွယ်သော ချင်းတွင်းမြစ်ရိုး အနောက်ဘက် အထက်ပိုင်းရှိ ကမ်းပြည့် - ချောင်းဝ - ဆပ်စား - အူ -ယုံထောင် - အင်ကုန်းကြီး - ရွာဘ - တရာကျေးရွာချင်း ဆက်လမ်း မိုင် ၁၁ / ၆ တွင် စက်ယန္တရားများနှင့် မြေသားလမ်းဖောက်လုပ်နေမှုအား ကြည့်ရှုသည်။

အဆိုပါ လမ်းမှာ(၂၁) မိုင် (၁) ဖာလုံရှိရာ (၄) မိုင် (၃)ဖာလုံမှာ ကွန်ကရစ်လမ်းဖြစ်ပြီး ကျန်အပိုင်းများမှာ နွေရာသီဆိုင်ကယ်လမ်းဖြစ်ကာ ယခုအခါမြေသားလမ်းအဖြစ် ဖောက်လုပ်နေခြင်းဖြစ်ပြီး ၁၀ မိုင် ၅ဖာလုံအထိပြီးစီးပြီဖြစ်၍ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြောင်း။ အဆိုပါ လမ်းမြေသားလမ်း ဖောက်လုပ်ပြီးပါက ကျေးရွာ ၁၂ ရွာ အိမ်ခြေ ၁၅၂၃ အိမ်၊ လူဦးရေ ၇၂၉၄ ဦးကို အကျိုးပြုမည်ဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မင်းကင်းမြို့ ပြည်သူ့ဆေးရုံတွင် အလှူငွေများ ပေးအပ်ပြီး (ဝဲပုံ) ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ်ရေးအတွက် လိုအပ်သော PPE ဝတ်စုံ ၁၂၀ ၊ နှာခေါင်းစည်း အခု ၃၀၀၊ လက်အိတ် အစုံ ၃၀၀၊ သာမိုမီတာ ခြောက်ချောင်း၊ အရေးပေါ် အသက်ရှူစက် တစ်စုံ လှူဒါန်းခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ကုန်သည် စက်မှုအသင်းချုပ်က သတင်းထုတ်ပြန်ချက် တစ်ရပ်ထုတ်ပြန်

**ရန်ကုန် မေ ၆**

ကုန်သည် စက်မှုအသင်းချုပ်က အခြေခံလူတန်းစားများကို အစားအသောက်ထောက်ပံ့ပေးရန် ရန်ပုံငွေတစ်ရပ် ထူထောင်သွားမည်ဖြစ်ကြောင်း ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည် Coronavirus Disease(COVID-19) ရိုက်ခတ်မှုကို ခံစားနေရသည့် အခြေခံလူတန်းစားများ၏ စားရေး၊ သောက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးနိုင်ရန် ရန်ပုံငွေတစ်ရပ်ကို ကနဦး ကျပ်သိန်း ၁၅၀၀ ဖြင့် မတည်ထူထောင်မည်ဖြစ်ကြောင်း။

COVID-19အကျိုးဆက်ကြောင့် လုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှုများရှိနေပြီဖြစ်ရာ ယင်းရိုက်ခတ်မှုသည် အခြေခံအကျဆုံး အလွှာဖြစ်သည့် လက်လုပ်လက်စားများ အလုပ်အကိုင်နှင့်ဝင်ငွေရရှိနိုင်မှုကို သိသာစွာ ထိခိုက်နေကြောင်း၊ လတ်တလောကာလတွင် အခြေခံလူတန်းစားများကို အစားအသောက်များ ပံ့ပိုးကူညီပေးနိုင်ရန်အတွက် ကုန်သည်စက်မှုအသင်းချုပ်သည် ညီနောင်အသင်းများ၊ လုပ်ငန်းရှင်များ၊ စေတနာရှင်ပြည်သူများနှင့်အတူ နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လက်လုပ်လက်စားများနှင့် မိုခိုသူမိသားစုဝင်များအတွက် အခြေခံစားသောက်ကုန်များကို ဝယ်ယူထောက်ပံ့ပေးရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်သည်စက်မှုအသင်းချုပ် အသင်းသူ၊ အသင်းသားများ၊ ညီနောင်အသင်းများ အမှုဆောင်များနှင့် လုပ်ငန်းရှင်များအားလည်း ရန်ပုံငွေထည့်ဝင်လှူဒါန်းလိုပါက မိမိစေတနာအလျောက် လှူဒါန်းခြင်းဖြင့် ပူးပေါင်းပါဝင်ရန် တိုက်တွန်းနှိုးဆော်သွားမည် ဖြစ်ကြောင်း ပါရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်)ရုံးရှိ ရုံးခန်းများတွင် ပိုးသတ်ဆေးဖျန်း

**ရန်ကုန် မေ ၆**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားပျံ့နှံ့မှုကာကွယ်၊ ထိန်းချုပ်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၂၁၂)ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရန်ကုန်)ရုံးရှိ ရုံးခန်းများကို ယနေ့ နံနက်ပိုင်းတွင် ပုဇွန်တောင်မြို့နယ် ကလျာဏ လူငယ်များပရဟိတအသင်းဥက္ကဋ္ဌ ဦးစန်းထွန်းဦး ဦးဆောင်သည့် လူငယ်များက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးကြသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပျံ့နှံ့မှုကာကွယ်၊ ထိန်းချုပ်ရေးအတွက် သတင်းနှင့် စာနယ်ဇင်း (ရန်ကုန်)ရုံးသို့ ရုံးကိစ္စဖြင့် လာရောက်ကြသည့် ဧည့်သည်များနှင့် လမ်းသွားလမ်းလာ ခရီးသွားပြည်သူများ အသုံးပြုနိုင်ရန် ရုံးရှေ့၌လည်း လက်သန့်ဆေးရည်များနှင့် လက်ဆေးကန်များကိုလည်း ဆောင်ရွက်ပေးထားသည်။

ကလျာဏလူငယ်များ ပရဟိတအသင်းမှ မောင်ကောင်းမြတ်သူက "ကျွန်တော်တို့ လူငယ်များပရဟိတအသင်းက ပုဇွန်တောင်မြို့နယ် ရပ်ကွက်တွေမှာလည်း ပိုးသတ်ဆေးဖျန်းခြင်းနဲ့ သန့်ရှင်းရေးဆောင်ရွက်တာတွေကို ကူညီဆောင်ရွက်ပေးတဲ့အပြင် ခရီးသွားပြည်သူတွေ အများဆုံးသွားလာကြတဲ့ မဟာဗန္ဓုလပန်းခြံမှာလည်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားပျံ့နှံ့မှုကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာရွက်တွေ ဝေငှတာ၊ လက်သန့်ရှင်းရေးအတွက် လက်သန့်ဆေးရည် ဝေငှတာတွေကို ဆောင်ရွက်ပေးကြပါတယ်"ဟု ပြောသည်။

**ဇော်မင်းလတ်(MNA)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၄ / ၂၀၂၀**

**၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၆ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၄ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ ရှင်ဗွေယန်မြို့၊ အမှတ် (၃) ရပ်ကွက်နေ ကရင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၃-၂၀၂၀ ရက်နေ့တွင် ရှင်ဗွေယန်မြို့၊ အမှတ်(၃) ရပ်ကွက်နေ ကရင်(ခ)ခင်မောင်ဌေး(၆၅)နှစ်၊ (ဘ)ဦးစိန်မောင် ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရှင်ဗွေယန်) မယ(ပ)၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ လယ်ရင်းတဲကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၃-၂၀၂၀ ရက်နေ့တွင် ကောလင်းမြို့နယ်၊ လယ်ရင်းတဲကျေးရွာမြောက်ဘက် လယ်ကွင်းပြင်၌ ၎င်းကျေးရွာနေ စိုးဝင်း(၄၇)နှစ်၊ (ဘ)ဦးယဉ်မောင်အား ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကောလင်း)မယ(ပ)၅၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ မိုင်းလုံးကျေးရွာနေ စန်းစန်းမြင့်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၄-၂၀၂၀ ရက်နေ့တွင် ပြင်ဦးလွင်မြို့နယ်၊ မိုင်းလုံးကျေးရွာနေ စန်းစန်းမြင့်(ခ)ဖုမိန်း(၄၀)နှစ်၊ (ဘ)ဦးအိုက်ရီ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ပိတ်ချင်းမြောင်) မယ (ပ)၁၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | မွန်ပြည်နယ်၊ ကျိုက္ခမီမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်နေ ကျော်တေဇာထက်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၄-၂၀၂၀ ရက်နေ့တွင် ကျိုက္ခမီမြို့နယ်၊ ရန်မျိုးအောင်ရပ်ကွက်နေ ကျော်တေဇာထက်(ခ)ထက်ထက် (၃၆)နှစ်၊ (ဘ)ဦးထွန်းကြည်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဟေမာန်နှင်းနွယ်(၂၆)နှစ်၊ (ဘ)ဦးကျော်ဆန်းတို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျိုက္ခမီ) မယ(ပ)၁၃/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ (၅) ရပ်ကွက်နေ ကောင်းဇော်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၃-၂၀၂၀ ရက်နေ့တွင် ခရမ်းမြို့နယ်၊ (၁၂)ရပ်ကွက်အနီး ပဲခူး-သန်လျင်သွားကားလမ်းပေါ်၌ (၅)ရပ်ကွက်နေ ကောင်းဇော်(ခ) ကောင်းသီဟဇော်(၂၈)နှစ်၊ (ဘ)ဦးဇော်ခင် အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ခရမ်း) မယ(ပ)၁/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ နာတာလိကျေးရွာနေ အောင်နိုင်ဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၃-၂၀၂၀ ရက်နေ့တွင် တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်၊ ပါလျှံ(၁)ဘုရားကြီးဂိတ်၌ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိမှုမှ ကွင်းဆက်သတင်းအရ ၃၀-၃-၂၀၂၀ ရက်နေ့တွင် ၎င်းမြို့နယ်၊ ၄က်ပျောတောကျေးရွာ၌ နာတာလိကျေးရွာနေ အောင်နိုင်ဦး(၄၁)နှစ်၊ (ဘ)ဦးတင်ချစ်အား ဖမ်းဆီးရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ တစ်ဆင့်ဝယ်ယူသူ ချစ်ထူ(ရွာသစ်) ကျေးရွာနေ ကျဖ(၃၀)နှစ်၊ (ဘ)ဦးပေါလူ၏ နေအိမ်အား ၃၁-၃-၂၀၂၀ ရက်နေ့တွင် ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိသော်လည်း ၎င်းမှ အောင်နိုင်ဦးထံ ရောင်းချပေးသော စိတ်ကြွဆေးပြားများမှာ တစ်ရွာတည်းနေ မောန(၂၇)နှစ်၊ (ဘ)ဦးဆာဘို့ ထံမှ ဝယ်ယူပေးခဲ့ကြောင်း သိရှိရသဖြင့် မောန၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၃)ဦးအား မမစ(တာချီလိတ်)မယ(ပ) ၅၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၂)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၁)ဦး၊ မ(၁)ဦး၊ ပေါင်း(၂၂)ဦးအား ဘိန်းဖြူများ၊ ဘိန်းများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၁-၄-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်နေ စိုင်းမျိုးသီဟန်(၃၉)နှစ်၊ (ဘ)ဦးစိုင်းတင်မောင်ကြည်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ဇင်မင်းဝေ(ခ) သားငယ်(၃၁)နှစ်၊ (ဘ)ဦးမြင့်ဝေ၊ ကျော်ကြား(၂၁)နှစ်၊ (ဘ)ဦးစိုးနိုင်၊ အာကာရှိန်း(၂၃)နှစ်၊ (ဘ)ဦးစိန်မောင်၊ ရေအေးကွင်း ရပ်ကွက်နေ သက်ပိုင်စိုးမိုးအောင်(ခ)သက်ပိုင်စိုး(၁၉)နှစ်၊ (ဘ)ဦးကျော်ရွှေ၊ မင်္ဂလာဦးရပ်ကွက်နေ စိုင်းရီ(ခ)အားဆူ (၂၀)နှစ်၊ (ဘ)ဦးလောတွမ်နှင့် အေးသာယာမြို့၊ နယ်မြေ (၁၀)နေ ဖြိုးကျော်(၃၁)နှစ်၊ (ဘ) ဦးကြည်လှတို့(၇)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး) မယ(ပ) ၂၁/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ လွယ်ကိုးကျေးရွာနေ စိုးမောင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၄-၂၀၂၀ ရက်နေ့တွင် ရပ်စောက်မြို့နယ်၊ နောင်ဖန်ကျေးရွာနေ ထွန်းနိုင်(၃၄)နှစ်၊(ဘ)ဦးမောင်၏ တောင်ယာတဲအား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး လွယ်ကိုးကျေးရွာနေ စိုးမောင် (၅၀)နှစ်၊(ဘ)ဦးထူးထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား မမစ (ရပ်စောက်) မယ(ပ)၁၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပြီး စိုးမောင်၏ တောင်ယာတဲအား ဆက်လက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် မမစ(ရပ်စောက်) မယ(ပ)၁၇/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၄-၄-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၀၅၁)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၃၅၄)ဦး၊ မ(၂၆၄)ဦး၊ ပေါင်း(၁၆၁၈)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၈၅၇၁.၇၀၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂)ဂရမ်၊ ဘိန်း(၄၁၄၁၄.၃၃၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၅.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၅၂.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၅၃၀၇၂၇)ပြား၊ ဆေးခြောက်(၁၀၃၁၁.၆၇)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၉၆.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ (၂၅)လက်၊ ကျည်မျိုးစုံ (၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |

## မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလအတွင်း မြိတ်မြို့သို့ ဆိုက်ရောက်ထွက်ခွာလျက်ရှိသည့် ခရီးသည်တင်ယာဉ်များ ရပ်နားမည်

**မြိတ် ဧပြီ ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ ဆိုက်ရောက်ထွက်ခွာလျက်ရှိကြသော ခရီးသည်တင်ယာဉ်လိုင်းများအားလုံးကို မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလအတွင်း ခရီးသည်တင်ပြေးဆွဲခြင်းအား လုံးဝရပ်နားထားရန် မြိတ်မြို့နယ် ပုဂ္ဂလိက ယာဉ်များပြေးဆွဲရေးလုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ ဧပြီ ၆ ရက်က အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

" နှစ်စဉ် မြိတ်မှာ မဟာသင်္ကြန်ဆိုရင် ကားလိုင်းတွေပိတ်ပါတယ်။ မြန်မာတစ်ပြည်လုံး သင်္ကြန်ကျရင် ကားလိုင်းတွေပိတ်ပြီး ရန်ကုန်မှာတော့ ဧပြီ ၆ ရက် စပိတ်မယ်လို့သိရတယ်။ မြိတ်မှာကျတော့ ဧပြီ ၁၀ ရက်ကစပြီး မဟာသင်္ကြန်ပွဲတော်ကာလ ကားလိုင်းတွေပိတ်ခြင်းဖြစ်ပါတယ်။ ကုန်ကားမပါပါဘူး။ ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေးလုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီက ကြီးကြပ်လျက်ရှိတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီး အသီးသီးကို ပြေးဆွဲနေတဲ့ ယာဉ်လိုင်းတွေရဲ့ ခရီးသည်တင် ကားလိုင်းပဲပိတ်တာဖြစ်ပါတယ်" ဟု မြိတ်မြို့နယ် ပုဂ္ဂလိက ယာဉ်များပြေးဆွဲရေးလုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သင်းမောင် က ပြောသည်။

မြိတ်မြို့တွင် လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မြိတ်မြို့သို့ ဆိုက်ရောက်လျက်ရှိသည့် ယာဉ်လိုင်းများ၌ နိုင်ငံခြားသားများ စီးနင်းခွင့်မပြုကြောင်း၊ မြန်မာနိုင်ငံသား နေရပ်ပြန်များ ဝင်ရောက်လာချိန်တွင် ကျန်းမာရေးဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်နှင့်အညီ စစ်ဆေးခံရန် အဓိကဆောင်ရွက်လျက်ရှိကြောင်း၊ ယာဉ်လိုင်းများ ကျန်းမာရေးစစ်ဆေးခံပြီး ကျန်းမာရေးဦးစီးဌာနက ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်စေလျက်ရှိကြောင်း မြို့နယ်ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေးလုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ သိရသည်။

မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလ ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ မြိတ်မြို့သို့ ဆိုက်ရောက်ထွက်ခွာလျက်ရှိသော ခရီးသည်တင်ယာဉ်လိုင်းများအားလုံးကို လုံးဝရပ်နားထားရန် မြို့နယ်ပုဂ္ဂလိကယာဉ်များ ပြေးဆွဲရေးလုပ်ငန်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီက ယနေ့ကျင်းပသည့် အမှုဆောင်အစည်းအဝေး၌ ဆုံးဖြတ်ခဲ့ပြီး ယာဉ်လိုင်းများ လိုက်နာကြရန် အသိပေးအကြောင်းကြားထားကြောင်း၊ ယာဉ်ရပ်နားထားရန် သတ်မှတ်သောနေ့များအတွင်း ပြေးဆွဲခဲ့သောအသင်းများအနေဖြင့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ယာဉ်လိုင်းနှင့် မော်တော်ယာဉ်၏ တာဝန်သာဖြစ်သည်ဟု သတိပေးအကြောင်းကြားထားကြောင်း သိရပြီး မြိတ်မြို့သို့ ဆိုက်ရောက်ထွက်ခွာလျက်ရှိသည့် ယာဉ်လိုင်း စုစုပေါင်း ၅၅ လိုင်းရှိကြောင်း သိရသည်။

**ခိုင်ထူး (မြိတ် ပြန်/ဆက်)**

# ကမ်းရိုးတန်းသွားရေယာဉ်များနှင့် မြစ်ဝကျွန်းပေါ်ရေယာဉ်များ ပြေးဆွဲမှုကို မဟာသင်္ကြန်ရုံးပိတ်ရက်များတွင် ယာယီရပ်နားမည်

ရန်ကုန် မေ ၆

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအောက်ရှိ ကမ်းရိုးတန်းသွားရေယာဉ်များနှင့် မြစ်ဝကျွန်းပေါ်ရေယာဉ်များ ပြေးဆွဲမှုကို မဟာသင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်များဖြစ်သည့် မေ ၁၀ ရက်မှ ၂၀ ရက်အထိ ယာယီရပ်နားသွားမည်ဖြစ်ပြီး မဟာသင်္ကြန်ပြီးပါက သတ်မှတ်ရက်အလိုက် ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။**

"ရန်ကုန်တိုင်းဒေသကြီး အတွင်းက ဒလ၊ ခနောင်တိုသို့ ပြေးဆွဲနေတဲ့ ရေယာဉ်တွေကို ခေါက်ရေလျှော့ဆွဲမယ့်အပြင် ဧရာဝတီတိုင်းဒေသကြီးက ကျုံမငေး၊ ရန်ကုန်-ကြာကန် သင်္ဘောလိုင်းတွေကို မေ ၁၀ ရက်ကစပြီး ယာယီရပ်နားပြီး သင်္ကြန်ပြီးမှ ပြေးဆွဲဖို့ စာထုတ်ထားပါတယ်"ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး၊ မြစ်ဝကျွန်းပေါ်ဌာနခွဲမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးသိန်းမြင့်က ပြောသည်။

"ကျွန်တော်တို့ မေ ၁၀ ရက်က ၂၀ ရက်အထိ ပိတ်ပါတယ်။ မေ ၉ ရက် ညနေ နောက်ဆုံးသင်္ဘောတွေ ထွက်ပါမယ်။ အရင်က မေ ၁၀ ရက် ၁၂ ရက် ထွက်တယ်။ သင်္ကြန်အကြိုနေ့ဆို လူများ တယ်။ သင်္ကြန်အတွင်းက အကျနေ့ဆို လူမရှိတော့ သင်္ဘောလည်း မထွက်တော့ဘူး"ဟု ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြတ်သူက ပြောသည်။

မြစ်ဝကျွန်းပေါ် သင်္ဘောလိုင်းများမှာ ရန်ကုန်မြို့နှင့် ပုသိမ်၊ ဖျာပုံ၊ ကျိုက်လတ်၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ကျုံမငေးမြို့များသို့ ပြေးဆွဲသည့် သင်္ဘောလိုင်းများ ဖြစ်ကြသည်။



အလားတူ ကမ်းရိုးတန်းကုန်တင်ရေယာဉ်လိုင်းများဖြစ်သည့် ရန်ကုန်မြို့နှင့် ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ ကျောက်ဖြူ၊ စစ်တွေမြို့များသို့ ပြေးဆွဲနေသည့် သင်္ဘောလိုင်းများကိုလည်း မဟာသင်္ကြန် ရုံးပိတ်ရက်များတွင် ယာယီရပ်နားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကမ်းရိုးတန်းကုန်တင်ရေယာဉ်များအသင်း (ဝါးတန်းဆိပ်)မှ တံတားတာဝန်ခံ ဦးကျော်စိုးဦးထံက သိရသည်။

**သန့်ဇင်ဝင်း**

# အမြန်လမ်း သုညမိုင် တိုးဂိတ်တွင် ခရီးသွားများအား ကိုယ်အပူချိန်တိုင်းစက်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

ရန်ကုန် မေ ၆

**ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးရှိ သုညမိုင် တိုးဂိတ်တွင် ရန်ကုန်မြို့အဝင်ခရီးသွားများအား ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွင် ကိုယ်အပူချိန်တိုင်းစက်ဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

"အရင်က တစ်ဦးချင်း လက်ကိုင်စက်နဲ့ တိုင်းရတော့ ဝန်ထမ်းတွေလည်း မနားရဘူး။ ပြီးတော့ စက်ချွတ်ယွင်းရင်လည်း တိုင်းတာမှုက အဆင်မပြေဘူး။ အခု သုညမိုင်မှာ ဒီစက်သစ် တပ်ဆင်ထားတာ မကြာသေးဘူး။ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်ပေးတာဆိုတော့ အားလုံးအဆင်ပြေပါပြီ။ ကိုယ်ပိုင်ယာဉ်တွေကို စစ်ဆေးဖို့ ညွှန်ကြားရင်လည်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ခရီးသွားယာဉ်တိုင်းကို ကားပေါ်တက်ပြီး တိုင်းတာရတာထက် စက်ရှေ့က ဖြတ်သွားတာနဲ့ လူတစ်ယောက်ရဲ့ အပူချိန်ကို စက်က အသိပေးတာကြောင့် ဒီစက်က အဆင်ပြေပါတယ်" ဟု လှည်းကူးမြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာရန်နိုင်ဆွေက ပြောသည်။

"ကျွန်မတို့ အလှည့်ကျစနစ်နဲ့ ၂၄ နာရီ တာဝန်ထမ်းဆောင်နေပါတယ်။ မတ် ၂၉ ရက် ညပိုင်းကစပြီး အမြန်ယာဉ်နဲ့ လိုက်ပါတဲ့ ခရီးသွားတွေကို ကိုယ်အပူချိန်တိုင်းစက်နဲ့ ရောဂါကာကွယ်ရေး စတင်ဆောင်ရွက်ခဲ့ပါတယ်။ လက်ကိုင်စက်နဲ့ တိုင်းတာတဲ့အခါမှာ နှစ်ဦးစလုံးအတွက် အန္တရာယ်ရှိတာကြောင့် အခုလို စက်ရှေ့က ဖြတ်သန်းပြီး တိုင်းတာရတာဟာ အားလုံးအတွက် အဆင်ပြေ အန္တရာယ်ကင်းစေပါတယ်။ အပူချိန်ရှိရင် အသံမြည်တာကြောင့် ကျန်းမာရေး စောင့်ရှောက်မှုကို ချက်ချင်းဆောင်ရွက်ပါတယ်။ ယနေ့အထိ ကိုယ်အပူချိန်ရှိတဲ့ လူနာမတွေ့သေးပါဘူး"ဟု တိုးဂိတ်တွင် တာဝန်ထမ်းဆောင်နေသော ဒါးပိန်တိုက်နယ်မှ ကျန်းမာရေး ဆရာမ ဒေါ်ခင်ဖြူဖြူဆွေက ပြောသည်။

ယင်းကဲ့သို့ ဆောင်ရွက်လျက်ရှိရာ အဆိုပါစက်တွင် AI Solution ပါဝင်သောကြောင့် အပူချိန်တိုင်းတာနိုင်ခြင်း၊ ကျား/မ ခွဲခြားပေးခြင်း၊ အသက်အရွယ် ခွဲခြားပေးခြင်းနှင့် လူနှင့်ယာဉ်ကို စက်မှမှတ်တမ်းတင်ထားနိုင်ခြင်းအပြင် အပူချိန်ရှိပါက အသံမြည်အချက်ပေးခြင်းကြောင့် ရောဂါကာကွယ်ထိန်းချုပ်ရေးစစ်ဆေးမှု၌ ထိရောက်သောစစ်ဆေးမှုအဖြစ် ကျန်းမာရေးဝန်ထမ်းများအတွက် အဆင်ပြေစေလျက်ရှိကြောင်းနှင့် အပူချိန် ၃၇ ဒီဂရီစင်တီဂရိတ်ကျော်ပါက အချက်ပေးသံမြည်ကြောင်း သိရသည်။

**သန်းထိုက်**

❖ *ကျော့ဖုံးမှ*

၄။ လူကြီးမင်းတို့အနေဖြင့် (၁၄)ရက်တာကာလ ပြီးဆုံးသွားပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဤအစီအစဉ်နှင့်အညီ လိုက်နာဆောင်ရွက်ပြီးဖြစ်ကြောင်း ထောက်ခံချက်ထုတ်ပေးမည်ဖြစ်ပြီး မိမိနေအိမ်သို့ ပြန်လည်ရောက်ရှိသည့်အခါတွင်လည်း အခြားသူများနည်းတူ ရောဂါပိုးကူးစက်ခံရနိုင်ခြေရှိနေသေးသည့်အတွက် COVID-19 ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်နည်းလမ်းများကို ဆက်လက်လိုက်နာကျင့်သုံးရန် လိုအပ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မိတ္ထီလာမြို့ ကြက်ခြေနီသူနာပြုတပ်ဖွဲ့တွင် ကိုဗစ်-၁၉ ကာကွယ်ရေးဝတ်စုံ၊ တစ်ခါသုံးလက်အိတ်များနှင့် နှာခေါင်းစည်းများ လိုအပ်

**မိတ္ထီလာ မေ ၆**

မိတ္ထီလာမြို့ ကြက်ခြေနီသူနာပြုတပ်ဖွဲ့တွင် ကြီးကြပ်မှုကော်မတီနှင့် တိုင်ပင်၍ အဖွဲ့၏ ရန်ပုံငွေဖြင့် ဝယ်ယူထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဝတ်စုံ ခြောက်စုံသာရှိပြီး တစ်ခါသုံးလက်အိတ်များ၊ နှာခေါင်းစည်းများနှင့် အခြား အထောက်အကူပြုပစ္စည်းများ လိုအပ်လျက်ရှိကြောင်း သိရသည်။

မိတ္ထီလာ ကြက်ခြေနီသူနာပြုတပ်ဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွင် အမှန်တကယ်အသုံးပြုရန် လိုအပ်လာလျှင် အသုံးပြုနိုင်ရန် ကြီးကြပ်မှုကော်မတီနှင့်တိုင်ပင်၍ အဖွဲ့ရန်ပုံငွေထဲမှ ဝယ်ယူထားသည့် PPE ဝတ်စုံခြောက်စုံသာရှိကြောင်း၊ ကျန်သည့်တစ်ခါသုံး လက်အိတ်များ၊ နှာခေါင်းစည်းများ၊ တခြားအခြေခံအထောက်အကူပစ္စည်းများ လိုအပ်လျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် မိတ္ထီလာ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များအနေဖြင့် မြို့နယ်အတွင်း၌ ပိုးသတ်ဆေးဖျန်းရန် လိုအပ်၍ ဆက်သွယ်လာသည့် ရပ်ကွက်များကို လိုက်လံဆေးဖျန်းပေးလျက်ရှိကြောင်း သိရသည်။

"လာမယ့် မေ ၈ ရက်မှာလည်း မိတ္ထီလာဈေးကြီးအတွင်း လာရောက်ဈေးရောင်း ဈေးဝယ်ကြတဲ့သူတွေကို ကျန်းမာရေးအသိပညာပေးတာ၊ ကိုယ်အပူချိန်တိုင်းတာ၊ လက်ဆေးနေရာတွေထားပေးပြီး လက်ဆေးကြဖို့ တိုက်တွန်းဆောင်ရွက်တာကိုလည်း ဈေးတာဝန်ရှိသူတွေ၊ အလှူရှင်တွေ၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားဖို့ ရှိပါတယ်"ဟု မိတ္ထီလာကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးနေဦးက ပြောသည်။

မိတ္ထီလာမြို့ရှိ ဒေသခံစေတနာရှင် အလှူရှင်များက ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်လျက်ရှိသည့် လှူဒါန်းငွေများ၊ အထောက်အကူပြုပစ္စည်းများကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ဆက်သွယ်လှူဒါန်းခြင်း၊ စေတနာရှင် အလှူရှင်တချို့က သတ်မှတ်စောင့်ကြည့်နေရာများတွင် နေထိုင်သူများနှင့် ရပ်ကွက်များအတွင်းမှ ဝင်ငွေနည်းမိသားစုများအား ဆန်၊ ဆီ၊ ကြက်ဥနှင့် အခြေခံစားသောက်ကုန်များ တစ်ပိုင်တစ်နိုင် လိုက်လံလှူဒါန်းထောက်ပံ့ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မကွေးတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၉၀ ကျော်၌ လက်ဆေးစင်များ ကျေးရွာအရောက် ဆောင်ရွက်ပေးလျက်ရှိ

**မကွေး မေ ၆**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်းကာ ကျေးလက်နေပြည်သူများ ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ အလေ့အထများ ကျင့်သုံးလာစေရန်နှင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၉၀ ကျော်၌ အများသုံးလက်ဆေးစင်များကို ကျေးရွာအရောက် တပ်ဆင်ဆောင်ရွက်ပေးလျက် ရှိကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ယင်းကဲ့သို့ ဆောင်ရွက်ပေးလျက်ရှိရာ မကွေးတိုင်းဒေသကြီးအတွင်း၌ မကွေး၊ တောင်တွင်းကြီး၊ မြို့သစ်၊ မင်းဘူး၊ သရက်၊ မင်းလှ၊ အောင်လံ၊ မြိုင်၊ ပေါက် စသည့်မြို့နယ် ကိုးမြို့နယ်ရှိ ကျေးရွာပေါင်း ၉၀ ကျော်တွင် ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရန် ဆောင်ရန်ရှောင်ရန် အချက်များ ပါရှိသော ပညာပေး ဗီနိုင်းပိုစတာ၊ စတီးလက်ဆေးစင်၊ ဆပ်ပြာနှင့် ရေပုံး၊ ရေခွက်များကို ကျေးရွာအရောက် တပ်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးအောင်ထံက သိရသည်။



အဆိုပါ အများသုံးလက်ဆေးစင်များကို လူစည်ကားသည့်နေရာများဖြစ်သော ဈေးများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ ရောဂါထိန်းချုပ်ရေးစခန်းများ၊ ထင်ရှားသည့် ဘာသာရေးဆိုင်ရာနေရာများ၊ ခရီးသွားလာရေးဂိတ်များတွင် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အခြားဌာနဆိုင်ရာ၊ သက်ဆိုင်ရာကော်မတီများနှင့် ညှိနှိုင်း၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများကိုယ်တိုင် တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းဖြစ်ပေါ် နိုင်

နေပြည်တော် မေ ၆

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် မေ ၉ ရက်မှ ၁၁ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# သံတွဲမြို့နယ်အတွင်း လိုအပ်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများလှူဒါန်း

**သံတွဲ ဧပြီ ၆**

သံတွဲမြို့နယ်လုံးဆိုင်ရာ လျှောင်တောင်ပဝိရဏာဂိုဏ်းဆရာတော်ကြီးများနှင့် အလှူရှင်များက သံတွဲမြို့နယ်အတွင်း လိုအပ်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများလှူဒါန်းပွဲကို ဧပြီ ၅ ရက်က ပေလီပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် လျှောင်တောင်ပဝိရဏာဂိုဏ်းဆရာတော်ကြီးများ ကိုယ်စား သုခဝတီစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမာက ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်နိုင်နှင့် ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ထွန်းထွန်းဝင်းတို့က သံတွဲခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ကုသရေးဆိုင်ရာများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် သံတွဲမြို့နယ်လုံးဆိုင်ရာ လျှောင်တောင်ပဝိရဏာဂိုဏ်းဆရာတော်ကြီးများနှင့်အလှူရှင်များက ပေလီ ၂၅ ခုတင်ဆံ့ဆေးရုံ၊ ကွင်းဝိုင်းတိုက်နယ်ဆေးရုံ၊ နယ်မြေခံတပ်နှင့် သံတွဲမြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် သံတွဲမြို့နယ်လုံးဆိုင်ရာ လျှောင်တောင်ပဝိရဏာဂိုဏ်းဆရာတော်ကြီးများနှင့် အလှူရှင်များသည် သံတွဲမြို့ စာနီတောင်စစ်ဆေးရေးဂိတ်တွင် တာဝန်ထမ်းဆောင်နေသည့် ကြက်ခြေနီတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် စည်ပင်ဝန်ထမ်းများအား PPE ဝတ်စုံနှင့် နှာခေါင်းစည်း၊ လက်အိတ်များ ပေးအပ်လှူဒါန်းခဲ့ပြီး တောင်ကုတ်မြို့နယ် ရွာမရွာနှင့် ကင်းတောင်ကျေးရွာများသို့ သွားရောက်ရာ PPE ဝတ်စုံနှင့် နှာခေါင်းစည်းများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အသုံးပြုရန်အတွက် ရောဝတီဖောင်ဒေးရှင်းက ဆန်အိတ် ၁၅၀၀၀ လှူဒါန်း

**ရောဝတီ ဧပြီ ၆**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အသုံးပြုရန်အတွက် ရောဝတီဖောင်ဒေးရှင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဆန်အိတ်စုစုပေါင်း ၁၅၀၀၀ လှူဒါန်းနေပြီး ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုသို့ ဆန်အိတ်စုစုပေါင်း ၈၀၀၀ စတင် သွားရောက်လှူဒါန်းခဲ့သည်။

ရောဝတီ ဖောင်ဒေးရှင်းသည် ရန်ကုန်တိုင်းဒေသကြီးသို့ ဆန်အိတ် ၂၅၀၀၊ မန္တလေးတိုင်းဒေသကြီးသို့ ဆန်အိတ် ၂၅၀၀၊ ပဲခူးတိုင်းဒေသကြီးသို့ ဆန်အိတ် ၁၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ ဆန်အိတ် ၁၀၀၀၊ ကယားပြည်နယ်သို့ ဆန်အိတ် ၁၀၀၀ တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များထံ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ရောဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများသည် ဧပြီ ၆ ရက်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ကာ လှူဒါန်းခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ရောဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဘုတ်အဖွဲ့ဝင်များ၏ တိုင်ပင်ဆွေးနွေးမှုအရ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ကိုဗစ် -၁၉ ကြောင့် လိုအပ်သည့် နေရာဒေသများတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ ဆန်အိတ်ရေ ၁၅၀၀၀ ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက တစ်ဆင့် လှူဒါန်းသွားရန်ဆုံးဖြတ်ခဲ့ပြီး ဧပြီ ၆ ရက်တွင် စတင်လှူဒါန်းခြင်းဖြစ်သည်။ ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဆန်အိတ်ရေ ၇၀၀၀ ကိုလည်း ယခုရက်ပိုင်းအတွင်း ဆက်လက် လှူဒါန်းသွားမည်ဖြစ်သည်။ ရောဝတီဖောင်ဒေးရှင်းအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် ပါဝင်ကူညီလျက်ရှိပြီး ကျန်းမာရေး ဝန်ထမ်းများအတွက် ကျန်းမာရေးအာမခံရန်ပုံငွေ မတည်ပေးခြင်းနှင့် နေထိုင်စားသောက်သွားလာရေး ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ လိုအပ်လျက်ရှိသော ဆေးရုံသုံး ကာကွယ်ရေးပစ္စည်းများ လှူဒါန်းခြင်းနှင့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအတွက် အသွားအလာကန့်သတ်သည့်စခန်းများနှင့် အကျွေးအမွေး ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ရောဝတီဖောင်ဒေးရှင်းအနေဖြင့် ကိုဗစ်-၁၉ အတွက် ငွေကျပ်သိန်း ၈၃၀၀ ကျော် သုံးစွဲခဲ့ပြီးဖြစ်ကာ ငွေကျပ်သိန်း ၄၀၀၀နှင့် ညီမျှသော ဆန်အိတ်ရေ ၁၅၀၀၀ ကို ထပ်မံကူညီထောက်ပံ့ပေးခြင်းဖြစ်သည်။

ရောဝတီဖောင်ဒေးရှင်း၊ AYA Bank နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ကလည်း ကိုဗစ်-၁၉ စောင့်ကြည့်ခံရသူများ ထားရှိရန် အမျိုးသားဘောလုံး အကယ်ဒမီ (ရန်ကုန်)၊ သုဝဏ္ဏဘောလုံးကွင်းမှ လက်ရွေးစင်ကစားသမားများ နားနေဆောင်နှင့် တာမွေမြို့နယ်ရှိ AYA Bank သင်တန်းကျောင်းတို့တွင် စုစုပေါင်း အင်အား ၂၅၀ ကျော် နေထိုင်ခွင့်ပြုထားပြီး နေ့စဉ်အစားအသောက်များအပြင် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများလည်း ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့ပြင် နေ့စဉ် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ဆရာဝန်များ၊ ဓာတ်ခွဲခန်းဝန်ထမ်းများ၊ သူနာပြုများစသည့် ဝန်ထမ်းများ၏ နေထိုင်စားသောက်ရေးနှင့် သယ်ယူပို့ဆောင်ရေးတို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးထားသည်။

ဖိုးသော်ဇင်




ရန်ကုန်တိုင်းဒေသကြီးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ရောဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ဆန်အိတ်များ လှူဒါန်းစဉ်။ ဓာတ်ပုံ - ရောဝတီဖောင်ဒေးရှင်း

# ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ မြဝတီမြို့ရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းများအတွက် ငွေကျပ်သိန်း ၁၀၀ ပေးပို့လှူဒါန်း

**မြဝတီ ဧပြီ ၆**

ထိုင်းနိုင်ငံမှ ပြန်လာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကရင်ပြည်နယ် မြဝတီမြို့တွင် စီစဉ်ထားသော ကန့်သတ်စောင့်ကြည့်ရေး စခန်းများတွင် ကန့်သတ်စောင့်ကြည့်လျက်ရှိရာ အဆိုပါစခန်းများရှိ နေရပ်ပြန်များ စားသောက်နေထိုင်နိုင်ရေးနှင့် လိုအပ်သည်များ အသုံးပြုနိုင်ရန်အတွက် ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒက ငွေကျပ်သိန်း ၁၀၀ ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆရာတော်၏ တပည့်သာဝကများက ဆရာတော်ကိုယ်စား ပေးအပ်လှူဒါန်းရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ယနေ့ နံနက် ၁၁ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ လက်ခံရယူသည်။


"ကျွန်တော်တို့ နယ်စပ်မြို့မှာ ဘာအခက်အခဲတွေ ရှိသလဲဆိုပြီး ဖုန်းဆက်မေးလာတယ်။ ။ပြီးတော့ ဒီစခန်းတွေမှာ လိုအပ်တာတွေ အသုံးပြုနိုင်အောင်ဆိုပြီး ငွေကျပ်သိန်း ၁၀၀ ကို ပေးပို့လှူဒါန်းတဲ့အတွက် ဆရာတော်ကြီးလည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေ၊ အသက်ရာကျော် ရှည်ပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်" ဟု ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က ပြောသည်။

မြဝတီမြို့အနေဖြင့် ထိုင်းနိုင်ငံမှ ပြန်လာသူများအား (ကိုဗစ်-၁၉) ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကန့်သတ်စောင့်ကြည့်စခန်း ငါးခု ဖွင့်လှစ်ထားလျက်ရှိကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်ဆက်)**

# နိုင်ငံတော်ဩဝါဒါစရိယ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကော့ဘိန်းကျေးရွာ၊ ဝါးတောကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း၏ ဂဏာဓိပတိ ဘဒ္ဒန္တကောလိတ (မဟာကမ္မဋ္ဌာနာစရိယ) ပျံလွန်တော်မူ

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာ ဝါးတောကျောင်းတိုက်၊ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း၏ ဂဏာဓိပတိ၊ မဟာကမ္မဋ္ဌာနာစရိယ၊ ဆရာတော်ဘဒ္ဒန္တကောလိတမဟာထေရ်မြတ်ကြီးသည် သက်တော်(၉၅)နှစ်၊ သိက္ခာတော် (၇၅)ဝါအရ ၁၃၈၁-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၄)ရက်၊ (၆-၄-၂၀၂၀)၊ တနင်္လာနေ့၊ နံနက် ၉ နာရီ ၄၃ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**နိုင်ငံတော်ဩဝါဒါစရိယ<br>ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကော့ဘိန်းကျေးရွာ၊<br>ဝါးတောကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်<br>ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း၏ဂဏာဓိပတိ<br>ဘဒ္ဒန္တကောလိတ (မဟာကမ္မဋ္ဌာနာစရိယ) ၏<br>ထေရုပ္ပတ္တိအကျဉ်း**



**ဖွားမြင်တော်မူခြင်း** - ဆရာတော် လောင်းလျာသည် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ မင်းရွာကျေးရွာ၊ ခမည်းတော် နိုင်ကွန်ဘ၊ မယ်တော် မိန္ဒီဆီတို့က ၁၂၈၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃ ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်း ပြုတော်မူခြင်း** - ဆရာတော်လောင်းလျာသည် ၁၂၉၅ ခုနှစ်တွင် ကော့ကရိတ်မြို့နယ်၊ မင်းရွာကျေးရွာ၊ မင်းရွာကျောင်းဆရာတော်ထံ၌ ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပြီး ၁၃၀၇ ခုနှစ်တွင် ကော့ပေါက်ကျေးရွာ၊ ကလျာဏီဗဒ္ဓသိမ်၌ ကျုံမိုန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမေဓကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း** - ဆရာတော်သည် ကော့ကရိတ်မြို့နယ်၊ ကညင်ကတိုက်ရွာ ကျုံမိုန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမေဓ၊ မွန်ပြည်နယ်၊ ပေါင်မြို့၊ ကဒါရပ်၊ တာဝတိံသာကျောင်းဆရာတော်နှင့် ကရင်ပြည်နယ်၊ ဇာသပြင်ရွာ၊ ကျောင်းသစ်ကျောင်းဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများ သင်ယူခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း** - ဆရာတော်သည် ၁၃၂၀ ခုနှစ်မှစ၍ မဟာသတိပဋ္ဌာနသုတ္တန်ကို အခြေခံ၍ ဝိပဿနာတရားစခန်း ဖွင့်လှစ်လျက် တစ်နေ့လျှင် ယောဂီ ၂၀၀ ကျော်တို့အား နေ့စဉ်အလုပ်ပေးတရားဟောကြားခြင်း၊ တရားပြသခြင်းတို့ကိုလည်းကောင်း၊ (၁-၄-၂၀၁၀) ရက်နေ့မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း** - ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော အများပြည်သူ ရဟန်းရှင်တို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ၊ ပညာသုံးပါးတို့ဖြင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ၁၃၆၀ ပြည့်နှစ် နိုင်ငံတော်အစိုးရက မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

**ဘဝနတ်ထံ ပျံလွန်တော်မူခြင်း** - ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၅)နှစ်၊ သိက္ခာတော် (၇၅)ဝါအရ ၁၃၈၁ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၄) ရက်၊ (၆-၄-၂၀၂၀)၊ တနင်္လာနေ့၊ နံနက် ၉ နာရီ ၄၃ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## မြန်မာ့ရုပ်မြင်သံကြား

၇-၅-၂၀၂၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၇:၀၀ - Breakfast News
- ၉:၁၅ - "နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင် ဆရာတော်၊ သာသနဓဇ သိရိပဝရဓမ္မာစရိယ (MA) မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုသလ္လာစရိယ၊ ပရိယတ္တိဓမ္မိကာရုံကျောင်း၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း"
- ၁၂:၃၀ - " Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ပဲခူးတိုင်းဒေသကြီးမှ ပါဝင်ဆောင်ရွက်နေသူများနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် Facebook Account မှတစ်ဆင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးခြင်းအစီအစဉ်"
- ၁၃:၂၀ - တိပိဋကရေ၊ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသုန္ဒရ၏ "ဘဝကိုခြယ်ကံနှစ်သွယ်" တရားတော်
- ၁၄:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ

**ညပိုင်း**

- ၁၇:၃၀ - ခါသကြိန်အဆို အကများ
- ၁၇:၄၅ - " RC Plane & Hobby "
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- - တက္ကသိုလ်ရာပြည့် ဂုဏ်ပြုရုပ်ရှင် (ဆေးရောင်စုံရုပ်ရှင်) "နှင်းဆီနီပါးပြင်"

## ရွှေပြည်သာမြို့နယ်အတွင်း ဆိုင်ကယ်များ ခိုးမှုကျူးလွန်သူနှစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် မေ ၆**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် မတ် ၂၃ ရက်က ရွှေပြည်သာမြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက်သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ ညီညီဇော်(ခ)ချက်ဖောင်းနှင့် သန်းဇော်အောင်(ခ) အောင်ဗလတို့နှစ်ဦးအား (တ/၁၅) ရပ်ကွက် ဗိုလ်တိုက်ချွန်းလမ်းမပေါ်၌ ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိစစ်ဆေးရာ ၎င်းတို့နှစ်ဦးသည် ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ ရွှေပြည်သာမြို့နယ် ကျောင်းကုန်း (န/၂၆)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်နှင့် ဝါးတစ်ရာ စက်မှုဇုန်များအတွင်း ရပ်ထားသော ဆိုင်ကယ်ခုနစ်စီးကို ခိုးယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ဆိုင်ကယ်ခိုးမှုကျူးလွန်သူ ညီညီဇော်(ခ) ချက်ဖောင်းနှင့် သန်းဇော်အောင်(ခ) အောင်ဗလတို့နှစ်ဦးအား ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆိုင်ကယ်ပိုင်ရှင်များအနေဖြင့် ရွှေပြည်သာမြို့မရဲစခန်းသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## ရှင်ဗွေယန်မြို့နယ်၌ ယာဉ်တစ်စီး တံတားပေါ်ဖြတ်သန်းမောင်းနှင်စဉ် တံတားကျိုးကျ

**ရှင်ဗွေယန် မေ ၆**

ကချင်ပြည်နယ် ရှင်ဗွေယန်မြို့နယ်၌ ယနေ့ နံနက်ပိုင်းက ထောက်ပံ့ရေးယာဉ်တစ်စီး တံတားပေါ်ဖြတ်သန်းမောင်းနှင်စဉ် တံတားကျိုးကျခဲ့၍ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ယနေ့နံနက် ၈ နာရီခွဲက ယူနီဆက်မှ ထောက်ပံ့ရေးအာဟာရမုန့်များ တင်ဆောင်ကာ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်နေ ယာဉ်မောင်းမျိုးကို(၄၅နှစ်) မောင်းနှင်ပြီး ကျော်ထွန်း(၂၈နှစ်) လိုက်ပါလာသည့် ၁၂ ဘီးယာဉ်သည် ရှင်ဗွေယန်မြို့နယ် ခလုံးကျေးရွာအုပ်စု တဆိပ်ကျေးရွာအဝင်ရှိ အလျားပေ ၂၂၀၊ အကျယ် ၁၈ ပေ၊ အမြင့်ပေ ၄၀ ရှိ သံပေါင်ဘေလီတံတား တံတားအမှတ် (၁/၁၂၅)ပေါ်သို့ ဖြတ်သန်းမောင်းနှင်စဉ် တဆိပ်ဘက်အခြမ်း ပေ ၆၀ အကန့်တစ်ကန့်ကျိုးကျခဲ့၍ ယာဉ်နှင့်အတူ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်ပါ တံတားအောက် ချောင်းအတွင်းသို့ ပြုတ်ကျခဲ့သည်။ **(အပေါ်ပုံ)**



ဖြစ်စဉ်ကြောင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့တွင် ဒဏ်ရာရရှိကာ ရှင်ဗွေယန်မြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ထားပြီး တံတားကျိုးကျမှုကို တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## သုဝဏ္ဏဝတီမြို့၌ ဆိုင်ကယ်တိမ်းမှောက် လူငယ်တစ်ဦးသေဆုံး

**သုဝဏ္ဏဝတီ မေ ၆**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ တောင်ကြားရပ်ကွက်၌ ယနေ့ နံနက်အစောပိုင်းက ရပ်ကွက်အတွင်း ကွန်ကရစ်လမ်းပေါ်တွင် ဆိုင်ကယ် တိမ်းမှောက်မှုကြောင့် လူငယ်တစ်ဦး သေဆုံးသွားကြောင်း သိရသည်။

သတင်းအရ သိမ်ဆိပ်နယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် နေယုမောင်၊ရဲတပ်ဖွဲ့ဝင်များက တောင်ကြားရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းနှင့်အတူ သွားရောက်စစ်ဆေးရာ တောင်ကြားရပ်ကွက်မှ ကျိုက္ကော်ရပ်ကွက်သို့ ကျိုက္ကော်ရပ်ကွက်နေ ချမ်းငြိမ်းဦး (၁၉ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်မှာ အရှိန်လွန်ကာ မြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ပြီး နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## ပီအက်စ်ဂျီနှင့် ဘာစီလိုနာအသင်း ချယ်လ်ဆီးတောင်ပံကစားသမား ဝီလီယံကို ခေါ်ယူရန် ချဉ်းကပ်

ပီအက်စ်ဂျီနှင့် ဘာစီလိုနာအသင်းတို့သည် ချယ်လ်ဆီးတောင်ပံ ကစားသမား ဝီလီယံ **(အောက်ပုံ)**ကို ခေါ်ယူရန် ချဉ်းကပ်လာကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၂၀၁၃ ခုနှစ်ကတည်းက စတန်းဖို့ဒ်ဘရစ်တွင် ရှိနေခဲ့သော ဘရာဇီးတောင်ပံကစားသမားသည် ရာသီကုန်တွင် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်သည်။

၎င်းသည် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာဖွယ်ရှိနေသည့်အတွက် ဥရောပအသင်းကြီးနှစ်သင်းဖြစ်သည့် ပီအက်စ်ဂျီနှင့် ဘာစီလိုနာအသင်းတို့က အဆိုပါ အသက် ၃၁ နှစ်အရွယ် ကစားသမားကို ခေါ်ယူလိုနေခြင်းဖြစ်သည်။ သတင်းများအရ ဝီလီယံသည် သောမတ်စ်တူချယ်၏ ပီအက်စ်ဂျီအသင်းနှင့် အံဝင်လိမ့်မည်ဟု ယုံကြည်နေကြောင်း ဖော်ပြထားသည်။



အခြားတစ်ဖက်တွင်လည်း ဘာစီလိုနာအသင်းမှ ကော်တင်ဟိုသည် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရန် သတင်းများ ထွက်ပေါ်နေသောကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ဝီလီယံကို ခေါ်ယူရေးမှာ ဖြစ်မြောက်လာဖွယ်ရှိသည်။ နှစ်သင်းစလုံးက ဝီလီယံ၏ အခြေအနေကို အနီးကပ်စောင့်ကြည့်လျက်ရှိနေသည်။ "ချယ်လ်ဆီး အသင်းက နှစ်နှစ်သက်တမ်းတိုးဖို့ ကမ်းလှမ်းခဲ့ပြီး ကျွန်တော်က သုံးနှစ်သက်တမ်းတိုးဖို့ တောင်းဆိုခဲ့တယ်"လို့ ဝီလီယံက ပြောကြားလိုက်သည်။

"အားလုံးသိကြတဲ့အတိုင်းပါပဲ။ ချယ်လ်ဆီးနှင့် ကျွန်တော့်စာချုပ်သက်တမ်းက လအနည်းငယ်အတွင်း ကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ သက်တမ်းတိုးဖို့ကတော့ ခက်ခဲတဲ့အနေအထားမှာရှိနေပါတယ်။ ဘာလို့လဲဆိုတော့ ချယ်လ်ဆီးအသင်းက နှစ်နှစ်တိုးဖို့ ကမ်းလှမ်းတယ်။ ကျွန်တော်က သုံးနှစ်တိုးဖို့ တောင်းဆိုတယ်။ အဲဒီမှာတင် အဆုံးသတ်သွားတယ်ထင်ပါတယ်။ ကျွန်တော်တို့ အဲဒီအကြောင်း ဆက်ပြီးမပြောတော့ပါဘူး။ ဆက်ပြီးတော့လည်း ဆွေးနွေးမှာ မဟုတ်တော့ပါဘူး" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၎င်းသည် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်သော်လည်း ယခုနှစ်ရာသီတွင် စတန်းဖို့ဒ်ဘရစ်၌ အဓိကကစားသမားအဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်သည်။ သို့သော် အသင်းပြောင်းရွှေ့ရန် ချိတ်ဆက်ခြင်း ခံနေရသော်လည်း ၎င်းအနေဖြင့် ပရီမီယာလိဂ်တွင်သာ ဆက်လက်နေလိုကြောင်း ဝန်ခံပြောကြားခဲ့သည်။

ဝီလီယံသည် ချယ်လ်ဆီးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၂၉ ပွဲ ပါဝင်ကစားထားကာ ၅၉ ဂိုး သွင်းယူထားနိုင်ပြီး ဂိုးရရှိအောင် ၅၉ ကြိမ် ဖန်တီးပေးထားနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။

**အောင်ဇော်**

## တီးတိန်မြို့နယ်၌ လုပ်သေနတ် သုံးလက် သိမ်းဆည်းရမိ

**နေပြည်တော် မေ ၆**

တီးတိန်မြို့နယ် လဲဇန်ကျေးရွာ၌ လုပ်သေနတ်များ တရားမဝင်ကိုင်ဆောင်နေကြောင်း သတင်းအရ မေ ၅ ရက် နံနက် ၁၀ နာရီက တီးတိန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ၎င်းကျေးရွာနေ ဂင်မွင်းမံ(၄၄နှစ်)နှင့် ဒေါင့်ကျင့်လျန် (၄၉နှစ်)တို့အား အရှည် လေးပေခန့် တစ်လုံးပြူးသေနတ် နှစ်လက်ဖြင့် လည်းကောင်း၊ ဝုန်ခန့်ခုပ် (၄၅နှစ်) အား အရှည်လေးပေခန့် တူမီးသေနတ်တစ်လက်ဖြင့် လည်းကောင်း တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဂင်မွင်းမံပါသုံးဦးကို တီးတိန်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မော်လမြိုင်ကျွန်းမြို့နယ်၌ မီးလောင်မှုဖြစ် ကလေးငယ်တစ်ဦး သေဆုံး

**နေပြည်တော် မေ ၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ထနီးကျေးရွာတွင် မေ ၅ ရက်က ဆိုလာပြားအပူလွန်ကဲရာမှတစ်ဆင့် နေအိမ်မီးလောင်မှုဖြစ်ခဲ့ပြီး ကလေးငယ်တစ်ဦး သေဆုံးသွားကြောင်း သိရသည်။

အဆိုပါကျေးရွာနေ စန်းလင်း(၃၈နှစ်)သည် ဇနီးဖြစ်သူ မနော်ခူဆေးနှင့်အတူ နံနက် ၉ နာရီက ကျေးရွာဓမ္မာရုံရှိ သားဖြစ်သူထံ ထမင်းသွားပို့စဉ် နေအိမ်ခေါင်မိုးပေါ်တွင် ဆိုလာပြားနှစ်ချပ်ကို ဝိုင်ယာကြိုးဖြင့် ဆက်လျက် ဘက်ထရီအိုးနှစ်လုံးကို အားသွင်းထားခဲ့ကြောင်း၊ နေအိမ်၌သမီးဖြစ်သူ မဇင်ဇင်မျိုး(၁၀နှစ်)နှင့် သားဖြစ်သူ ဟိန်းထက်အောင် (၁၂နှစ်)တို့ နှစ်ဦးမှာ အိမ်စောင့် ကျန်နေခဲ့ပြီး မွန်းလွဲ ၃ နာရီခန့်တွင် ဆိုလာပြားအပူလွန်ကဲရာမှ တစ်ဆင့် နေအိမ်မီးလောင်မှုဖြစ်ခဲ့ပြီး အိမ်နီးချင်းများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ်မှာ မီးလောင်ဆုံးရှုံးခဲ့ပြီး မဇင်ဇင်မျိုးမှာ မီးလောင်သေဆုံးသွားခဲ့ကြောင်း ဖြစ်စဉ်နှင့်ပတ်သက်၍ ကျိုက်ပိနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### ဟယ်ရီကိန်းကို ရီးရဲမက်ဒရစ် ခေါ်ယူလို

ရီးရဲမက်ဒရစ်အသင်းသည် တော့တင်ဟမ်အသင်းမှ အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်း (၂၆နှစ်) ကို ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် ဆန်ချို ငြင်းပယ်သွားဖွယ်ရှိ

ဒေါ့မွန်အသင်းမှ အင်္ဂလန်တိုက်စစ်ကစားသမား ဂျာဒန် ဆန်ချို (၂၀နှစ်) သည် မန်ယူအသင်းအနေဖြင့် ချန်ပီယံလိဂ်ဝင်ခွင့် မရခဲ့ပါက မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် ငြင်းပယ်သွားဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### မိုရီလော့စ်ကို ခေါ်ယူရန် စိတ်ဝင်စား

လက်စတာ၊ နယူးကာဆယ်၊ ခရစ္စတယ်လ်ပဲလေ့စ်နှင့် အက်စ်တွန်ဗီလာ အသင်းတို့သည် ရိန်းဂျားအသင်းမှ ကိုလံဘီယာတိုက်စစ်ကစားသမား မိုရီလော့စ် (၂၃နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ဆန်းချက်ဇ်ကို ခေါ်ယူရန်အတွက် ဆက်သွယ်မှုပြုလုပ်

ဝက်စ်ဟမ်းအသင်းသည် ဆန်းချက်ဇ်ကို ခေါ်ယူရန်အတွက် ၎င်း၏ အေးဂျင့်နှင့် ဆက်သွယ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၃၁ နှစ်အရွယ် ချီလီကစားသမားသည် မန်ယူအသင်းမှ အင်တာမီလန်အသင်းသို့ အငှားချခံထားသူလည်းဖြစ်သည်။

### လီဗာပူးထက် ဘိုင်ယန်မြူးနစ်သို့ ဝါနာ ပြောင်းရွှေ့သင့်

မန်ယူနှင့် စပါးတိုက်စစ်မှူးဟောင်း ဘာဘာတော့ဗ်သည် လိုက်ပ်ဇစ်အသင်းမှ ဂျာမနီတိုက်စစ်ကစားသမား တီမို ဝါနာအနေဖြင့် ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းထက် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားလျှင် ပိုမိုကောင်းမွန်လိမ့်မည်ဟု ယုံကြည်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ဘိုင်ယန်မြူးနစ်အပါအဝင် ဂျာမန်ကလပ်းများ လေ့ကျင့်ခန်းပြန်ဆင်း

ဘိုင်ယန်မြူးနစ်အသင်းသည် ကိုဗစ်-၁၉ ကြောင့် ပွဲစဉ်များ ရပ်နားထားပြီးနောက် ပထမဆုံးအကြိမ်အဖြစ် လေ့ကျင့်ခန်းပြန်ဆင်းသော ဘွန်ဒက်စ်လီဂါကလပ်များထဲမှ တစ်သင်းဖြစ်သည်။

ချန်ပီယံဘိုင်ယန်မြူးနစ်အသင်းသည် မိုချန်ဂလာဘတ်နှင့် ဝုလ်ဘတ်အသင်းတို့ကဲ့သို့ အုပ်စုငယ်များခွဲကာ လေ့ကျင့်စေခြင်းဖြစ်သည်။ ဂျာမန်ဘွန်ဒက်စ်လီဂါသည် ကိုဗစ် - ၁၉ ကြောင့် မတ် ၁၃ ရက်မှ မေ ၃၀ ရက်အထိ ရွှေ့ဆိုင်းထားခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်စ်လီဂါ ၂၅ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၅၅ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေပြီး ဒုတိယနေရာမှ ဒေါ့မွန်အသင်းကို လေးမှတ် ဖြတ်ထားနိုင်သည်။

**အောင်ဇော်**

# ကိုဗစ် - ၁၉ ကြောင့် ဘိုးရင်းလေယာဉ်ထုတ်လုပ်ရေးစက်ရုံများ ပိတ်ထားသည့် ကာလကို ထပ်မံတိုးမြှင့်သွားမည်

**ဝါရှင်တန် မေ ၆**

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် ဝါရှင်တန်ရှိ လေယာဉ်ထုတ်လုပ်ရေး စက်ရုံများ ပိတ်ထားသည့်ကာလကို ထပ်မံတိုးမြှင့်သွားမည်ဖြစ်ကြောင်း ဘိုးရင်းက မေ ၆ ရက်တွင် ပြောကြားလိုက်သည်။

ဘိုးရင်းသည် ဆီယက်တယ်ရှိ ပူဂါစောင့်ဒ် စက်ရုံ၏ ထုတ်လုပ်မှုများကို ရပ်ဆိုင်းခဲ့ပြီးဖြစ်သည်။ အဆိုပါ စက်ရုံတွင် ၇၇၇ ဂျက်လေယာဉ်များနှင့် အခြားဂျက်လေယာဉ်ပုံစံများကို တည်ဆောက်သည်။

ထို့အပြင် ၇၃၇ မက်စ်လေယာဉ် စက်ချွတ်ယွင်းမှုကြောင့် ပျံသန်းခွင့်မပြုဘဲ တားမြစ်ထားရာ မိုးဆက်လိဒ်မြို့ရှိ အခြားလေယာဉ်ထုတ်လုပ်ရေး စက်ရုံများကိုလည်း ဘိုးရင်းကုမ္ပဏီက ပိတ်ခဲ့သည်။




ဘိုးရင်း ကုမ္ပဏီထုတ်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

ဘိုးရင်းလေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီက ဝန်ထမ်းများ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မည်စိုးသဖြင့် စက်ရုံပိတ်ထားသည့် ကာလကို ထပ်မံ တိုးမြှင့်သွားမည်ဖြစ်ကြောင်း မေ ၆ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ဘိုးရင်းကုမ္ပဏီ၏ အဲဗားရက်လေယာဉ် ထုတ်လုပ်ရေးစက်ရုံ၏ ဝန်ထမ်းတစ်ဦး ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ ကူးစက်ခံထားရကြောင်းလည်း သိရသည်။

ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် လုံခြုံရေးကိစ္စများအတွက်၊ ၎င်းတို့၏ မိသားစုများနှင့် မိမိတို့၏ အသိုင်းအဝိုင်းများအတွက် ဦးစားပေးကိစ္စအနေဖြင့် ယခုလိုဆောင်ရွက်ခြင်းဖြစ်ကြောင်း ဘိုးရင်းစီးပွားဖြစ်လေယာဉ်ထုတ်လုပ်ရေးဥက္ကဋ္ဌ စတန်ဒီးလ်က ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

**အေအက်ဖ်ပီ**

# ကိုရိုနာဗိုင်းရပ်စ် ထိခိုက်မှုအများဆုံးဖြစ်သည့် ပြည်နယ်များသို့ အသက်ရှူအထောက်အကူပြုကိရိယာများ ပေးပို့သွားမည်

**ဆန်ဖရန်စစ္စကို မေ ၆**

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ် အုပ်ချုပ်ရေးမှူး ဂျေးအင်စလီက ဝါရှင်တန်ပြည်နယ်မှ အသက်ရှူအထောက်အကူပြုကိရိယာ ၄၀၀ ကျော်ကို ကိုဗစ် -၁၉ ကူးစက်မှု အဆိုးရွားဆုံးခံစားနေရသည့် ပြည်နယ်များသို့ ပေးပို့သွားမည်ဟု မေ ၅ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ အသက်ရှူအထောက်အကူပြုကိရိယာများကို နယူးယောက် အပါအဝင် အခြားသော ပြည်နယ်များသို့ ပေးပို့သွားမည်ဟု ၎င်းကပြောကြားခဲ့သည်။ ဝါရှင်တန်ပြည်နယ်မှ ကိုဗစ် - ၁၉ ပြန်လည်တုံ့ပြန်ရေး ညွှန်ကြားရေးမှူး ရာကွယ်ဘိုနိုက မိမိတို့ အသိုက်အဝန်းတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုမှာ ထင်ထားသည်ထက် နည်းပါးနေကြောင်း၊ လတ်တလောအခြေအနေအရ အခြားသောအရေးပေါ် အကူအညီ လိုအပ်နေသည့် လူများကို ကူညီနိုင်သည့် အခြေအနေဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံကလည်း အသက်ရှူအထောက်အကူပြုကိရိယာပေါင်း ၁၀၀၀ ကို မေ ၅ ရက်က နယူးယောက်သို့ လှူဒါန်းခဲ့သည်ဟု အုပ်ချုပ်ရေးမှူး အန်ဒရူးကူမိုက ပြောသည်။ အဆိုပါ အသက်ရှူအထောက်အကူပြုကိရိယာများသည် ဂျေအက်ဖ်ကေ လေဆိပ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်းကိုလည်း ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# သောင်တင်နေသည့် အာဖဂန်နိုင်ငံသားများ နေရပ်ပြန်နိုင်ရေး ပါကစ္စတန်ဘက်မှ နယ်စပ်တံခါးဖွင့်ပေး

**အစ္စလာမ္မာဘတ် မတ် ၆**

ပါကစ္စတန်နိုင်ငံတွင် သောင်တင်နေသည့် အာဖဂန်နစ္စတန်နိုင်ငံသားများ နေရပ်ပြန်နိုင်ရေးအတွက် မေ ၆ ရက်တွင် ပါကစ္စတန်ဘက်မှ အဓိကနယ်စပ်ဂိတ်နှစ်ခုကို ဖွင့်လှစ်ပေးလိုက်ကြောင်း အရာရှိများက ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကိုထိန်းချုပ်နိုင်ရေးအတွက် ပါကစ္စတန်အစိုးရသည် နယ်စပ်ဂိတ်များကို ပိတ်လိုက်ပြီးနောက်ပိုင်းတွင် လူနာများ အပါအဝင် အာဖဂန်နိုင်ငံသား ထောင်နှင့်ချီ၍ ပါကစ္စတန်နိုင်ငံအတွင်း ပိတ်မိနေခဲ့ရသည်။ အနောက်မြောက်ပိုင်းရှိ တော့ဟမ်ဖြတ်သန်းရေးဂိတ်နှင့် အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်ရှိ ချာမန်ဂိတ်တို့ကို မေ ၆ ရက်မှ ၉ ရက်အထိ သတ်မှတ်ချိန်အတွင်း အကန့်အသတ်ဖြင့်ဖွင့်လှစ်ပေးမည်ဟု ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက မေ ၅ ရက်တွင် ကြေညာခဲ့သည်။

နေရပ်ပြန်လိုသည့် အာဖဂန်နိုင်ငံသားများ နေရပ်ပြန်နိုင်ရေး စီစဉ်ပေးခြင်းဖြစ်သည်။ ထောင်နှင့်ချီသည့် အာဖဂန်နိုင်ငံသားများသည် တော့ဟမ် နယ်စပ်ဂိတ်သို့ဦးတည်သွားကြကြောင်း ပါကစ္စတန်ဂျာနယ်လစ်တစ်ဦးဖြစ်သူ ဖာဟတ်ရှင်ဝါရီက ဆင်ဟွာသို့ပြောသည်။

အစ္စလာမ္မာဘတ်မြို့ရှိ အာဖဂန်သံရုံးကလည်း နေ့စဉ်လူပေါင်း ၁၀၀၀ နယ်စပ်ဂိတ်မှတစ်ဆင့် အာဖဂန်နစ္စတန်နိုင်ငံအတွင်းဝင်ရောက်နိုင်ရေး စီစဉ်ထားသည်ဟု မေ ၅ ရက်တွင် ပြောကြားခဲ့သည်။ နယ်စပ်တွင် ဖြတ်သန်းခွင့်ရရေး အဓိကလမ်းမကြီးထက်တွင် စောင့်ဆိုင်းနေကြသည့် ကလေးများ၊ အမျိုးသမီးများအပါအဝင် လူပေါင်းများစွာကို တွေ့ရှိရကြောင်း ဖာဟတ်က ပြောသည်။

လူများကို ဖြတ်သန်းခွင့်ပေးထားသော်လည်း ယာဉ်များကိုမူ ဖြတ်သန်းခွင့် မပေးသေးပေ။ အာဖဂန်နိုင်ငံ အရှေ့ပိုင်းရှိ နန်ဂဟာပြည်နယ်တွင် ပါကစ္စတန်မှ ပြန်လာမည့် အာဖဂန်နိုင်ငံသားများ အသွားအလာကန့်သတ် စောင့်ကြည့်ခြင်းအတွက် ထားရှိရန်နေရာများကိုလည်း စီစဉ်ထားပြီးဖြစ်ကြောင်း အာဖဂန်အရာရှိများက ပြောသည်။

**ဆင်ဟွာ**




ကျန်းမာရေးဝန်ထမ်းတစ်ဦးက အာဖဂန်ပြည်သူတစ်ဦးအား အပူချိန်တိုင်းတာနေစဉ်။

# ကိုဗစ် - ၁၉ ကို တိုက်ဖျက်ရာတွင် အမျိုးသမီးများအိမ်တွင်းအကြမ်းဖက်ခံရမှုမှ ကာကွယ်သည့် ကိစ္စကိုပါ ထည့်သွင်းဆောင်ရွက်ရန် ကမ္ဘာ့အစိုးရများကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

**ဂျီနီဗာ မေ ၆**

ကမ္ဘာ့အစိုးရများ၏ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုကို တားဆီးရာတွင် အမျိုးသမီးများ၏ အိမ်တွင်း အကြမ်းဖက်ခံရမှုမှ ကာကွယ်ရေး ကဏ္ဍကိုလည်း ထည့်သွင်း ဆောင်ရွက်သွားရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က မေ ၆ ရက်တွင် ပြောကြားလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရာတွင် အသွားအလာကန့်သတ်မှုအပြောက်အမြား ပြုလုပ်လျက်ရှိရာ ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် အိမ်တွင်းအကြမ်းဖက်မှု အစီရင်ခံစာများလည်း မြင့်တက်လာကြောင်း သိရ သည်။



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်

အကြမ်းဖက်မှုများသည် စစ်မြေပြင်အတွက် ပိတ်လှောင်ချုပ်ချယ်မှုမဖြစ်သင့်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ပြောကြားလိုက်သည်။

အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ခြိမ်းခြောက်မှုသည် သူတို့ အလုံခြုံဆုံးထင်ရသည့် နေရာများ၌သာ ဘွားခနဲပေါ်လာသော ကိစ္စဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

အိမ်တွင်း အကြမ်းဖက်မှုများ မြင့်တက်လာခြင်းကို ကြောက်စရာကောင်းသောကိစ္စအဖြစ် ဖော်ပြလိုက်ပြီး ကမ္ဘာ့အစိုးရများကို ကိုဗစ်-၁၉ ကို ကာကွယ်တားဆီးရာတွင် အမျိုးသားရေးအမြင်တစ်ခု အနေဖြင့် အမျိုးသမီးများ အကြမ်းဖက်ခံရသည့် ကိစ္စများကိုလည်း ကဏ္ဍတစ်ခုအနေဖြင့် ကာကွယ်သွားကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဂူတာရက်စ်က တိုက်တွန်းပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

# ကင်မရွန်း၌ ဘိုကိုဟာရမ် စစ်သွေးကြွများ အသေခံဗုံးခွဲ တိုက်ခိုက် ခုနစ်ဦးသေဆုံး

**ယောင်အွန်ဒေး မေ ၆**

ကင်မရွန်းမြောက်ပိုင်းရှိ ကျေးရွာတစ်ရွာကို မေ ၅ ရက်က နိုင်ဂျီးရီးယားရှိ ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့သားများဟုယူဆရသည့် စစ်သွေးကြွနှစ်ဦးက အသေခံဗုံးခွဲတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ လူခုနစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် ဒေသအာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားနယ်စပ်ရှိ အမ်ခီဒီကျေးရွာ၌ ဒေသစံတော်ချိန် ည ၈ နာရီလောက်တွင် ဘိုကိုဟာရမ်နှစ်ဦးက အသေခံဗုံးခွဲမှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။ သေဆုံးသူများထဲတွင် ကျေးရွာအကြီးအကဲ တစ်ဦးနှင့် ဆယ်ကျော်သက်နှစ်ဦးပါဝင်ကြောင်း သိရသည်။

ရွာသားများသည် ညနေ ၆ နာရီနောက်ပိုင်းတွင် အန္တရာယ်ရှိသည်ဟု အာဏာပိုင်များက ပြောကြားခဲ့သည့်ဇုန်မှ အိမ်သို့ ပြန်လာကြချိန်တွင် ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အမ်ခီဒီကျေးရွာသည် ကင်မရွန်းရှိ ဖေးနော့ပြည်နယ်မှ ကုန်ကူးသန်းရောင်းဝယ်သည့် ကျေးရွာငယ်တစ်ခုဖြစ်သည်။ အဆိုပါပြည်နယ်ကို ၂၀၁၄ ခုနှစ်ကတည်းက နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းမှ ဘိုကိုဟာရမ် အစွန်းရောက်စစ်သွေးကြွများက တိုက်ခိုက်မှုများမကြာခဏ လုပ်ဆောင်ခဲ့သည်။

**အေအက်ဖ်ပီ**

# အရေးပေါ်အခြေအနေအဖြစ် ကြေညာရန် နောက်ဆုံးပြင်ဆင်မှုများ ဂျပန်ဝန်ကြီးချုပ် လုပ်ဆောင်

**တိုကျို မေ ၆**

မေ ၇ ရက် အစောပိုင်းတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် တိုင်းပြည်အရေးပေါ် အခြေအနေအဖြစ်ကြေညာရန်အတွက် နောက်ဆုံးပြင်ဆင်မှုများကို ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး လုပ်ဆောင်နေပြီဖြစ်သည်။

လွန်ခဲ့သောလက ပြဋ္ဌာန်းခဲ့သည့် ပြင်ဆင်ထားသောဥပဒေအောက်တွင် အစိုးရကအမိန့်ထုတ်ပြန်ကြေညာသွားရန်ပင်ဖြစ်သည်။ ဥပဒေအောက်တွင် ဝန်ကြီးချုပ်သည် ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူများပါဝင်သည့် အစိုးရအကြံပေးအဖွဲ့နှင့် တိုင်ပင်ရမည်ဖြစ်သည်။ မေ ၇ ရက်နှင့် ၈ ရက်ကြားတွင် အစည်းအဝေးကျင်းပသွားရန် အဆိုပါအကြံပေးအဖွဲ့ဝင်များကို ပြောကြားရမည်ဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုမှာ တိုကျိုမြို့အပါအဝင် အခြားသောမြို့ကြီးများတွင်လည်း ကူးစက်မှုနှုန်းမြင့်တက်လျက်ရှိသည်။ ယင်းအတွက်ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင်လည်း ဝန်ပိလာသည်။ ကူးစက်ခံရမှုနှုန်း မြင့်တက်လာသည့်အတွက် နောက်ကြောင်းရာဇဝင်လိုက်ရန်လည်း မဖြစ်နိုင်တော့ပေ။ အကြံပေးအဖွဲ့ဝင်များနှင့် ဆွေးနွေးပွဲအပြီး အချက်နှစ်ချက်နှင့်ကိုက်ညီမှုရှိပါက ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် အရေးပေါ်အခြေအနေအဖြစ် ကြေညာနိုင်မည်ဖြစ်သည်။

ပထမအချက်မှာ ကိုရိုနာဗိုင်းရပ်စ်သည် ပြည်သူများ၏အသက်နှင့် ကျန်းမာရေးကို ခြိမ်းခြောက်နိုင်သည်ဟူသောအချက်ဖြစ်ပြီး ဒုတိယအချက်မှာ နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုမှာ ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝနှင့် တိုင်းပြည်၏ စီးပွားရေးကို ဆိုးကျိုးများ ဖြစ်ပေါ်စေသည်ဟူသည့် အချက်ပင်ဖြစ်သည်။

အရေးပေါ်အခြေအနေကြေညာမှုအတွက် တိကျသည့်အချိန်ကာလနှင့် ဧရိယာသတ်မှတ်ချက် ပါဝင်ရမည်ဖြစ်သည်။ ကန့်သတ်ခံထားရသည့် နယ်မြေများမှ အုပ်ချုပ်ရေးမှူးများသည် ဒေသခံများကို အရေးပေါ်ကိစ္စမှလွဲ၍ နေအိမ်၌သာ နေကြရန် ပြောဆိုထားမည်ဖြစ်သည်။ အဆောက်အဦ၊ မြေပိုင်ရှင်၏ ခွင့်ပြုချက်တောင်းခံစရာမလိုဘဲ ဒေသခံအစိုးရသည် ယာယီဆေးရုံများ တည်ထောင်ခွင့်ရမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



မစ္စတာ ရှင်ဇိုအာဘေး ဝန်ကြီးချုပ်ရုံးသို့ မေ ၆ ရက်က ရောက်ရှိလာစဉ်။

# ဘရွန့် တိရစ္ဆာန်ရုံမှ ကျားတစ်ကောင်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်းတွေ့ရှိ

**နယူးယောက် မေ ၆**

နယူးယောက်မြို့ ဘရွန့်တိရစ္ဆာန်ရုံရှိ ကျားတစ်ကောင်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့သည်ဟု မေ ၅ ရက်တွင် တိရစ္ဆာန်ရုံမှ ပြောကြားခဲ့သည်။ အဆိုပါ ကျားကို ပြုစုစောင့်ရှောက်သည့် လူမှတစ်ဆင့် ရောဂါကူးစက်ခံရခြင်း ဖြစ်သည်ဟုလည်း ယူဆရသည်။ ယင်းကျားကို စောင့်ရှောက်ရသည့် ဝန်ထမ်းတွင်လည်း ရောဂါလက္ခဏာများ ပြသနေပြီဖြစ်သည်။ ယင်းကျားမှာ အသက်လေးနှစ်အရွယ်ဖြစ်ပြီး နာဒီရာဟု အမည်ပေးထားသည်။ နာဒီရာသည် ၎င်း၏အစ်မဖြစ်သူ အက်ဇူ၊ အခြားကျားနှစ်ကောင်၊ အာဖရိက ခြင်္သေ့သုံးကောင်တို့နှင့်အတူ နေထိုင်ပြီး ၎င်းတို့အားလုံး ချောင်းဆိုးရာမှ သက်သာလာပြီဖြစ်သည်။ မကြာမီအချိန်အတွင်း အားလုံးပြန်ကောင်းလာမည်ဟု မျှော်လင့်ထားကြောင်း တောရိုင်းတိရစ္ဆာန် စောင့်ရှောက်ရေးအဖွဲ့က သတင်းထုတ်ပြန်ကြေညာသည်။ ကျားတစ်ကောင်တွင် ကိုရိုနာဗိုင်းရပ်စ် မည်သည့်အကြောင်းကြောင့် ကူးစက်ခံရသည်ကို မသိရသေးကြောင်း၊ အခြားသောမျိုးစိတ်များသည် ကိုရိုနာဗိုင်းရပ်စ်ကို မတူညီသည့် နည်းလမ်းများဖြင့် တွန်းလှန်ကြကြောင်း၊ ၎င်းတို့ကို အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ပြီး မကြာခင်နေကောင်းလာရန်လည်း မျှော်လင့်ကြောင်း တောရိုင်းတိရစ္ဆာန်စောင့်ရှောက်ရေးအဖွဲ့က ပြောသည်။ နယူးယောက်မြို့ရှိ တိရစ္ဆာန်ရုံနှင့် ငါးပြတိုက်တို့ကို မတ် ၁၆ ရက်က စတင်ပိတ်ထားပြီး နယူးယောက်မြို့တွင် သေဆုံးသူအရေအတွက်မှာ ၄၀၀၀ အထိရှိနေပြီဖြစ်သည်။

**အေအက်ဖ်ပီ**



အသက် လေးနှစ်အရွယ်ရှိ နာဒီရာဟု အမည်ပေးထားသည့် ကျားကို တွေ့ရစဉ်။

# ကမ္ဘောဒီးယားနိုင်ငံတွင် သုံးရက်ဆက်တိုက် ကိုဗစ် - ၁၉ ထပ်မံကူးစက်သူမရှိ

**ဖနောင်ပင် မေ ၆**

ကမ္ဘောဒီးယားနိုင်ငံတွင် ပြီးခဲ့သည့်သုံးရက်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူမတွေ့ရှိကြောင်း၊ လူနာသုံးဦး ပြန်လည်သက်သာလာပြီးနောက် နိုင်ငံအတွင်း သက်သာပျောက်ကင်းသွားသည့်လူနာအရေအတွက်မှာ ၁၁၉ ဦး အထိရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၆ ရက်တွင် သတင်း ထုတ်ပြန် ကြေညာလိုက်သည်။

သက်သာပျောက်ကင်းသွားသည့်လူနာ သုံးဦးမှာ အသက် ၂၆ နှစ်၊ ၃၉နှစ် နှင့် ၄၀ အရွယ် အသီးသီးရှိကြသည့် မလေးရှားနိုင်ငံသား ဘာသာရေးဆရာများဖြစ်ကြသည်။ ၎င်းတို့သည် ကမ်ပွန်ချန်ပြည်နယ် ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

သက်သာပျောက်ကင်းသွားသူ သုံးဦးသည် ဖေဖော်ဝါရီလကုန်က ကွာလာလမ်ပူတွင် ပြုလုပ်ခဲ့သည့် ဘာသာရေးဝတ်ပြု ဆုတောင်းပွဲသို့ တက်ရောက်ခဲ့သူများဖြစ်ကြောင်း၊ ထို့နောက် ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်၍ ကမ်ပွန်ချန် ပြည်နယ် အရှေ့တောင်ဘက် ကမ်မဲ့ခရိုင်တွင် ပြုလုပ်သည့် ဘာသာရေးဝတ်ပြုဆုတောင်းပွဲသို့ တက်ရောက်ခဲ့သူများဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ တွေ့ရှိသူ လူနာ ၁၂၄ ဦးအနက် ယနေ့ အထိ ၁၁၉ ဦးမှာ ပြန်လည်သက်သာလာပြီဖြစ်ကြောင်းနှင့် ကျန်ရှိသောလူနာများသည်လည်း သတ်မှတ်ထားရာဆေးရုံများတွင် ကုသမှုများဆက်လက်ခံယူလျက်ရှိကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# အီရတ်နိုင်ငံတောင်ပိုင်းရှိ အမေရိကန်ရေနံကုမ္ပဏီအနီးတွင် ဒုံးကျည် ငါးစင်း ကျရောက်

**ဘဂ္ဂဒက် မေ ၆**

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာပြည်နယ်ရှိ အမေရိကန်ရေနံကုမ္ပဏီတစ်ခုအနီးတွင် မေ ၆ ရက်က ဒုံးကျည်ငါးစင်းကျရောက်ခဲ့ကြောင်း ဒေသလုံခြုံရေးသတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့သည်။ သို့သော် ဒုံးကျည်ကျရောက်မှုကြောင့် ထိခိုက်သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ဘာဆရာပြည်နယ် အနောက်ဘက်ပိုင်း အယ်လ်ဇူဘေရာ ဧရိယာအတွင်းရှိ အမေရိကန်ရေနံကုမ္ပဏီ ဟာလီဘာတန်အနီးတွင် နံနက်အစောပိုင်းအချိန်၌ ဒုံးကျည်များ ကျရောက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ သတင်းရင်းမြစ်က ဆင်ဟွာသို့ အမည်ထုတ်ဖော်ခြင်းမရှိဘဲ ပြောကြားခဲ့သည်။ ဒုံးကျည်များကျရောက်မှုကြောင့် အသေးစား ထိခိုက်မှုအနည်းငယ်မှလွဲ၍ လူများထိခိုက်သေဆုံးမှုမရှိခဲ့ကြောင်း ပြောသည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားခဲ့သည့် နေရာအနီးတစ်ဝိုက်တွင် ရှာဖွေမှုများပြုလုပ်ခဲ့ရာ ဒုံးကျည်လောင်ချာတစ်ခုကို တွေ့ရှိရကြောင်း သိရသည်။ ဒုံးကျည်တိုက်ခိုက်မှုကို မည်သည့်အဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း မသိရှိရသေးပေ။ အီရတ်နိုင်ငံတစ်ဝန်း၌ အမေရိကန်တပ်ဖွဲ့ဝင်များအား ချထားသည့် စစ်အခြေစိုက်စခန်းများနှင့် အခြားသော အမေရိကန်နှင့် သက်ဆိုင်သည့် ဌာနများသည် သောင်းကျန်းသူများ၏ လက်နက်ကြီးတိုက်ခိုက်မှုများနှင့် ဒုံးကျည်တိုက်ခိုက်မှုများ လုပ်ဆောင်ရန် ပစ်မှတ်ထားခံရလျက်ရှိသည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၅ ရက်တွင် အီရတ် ပါလီမန်လွှတ်တော်က အီရတ်နိုင်ငံအတွင်း၌ ပြည်ပတပ်ဖွဲ့ဝင်များ ချထားမှုကို အစိုးရက အဆုံးသတ်ရန် လိုအပ်သည့် ဥပဒေတစ်ရပ်ကို အတည်ပြုခဲ့သည်။ ဘဂ္ဂဒက်လေဆိပ်ရှိ စစ်ဘက်ယာဉ်တန်းတစ်ခုကို အမေရိကန်၏ ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်ကြီး ကွာဆမ်ဆိုလန်းမန်နီ သေဆုံးခဲ့ပြီးနှစ်ရက် အကြာတွင် အဆိုပါဥပဒေကို အတည်ပြုခဲ့ခြင်းဖြစ်သည်။

အိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို ချေမှုန်းတိုက်ခိုက်ရာတွင် အီရတ်တပ်ဖွဲ့ဝင်များကို ကူညီအားဖြည့်ရန်အတွက် အီရတ်၌ ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက် ၅၀၀၀ ရှိပြီး အဓိကအားဖြင့် လေ့ကျင့်သင်ကြားပေးရန်နှင့် အကြံပေးတာဝန်များဆောင်ရွက်ရန် တပ်ဖွဲ့ဝင်များအား ချထားခြင်းဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ဟာလီဘာတန် ရေနံကုမ္ပဏီအနီး ဒုံးကျည်ကျရောက်ခဲ့သည့် မြင်ကွင်းကို တွေ့ရစဉ်။

နိုင်ငံတကာ သတင်းတိုထွာ

## စင်ကာပူနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း အတည်ပြုလူနာ ၁၂၀ ထပ်တိုးလာ

**စင်ကာပူ မေ ၆**

စင်ကာပူနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံတိုးအတည်ပြု လူနာ ၁၂၀ ရှိခဲ့ပြီး စုစုပေါင်း အတည်ပြုလူနာ ၁၃၀၉ ဦး အထိ တိုးလာကြောင်း စင်ကာပူ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း အသစ်ထပ်မံတိုးလာသည့် လူနာအရေအတွက်သည် ယခင်ရက်က ဖြစ်ပွားခဲ့သော ကိုဗစ် - ၁၉ လူနာအရေအတွက်ကို ကျော်လွန်၍ စံချိန်ချိုးလိုက်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ထပ်မံအတည်ပြုလူနာ ၁၂၀ တွင် ပြည်ပမှ ဝင်ရောက်လာသူ လေးဦး၊ နိုင်ငံတွင်းကူးစက်ခံရသူ ၁၁၆ ဦးဖြစ်ကြောင်း၊ နိုင်ငံတွင်း ကူးစက်ခံရသူများအနက် ၅၀ မှာ ယခင်က အတည်ပြုလူနာများနှင့် ထိတွေ့ဆက်စပ်မှုများရှိကြောင်း သိရသည်။

စင်ကာပူနိုင်ငံတွင် ယနေ့အချိန်အထိ သေဆုံးသူ ခြောက်ဦးရှိခဲ့ပြီး ရောဂါ သက်သာပျောက်ကင်းပြီး ဆေးရုံမှ ဆင်းခွင့်ရသူ ၃၂၀ ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ရေနံအရေး ဆွေးနွေးရန် ဆော်ဒီအာရေဗျနှင့် ရုရှားတို့ မေ ၉ ရက်တွင် တွေ့ဆုံသွားမည်

**ရီယာ့ဒ် မေ ၆**

ရေနံထုတ်လုပ်သည့် နိုင်ငံများသည် ရေနံစိမ်းထုတ်လုပ်မှု လျှော့ချရေးနှင့်ပတ်သက်ပြီး ဆွေးနွေးသွားရန် အရေးပေါ် အစည်းအဝေးတစ်ရပ်ကို မေ ၉ ရက်တွင် ပြုလုပ်သွားရန် မျှော်မှန်းထားကြသည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် စီးပွားရေးလုပ်ငန်းများ ရပ်တန့်နေပြီး ရေနံစိမ်း လိုအပ်ချက်မှာ ကျဆင်းလျက်ရှိသည်။

အိုပက်အဖွဲ့ခေါင်းဆောင် ဆော်ဒီအာရေဗျနှင့် အဖွဲ့ဝင်မဟုတ်သည့် ရုရှားတို့သည် ရေနံစိမ်းထုတ်လုပ်မှု ထိန်းချုပ်ရေးနှင့် ပတ်သက်ပြီး ပြီးခဲ့သည့်လက အစည်းအဝေးတွင် သဘောတူချက်မရခဲ့ပေ။ ယခုတစ်ကြိမ်အစည်းအဝေးတွင်လည်း နိုင်ငံများကြား သဘောတူညီချက်ရမရ သေချာမသိရသေးပေ။

မေ ၆ ရက်တွင် အစည်းအဝေး ပြုလုပ်ရန် စီစဉ်ထားသော်လည်း မေ ၇ ရက် သို့ ရက်ရွှေ့ထားကြောင်း အီရတ် ရေနံဝန်ကြီးကပြောသည်။ အဖွဲ့ဝင်နိုင်ငံများသည် တစ်နေ့လျှင် ရေနံစိမ်းစည်ပေါင်း ၁၀ သန်း ထုတ်လုပ်မှု လျှော့ချရန် မျက်စိကျလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

# စုစည်းညီညွတ်စွာ ကြိုးပမ်းအားထုတ်ကြရင်း ဗိုင်းရပ်စ်ကို တွန်းလှန်ကြမယ်

—— ခြူးစန္ဒီမွေး ——




ချက်စတာမြို့လမ်းမထက်တွင် လူသူရှင်းလင်းနေသည်ကို တွေ့ရစဉ်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်မှာ ကိုရိုနာဗိုင်းရပ်စ် ရောဂါလက္ခဏာ ပေါ်ပေါက်လာတဲ့အခါမှာ ဆေးရုံတက်လိုက်ရပါတယ်။ အဲဒီအချိန်မှာပဲ ဗြိတိန်ဘုရင်မကြီး အဲလစ်ဇဘတ်က ကိုရိုနာဗိုင်းရပ်စ်ကို အနိုင်ယူနိုင်ရေး အားလုံးစုစည်းညီညွတ်စွာ ဆောင်ရွက်ကြရမယ်လို့ ပြောကြားခဲ့ပါတယ်။

### ဗြိတိန်ဘုရင်မကြီး၏ မိန့်ခွန်း

ဗြိတိန်ဘုရင်မကြီးဟာ တိုင်းပြည်အတွင်းနဲ့ ဓနသဟာယနိုင်ငံတွေကို မေ ၅ ရက်နေ့မှာ ရှားရှားပါးပါးအနေနဲ့ အထူးမိန့်ခွန်း ပြောခဲ့ပါတယ်။ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကို နောက်ထပ်စမ်းသပ်စစ်ဆေးမှုတွေ ပြုလုပ်တာကတော့ ကြိုတင်ကာကွယ်မှုအနေနဲ့ ပြုလုပ်တာပဲဖြစ်တယ်လို့လည်း သိရပါတယ်။ အသက် ၅၅ နှစ် အရွယ်ရှိပြီဖြစ်တဲ့ ဘောရစ်ဂျွန်ဆင်ဟာ တစ်ဦးတည်း သီးခြားနေထိုင်တာကနေ ခုနစ်ရက်အကြာမှာ အခုလိုသတင်းတွေ ပြန်လည်ထွက်ပေါ်လာတာပါ။ လွန်ခဲ့တဲ့ သီတင်းပတ်က ဗြိတိန်ဝန်ကြီးချုပ်မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရကြောင်း အသေးစား လက္ခဏာလေးတွေ ပြသနေတဲ့အတွက် ဆေးစစ်ကြည့်ရာမှ ရောဂါကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ပါတယ်။

### ဝန်ကြီးချုပ်တာဝန် ယူနိုင်ဆဲဖြစ်

ဘောရစ်ဂျွန်ဆင်ဟာ အပူချိန်မြင့်တက်နေဆဲဖြစ်တာကြောင့် နေအိမ်မှာပဲဆက်လက်နေရမယ်ဆိုပြီး ဗီဒီယိုကနေတစ်ဆင့် သတင်းစကားပါးခဲ့ပါတယ်။ ဗြိတိန်ဝန်ကြီးချုပ်ကို ဆေးရုံ ခေါ်ဆောင်သွားရတာဟာဆိုရင် အရေးပေါ်အခြေအနေကြောင့် မဟုတ်ဘဲ ဆေးပညာပိုင်းဆိုင်ရာ အကြံဉာဏ်ရယူဖို့ ကြိုတင်ကာကွယ်ရေးခြေလှမ်းအဖြစ် ဆေးရုံသွားလိုက်ရတာဖြစ်တယ်လို့ ဒေါင်းနင်းလမ်းက သတင်းထုတ်ပြန်ပါတယ်။ တကယ်လို့များ ဝန်ကြီးချုပ်အနေနဲ့ တိုင်းပြည်တာဝန်တွေကို ထမ်းဆောင်ဖို့ အဆင်မပြေ ဖြစ်နေခဲ့မယ်ဆိုရင် သူ့ရဲ့နေရာမှာ အစားတာဝန်ယူပေးဖို့ နိုင်ငံခြားရေးဝန်ကြီး ဒိုမနစ်ရက်ဘ် ကို လျာထားတယ်လို့ သိရပါတယ်။ ဒါပေမယ့် အစိုးရ သတင်းအရင်းအမြစ်တွေကတော့ ဘောရစ်ဂျွန်ဆင်ဟာ ဝန်ကြီးချုပ်တာဝန်တွေကို ဆက်လက်ထမ်းဆောင်နိုင်ဆဲပဲလို့ ဖော်ပြကြပါတယ်။

### ရောဂါကူးစက်ခံရတဲ့ ကမ္ဘာ့ပထမဆုံးခေါင်းဆောင်

ဘောရစ်ဂျွန်ဆင်ဟာ ကမ္ဘာ့ခေါင်းဆောင်တွေကြားမှာ ပထမဆုံး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရတာဖြစ်ပြီး သူနဲ့အတူနေ ချစ်သူ ကယ်ရီယာဆင်မွန်ဟာလည်း ရောဂါလက္ခဏာတွေကနေ သက်သာရာ ရနေပါပြီ။ ဒါပေမယ့် စမ်းသပ်မှုတွေတော့ ထပ်မလုပ်ရသေးပါဘူး။ ကျန်းမာရေးဝန်ကြီး မတ်ဟန်ကွတ်ကလည်း မေ ၄ ရက်မှာတော့ လုပ်ငန်းတာဝန်တွေကို ပြန်လည်ထမ်းဆောင်နေပြီပဲ ဖြစ်ပါတယ်။

### ဝန်ကြီးချုပ် ကျန်းမာရေးကောင်းမွန်

သူဟာလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရတယ်လို့ ရလဒ်ထွက်ပေါ်ပြီးနောက် နေအိမ်မှာပဲ နေထိုင်ခဲ့ရပါတယ်။ ကျန်းမာရေးဆိုင်ရာ အကြီးအကဲ ခရစ်ဗ်ဝှစ်တီမှာလည်း ကိုရိုနာဗိုင်းရပ်စ် ရောဂါလက္ခဏာတွေ ပြသနေတယ်လို့ သိရပါတယ်။ ဘောရစ်ဂျွန်ဆင်ရဲ့ကျန်းမာရေး အခြေအနေဟာ ကောင်းမွန်တယ်လို့ ကျန်းမာရေးဝန်ကြီးက ပြောပါတယ်။ ဘောရစ်ဂျွန်ဆင်ရဲ့ကျန်းမာရေးအခြေအနေ ကောင်းမွန်ပေမယ့် အစိုးရအဖွဲ့ရဲ့ အကြံပြုချက်ဖြစ်တဲ့ သီးခြားခွဲနေဖို့ကိုတော့ ဆက်လက်လိုက်နာရမယ်လို့ သူကဆက်ပြောပါတယ်။ ဆရာဝန်တွေဟာ ဘောရစ်ဂျွန်ဆင်ရဲ့ အဆုတ်နဲ့ နှလုံး အလုပ်လုပ်ပုံတွေကို အကဲဖြတ်မှုတွေ ပြုလုပ်သွားဖို့ရှိတယ်လို့ ဆေးပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူတွေက ပြောပါတယ်။

### အမေရိကန်သမ္မတ၏ အားပေးစကား

ဆရာဝန်တွေဟာ အရေးကြီးတဲ့ လက္ခဏာရပ်တွေကို စောင့်ကြည့်သွားမယ်လို့ ကူးစက်ရောဂါဆိုင်ရာ ဓာတ်ခွဲခန်းခေါင်းဆောင် ရူပတ်ဘီးက ပြောပါတယ်။ ဘယ်လိုမျိုး ကိုယ်ခံအားစနစ်က ဗိုင်းရပ်စ်ကိုတွန်းလှန်သွားသလဲ၊ ကျောက်ကပ်နဲ့ အသည်းလုပ်ငန်းတွေကို လေ့လာဖို့အတွက် သွေးစစ်မှုတွေ ပြုလုပ်သွားမယ်လို့ သူကဆက်ပြောပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကတော့ ဗြိတိန်ဝန်ကြီးချုပ် ပြန်လည်ကျန်းမာလာမှာ သေချာတယ်လို့ ပြောပါတယ်။ နောက်ပြီး ဘောရစ်ဂျွန်ဆင်ဟာ သူ့အတွက်တော့ သူငယ်ချင်းတစ်ဦးဖြစ်ရုံသာမကဘဲ ခေါင်းဆောင်ကောင်းတစ်ယောက်လို့လည်း ထရမ့်က ပြောခဲ့ပါတယ်။

### ချားလ်မင်းသားလည်း ကူးစက်ခံရ

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်ဟာ ၁ ဒသမ ၂ သန်းကျော်ရှိပြီး လူပေါင်း ၆၈၀၀၀ ဟာလည်း ဒီရောဂါကြောင့် သေဆုံးခဲ့ရပြီးပါပြီ။ အသက် ၉၃ နှစ် အရွယ်ရှိနေပြီဖြစ်တဲ့ ဗြိတိန်ဘုရင်မကြီး ကတော့ တစ်ကမ္ဘာလုံးဆိုင်ရာ ကူးစက်ရောဂါဖြစ်တဲ့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထိခိုက်ခံစားရသူတွေကို သတင်းစကားပါးခဲ့ပါတယ်။ ဗြိတိန်နိုင်ငံမှာတော့ လတ်တလောမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၄၇၈၀၆ ဦးရှိပြီး ၄၉၃၄ ဦး ကတော့ သေဆုံးခဲ့ရပြီးပါပြီ။ ဗြိတိန်ဘုရင်မကြီးရဲ့ အကြီးဆုံးသားဖြစ်တဲ့ ချားလ် မင်းသားမှာလည်း ကိုရိုနာဗိုင်းရပ်စ် ရောဂါလက္ခဏာတွေ ပြသတဲ့အတွက် စစ်ဆေးကြည့်တဲ့အခါ ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ရပါတယ်။

### ဘုရင်မကြီး၏ ချီးကျူးစကား

ဒီလိုမျိုး အကျပ်အတည်းကာလမှာ တာဝန်ကျေပွန်စွာထမ်းဆောင်နေကြတဲ့ ကျန်းမာရေးလုပ်သားတွေ၊ အခြားသော အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်ခဲ့ကြတဲ့ ဝန်ထမ်းတွေကို ဘုရင်မကြီးက ချီးကျူးစကားဆိုခဲ့ပါတယ်။ ဒီလူတွေအားလုံးအတွက် ဗြိတိန်နိုင်ငံသားတွေသာမက တစ်ကမ္ဘာလုံးကလူတွေပါ ဂုဏ်ယူကြမှာပဲလို့ ပြောကြားခဲ့ပါတယ်။ နန်းစံသက် ၆၈ နှစ်ရှိပြီဖြစ်တဲ့ ဘုရင်မကြီးက ဒီအကျပ်အတည်းက လွတ်မြောက်ဖို့ဆိုရင် စုပေါင်းအင်အားနဲ့ ကြိုးပမ်းအားထုတ်မှုသာ အောင်မြင်နိုင်မယ်လို့ပြောကြားခဲ့ပါတယ်။ ကျွန်မတို့ အောင်မြင်ပါလိမ့်မယ်၊ ဒါဟာ တစ်ဦးတစ်ယောက်ချင်းစီရဲ့ အောင်မြင်မှုပဲဖြစ်ပါတယ်လို့ လန်ဒန်အနောက်ပိုင်း ဝင်ဆာရဲတိုက်ကနေ မိန့်ခွန်း ပြောကြားခဲ့ပါတယ်။ ဒီရောဂါဆိုးကြီးကို အတူတကွ ကိုင်တွယ်ဖြေရှင်းကြမယ်ဆိုရင်၊ ဆက်လက်ပြီး စုစည်းညီညွတ်စွာ တစိုက်မတ်မတ် အားထုတ်ကြမယ်ဆိုရင် ဒီအကျပ်အတည်းကနေ လွတ်မြောက်နိုင်မယ်ဆိုတာကို အာမခံတယ်လို့ ဘုရင်မကြီးက မိန့်ခွန်း ပြောကြားခဲ့ပါတယ်။

### ဒုတိယကမ္ဘာစစ်နဲ့နှိုင်းယှဉ်

နောက်ပြီး ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အတွေ့အကြုံကိုလည်း ဘုရင်မကြီးက ပြန်ပြောပြခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီး အတွင်း လန်ဒန်မြို့ ဗုံးကြဲခံရတဲ့အခါ အဲလစ်ဇဘတ်နဲ့ ညီမဖြစ်သူ မာဂရက်တို့ကို ဝင်ဆာကနေ ကယ်ထုတ်ခဲ့ရပါတယ်။ အခုလည်း ဗိုင်းရပ်စ်ကနေ ခွဲထုတ်ဖို့ လူတွေကို ဖိအားပေးလုပ်ဆောင်နေရတာတွေနဲ့ နှိုင်းယှဉ်ပြခဲ့ပါတယ်။ စစ်အတွင်းက ဗြိတိန်အဆိုတော် ဗီရာလင်းရဲ့သီချင်းဖြစ်တဲ့ ပြန်လည်ဆုံတွေ့ကြမယ်ဆိုတဲ့ သီချင်းအကြောင်းကိုလည်း ပြောပြခဲ့ပါတယ်။ အဲဒီသီချင်းဟာ ဒုတိယကမ္ဘာစစ်အတွင်းက ချစ်ရတဲ့ မိသားစုတွေနဲ့ အဝေးမှာ စစ်တိုက်နေရတဲ့ တပ်ဖွဲ့ဝင်တွေအတွက် စိတ်ဓာတ်တက်ကြွစရာ သီချင်းတစ်ပုဒ် ဖြစ်ခဲ့ပါတယ်။

### ပန်းခြံတွေ ပိတ်ပစ်မယ်

ဗြိတိန်မှာရှိတဲ့ ပြည်သူတွေကိုတော့ ဆေးဝါးနဲ့ မရှိမဖြစ်လိုအပ်တဲ့ ပစ္စည်းတွေကို ဝယ်ယူဖို့၊ လေ့ကျင့်ခန်းလုပ်ဖို့သာ နေအိမ်အပြင်ဘက်ကိုထွက်ဖို့ တိုက်တွန်းထားပါတယ်။ ဒါပေမယ့်လည်း အပြင်ထွက်ပြီး လေ့ကျင့်ခန်းလုပ်တာတွေကို တားမြစ်ကောင်း တားမြစ်သွားနိုင်တယ်လို့လည်း ကျန်းမာရေးဝန်ကြီး ဟန်ကွတ်က ပြောပါတယ်။ ဘာလို့လဲဆိုရင် ရာသီဥတုပူနွေးလာတာကြောင့် ပန်းခြံတွေ၊ ကွင်းပြင်ကျယ်တွေမှာ လူစုဝေးတာတွေ ဖြစ်လာနိုင်တဲ့အတွက်ကြောင့်ပါပဲ။ လန်ဒန်မြို့တောင်ပိုင်းမှာရှိတဲ့ ပန်းခြံကိုတော့ မေ ၅ ရက်နေ့မှာပဲ ပိတ်လိုက်ရပါတယ်။ ဘာလို့လဲဆိုရင် အဲဒီပန်းခြံမှာ မေ ၄ ရက်က နေပူစာလှုံသူတွေ များပြားခဲ့တဲ့အတွက်ကြောင့်ပါပဲ။ ။

**ကိုးကား - အေအက်ဖ်ပီ**

> "စစ်အတွင်းက ဗြိတိန်အဆိုတော် ဗီရာလင်းရဲ့ သီချင်းဖြစ်တဲ့ ပြန်လည်ဆုံတွေ့ကြမယ်ဆိုတဲ့ သီချင်းအကြောင်းကိုလည်း ပြောပြခဲ့ပါတယ်။ အဲဒီသီချင်းဟာ ဒုတိယကမ္ဘာစစ်အတွင်းက ချစ်ရတဲ့ မိသားစုတွေနဲ့ အဝေးမှာစစ်တိုက်နေရတဲ့ တပ်ဖွဲ့ဝင်တွေအတွက် စိတ်ဓာတ်တက်ကြွစရာ သီချင်းတစ်ပုဒ်ဖြစ်ခဲ့"

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါရှာဖွေ၍ ထိရောက်စွာကုသမှုပေးခြင်း၊ ရောဂါပိုးတွေ့ရှိသူများနှင့် ထိတွေ့မှုရှိခဲ့သူများအား ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်း၊ လိုအပ်ပါက ဆေးရုံတက်ရောက်ကုသမှုခံယူနိုင်စေရေးဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့များ၊ အခြားဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍သတင်းရယူခြင်း၊ အသွားအလာကန့်သတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုမှ သတင်းမှန်များရရှိနိုင်ရေးအတွက် နေ့စဉ်သတင်းထုတ်ပြန်ခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၅-၄-၂၀၂၀)ရက်နေ့၊ ညနေ (၆) နာရီမှ (၆-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆)နာရီအထိ စောင့်ကြည့်လူနာအသစ် (၃၁) ဦး ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၆-၄-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသောသူ (၄၆) ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ (ဇယား-၁) တွင် ဖော်ပြထားရှိသောသူ (၁) ဦး၏ ဓာတ်ခွဲအဖြေတွင် COVID-19 ရောဂါပိုးတွေ့ရှိ (တွေ့ရှိ)ရပြီး ကျန် (၄၅) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

ဇယား -၁

COVID-19 ရောဂါအတွက် ဓါတ်ခွဲစစ်ဆေးမှုအခြေအနေ

(၆-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရာဇဝင် | ယခုဆေးကုသမှုခံယူလျက်ရှိသည့်ဆေးရုံ | အသွားအလာကန့်သတ်သည့်/ ဆေးရုံတက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 22 | ၅၁ နှစ် | မ | အမေရိကန်- ကိုရီးယား သမ္မတနိုင်ငံ- ထိုင်း | ဝေဘာဂီအထူးကုဆေးရုံ | ၅-၄-၂၀၂၀ | တွေ့ရှိ |

- ကျန် (၄၅) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမရှိပါ။

၄။ ဓာတ်ခွဲအတည်ပြုလူနာ (Case-022) သည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်တွင် နေထိုင်သည့် အသက် (၅၁)နှစ်အရွယ် မြန်မာနိုင်ငံသား အမျိုးသမီးတစ်ဦးဖြစ်ပြီး ဓာတ်ခွဲအတည်ပြုလူနာ (Case-021)နှင့် အတူ (၂၄-၃-၂၀၂၀) ရက်နေ့တွင် အမေရိကန်နိုင်ငံမှ ကိုရီးယားသမ္မတနိုင်ငံသို့ လေကြောင်းလိုင်းဖြင့်ထွက်ခွာခဲ့ကာ ကိုရီးယားသမ္မတနိုင်ငံမှတစ်ဆင့် ထိုင်းနိုင်ငံသို့ (၂၅-၃-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် ရောက်ရှိခဲ့ပါသည်။ ထိုင်းနိုင်ငံမှ တစ်ဆင့် (၂၆-၃-၂၀၂၀) ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိခဲ့ပြီး ဗိုလ်တထောင်မြို့နယ်ရှိ ဟိုတယ်တစ်ခုတွင် အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်ထားရှိစဉ် ဓာတ်ခွဲအတည်ပြုလူနာ (Case-021)နှင့် အတူ တစ်ခန်းထဲတွင် နေထိုင်ခဲ့သူဖြစ်ပါသည်။ အဆိုပါ အမျိုးသမီးအား ဝေဘာဂီအထူးကုဆေးရုံသို့ လွှဲပြောင်း၍ ဓာတ်ခွဲနမူနာ ရယူစစ်ဆေးခဲ့ခြင်း ဖြစ်ပါသည်။ လူနာ၏ လတ်တလော ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

၅။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၁)ဦးအနက် ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် လူနာ (၁)ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ (၁၂) ဦးနှင့် မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံတွင် လူနာ (၁)ဦး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင်လူနာ(၁)ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့တွင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံမှ ပြောင်းရွှေ့လူနာ (၁)ဦး၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့တွင် ပြည်သူ့ဆေးရုံ၊ ပေါက်ခေါင်းမြို့မှ ပြောင်းရွှေ့လူနာ(၃)ဦး၊ စုစုပေါင်း (၁၉)ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ဝေဘာဂီအထူးကုဆေးရုံကြီးရှိ လူနာ (၁)ဦးနှင့် ပြည်မြို့ပြည်သူ့ဆေးရုံကြီးမှ လူနာ(၁)ဦးတို့ အား အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိ ဆေးကုသမှုပေးလျက်ရှိပါသည်။

၆။ ယခုအခါ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၆-၄-၂၀၂၀)ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၂)ဦး တွေ့ရှိလာရပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးအချက်အလက်များအား တိကျစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိသာမက မိမိ၏ မိသားစုနှင့်ပတ်ဝန်းကျင်မှ လူများအတွက်ပါ ရောဂါကူးစက်မှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**တောင်ငူ ဧပြီ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နေ သတင်းစာဆရာကြီး ဦးကျော်လှနှင့် သမာဓိမိသားစုက ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အတွက် အလှူငွေကျပ် နှစ်သိန်းကို ယနေ့ နံနက်ပိုင်းက တောင်ငူမြို့ (၁၁)ရပ်ကွက် ဓာတုကလျာလမ်း ကန်တော်ကြီးရှိ သမာဓိဂေဟာ၌ ပေးအပ်လှူဒါန်းရာ တောင်ငူမြို့နယ် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း (မြို့နယ်အုပ်ချုပ်ရေးမှူး)က လက်ခံရယူပြီး **(အောက်ပုံ)** ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးစခန်းကို တောင်ငူမြို့ သံတောင်လမ်း စုပေါင်းရုံးနေရာ၌ ယာယီဖွင့်လှစ်ထားရှိရာ ကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများဖြင့် စုပေါင်းဖွဲ့စည်းထားပြီး ကိုဗစ်-၁၉ ရောဂါ အသိပညာပေး မြေစိုက်ပိုစတာများ စိုက်ထူခြင်း၊ ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ နှာခေါင်းစည်း၊ လက်သန့်ဆပ်ပြာများ မျှဝေခြင်း၊ ပြည်သူလူထုသိရှိနိုင်ရန် ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ကြေညာခြင်းများနှင့် မြို့ပေါ်နှင့် ကျေးရွာများရှိ စောင့်ကြည့်ရေးစခန်းများသို့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးခြင်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝ၄၈**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အလှူငွေများ လာရောက်လှူဒါန်း

**လားရှိုး ဧပြီ ၆**

လားရှိုးမြို့ရှိ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးရုံးသို့ ဧပြီ ၆ ရက် နံနက် ၁၀ နာရီက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားလာပါက လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရေးအတွက် ချန်တက်ထန် သက်သတ်လွတ် ငါးပါးသီလဘုရားကျောင်းနှင့် ငါးပါးသီလဘုရား စာသင်ကျောင်း ကျောင်းသားဟောင်းများအဖွဲ့က ငွေကျပ်သိန်း ၆၀ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

**ဟန်ဌေး (လားရှိုး)**



## လောက်ကိုင်မြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေးအကာအကွယ်သုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**လောက်ကိုင် ဧပြီ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ရှိ အမှတ်(၁၀၀၆) နယ်ခြားစောင့်တပ်ဖွဲ့က လောက်ကိုင်ဒေသအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ကာကွယ်ရန်အတွက် ဧပြီ ၃ ရက်က ကျန်းမာရေးအကာအကွယ်သုံး ပစ္စည်းများကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများဖြစ်သော PPE ဝတ်စုံ အစုံ ၃၀၀၊ ပိုးသတ်ဆေးရည် ၃၀၀၀ လီတာ၊ နှာခေါင်းစည်းအခုရေ ၁၀၀၀၀၊ အရက်ပြန်ပုလင်း အလုံး ၂၀၀၊ တစ်ခါသုံး ရော်ဘာလက်အိတ် အစုံ ၃၀၀၀ ပါဝင်သောပစ္စည်းငါးမျိုး၊ ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၂၅၀ ခန့်ရှိ ကျန်းမာရေးအကာအကွယ်သုံးပစ္စည်းများကို အမှတ်(၁၀၀၆) နယ်ခြားစောင့်တပ်ဖွဲ့ ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့မှ အဖွဲ့ဝင် ဦးမောင်မောင်နှင့် တပ်ဖွဲ့ဝင်များက ပေးအပ်လှူဒါန်းရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်၊ ဒေသဦးစီးအဖွဲ့အတွင်းရေးမှူး ဦးထွန်းကျော်ကျော်၊ အဖွဲ့ဝင် ဦးအိုက်ကော၊ ဒုတိယရုံးအဖွဲ့မှူး ဦးရင်မာဆန်းတို့က လက်ခံရယူခဲ့သည်။ **(အပေါ်ပုံ)**

ယခုလှူဒါန်းခဲ့သော ကျန်းမာရေးအကာအကွယ်သုံး ပစ္စည်းများမှာ လောက်ကိုင်ဒေသအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဆောင်ရွက်ကြသော ကျန်းမာရေးဝန်ထမ်းများနှင့် အခြားသော လူမှုကူညီရေးအသင်းများ၊ ပရဟိတအသင်းများနှင့်အတူ ပူးပေါင်းပြီး ဒေသတွင်းပြည်သူများအတွက် အကျိုးပြုဆောင်ရွက်သွားမည်ဖြစ်သည်။ အမှတ်(၁၀၀၆) နယ်ခြားစောင့်တပ်ဖွဲ့က လားရှိုး၊ ပြင်ဦးလွင်၊ မန္တလေးမြို့များ ပြည်သူ့ဆေးရုံများနှင့် စစ်ဆေးရုံများသို့လည်း သွားရောက်လှူဒါန်းသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံဒေသအသီးသီးမှ အမှန်တကယ်လိုအပ်ပြီး စာရင်းပေးပို့ဆက်သွယ်လာပါက ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# နေပြည်တော် သတင်းစာတိုက်များနှင့် ဝန်ထမ်းအိမ်ရာများ၌ ကိုဗစ်–၁၉ ကာကွယ်ရေးအထောက်အကူပြု ပိုးသတ်ဆေးများ ပက်ဖျန်း

**နေပြည်တော် မေ ၆**

နေပြည်တော်ကောင်စီ နယ်မြေ ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက် ဝန်ထမ်းအိမ်ရာများတွင် ယနေ့နံနက်ပိုင်းက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးများပက်ဖျန်းပေးခဲ့သည်။



**ပက်ဖျန်းပေး**

ထိုသို့ ပိုးသတ်ဆေးများ ပက်ဖျန်းပေးရာတွင် ဥတ္တရခရိုင် မီးသတ်ဦးစီးမှူး ဦးစောလွင်အေး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင် ၂၀ ဖြင့် ခရိုင်အဆင့် ဖွဲ့စည်းထားသော ကာကွယ်ဆေးဖျန်းအဖွဲ့က ဝန်ထမ်းအိမ်ရာများ၊ အပျိုဆောင်၊ လူပျိုဆောင်များ၊ အိမ်ရာအတွင်းရှိ စားသောက်ဆိုင်များ၊ ကားဂိုဒေါင်နှင့် မူကြိုကျောင်းများ အတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးအတွက် ဆိုဒီယမ်ဟိုက်ပိုကလိုရိုက်ပါဝင်သော ပိုးသတ်ဆေးများကို ပက်ဖျန်းပေးခဲ့ကြသည်။

အလားတူ ယမန်နေ့ကလည်း အဆိုပါ ကာကွယ်ဆေးဖျန်းအဖွဲ့သည် မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်နှင့် နေပြည်တော်သတင်းစာတိုက်တို့ရှိ ရုံးခန်းများနှင့် ပုံနှိပ်စက်ရုံတို့တွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးများ ပက်ဖျန်းပေးခဲ့သည်။

**ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ – သီဟစည်သူ**

# ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တပ်ကုန်းမြို့တွင်း ရန်ကုန်-မန္တလေးကားလမ်း၌ ပိုးသတ်ဆေးဖျန်း

**တပ်ကုန်း မေ ၆**

နေပြည်တော် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်တင့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရဦး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်လင်းထက်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းနှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းအထောက်အကူပြု ကော်မတီနှင့် လုပ်အားဒါနပြုသူတို့ ပူးပေါင်း၍ တပ်ကုန်းမြို့တွင်း ရန်ကုန် – မန္တလေး ကားလမ်း၊ မိုဃ်းကောင်းဘုရားစေတီတော်မြတ်ကြီးရှေ့မှ ငွေတောင်တောရပရိယတ္တိ စာသင်တိုက်မုခ်ဦးအထိ ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းကို မေ ၆ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။ (ဝဲပုံ)



အဆိုပါ ကားလမ်းပေါ်တွင် ဟိုက်ပိုကလိုရိုက် ပိုးသတ်ဆေးကို အသုံးပြုပြီး ဆေးဖျန်းစက် နှစ်လုံး၊ လျှပ်စစ်ဆေးဖျန်းပုံး ခုနစ်ပုံး၊ ရိုးရိုးဆေးဖျန်းပုံး ခြောက်ပုံးနှင့် အဖွဲ့နှစ်ဖွဲ့ဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်း ဟင်္သာတတွင် ဆောင်ရွက်

**ဟင်္သာတ မေ ၆**

ဟင်္သာတမြို့နယ်တွင် ပြည်သူများအား ကိုဗစ်–၁၉ ရောဂါ အန္တရာယ်မှကာကွယ်နိုင်ရန်ရည်ရွယ်၍ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ပူးပေါင်းအဖွဲ့များက အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က လူစည်ကားပြီး သွားလာမှုများပြားသည့် ဟင်္သာရုပ်အဝိုင်း၊ ဘုရားလမ်း၊ အားကာဈေး၊ ပဒေသာဈေးနှင့် ဌေးဝင်းဈေးများရှိ ဈေးမျက်နှာစာတမ်းများ၊ မီးပွိုင့်လမ်းဆုံမှ လွတ်လပ်ရေးကျောက်တိုင်၊ ရောဝတီဘဏ်ခွဲ(၁)နှင့် သမဝါယမဘဏ်ရှေ့များတွင် ပိုးသတ်ဆေးဖျန်းခြင်းနှင့် ကိုဗစ်–၁၉ ရောဂါကာကွယ်နိုင်ရန် နှာခေါင်းစည်းအသုံးပြုခြင်းဆိုင်ရာ အကြံပြုချက်ပိုစတာများနှင့် အသိပညာပေးစတေကာများကပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့နယ်ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၊ ကိုဗစ်–၁၉ ရောဂါ ကူညီကယ်ဆယ်ရေးပရဟိတအဖွဲ့ (ဟင်္သာတ)နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ယင်းဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်းက ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ မှာကြားပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



တောင်ငူမြို့ တရားရုံးအတွင်းရှိ တရားခွင်နေရာများ၊ ရုံးခန်းများ၊ အချုပ်ခန်းနှင့် လူအသွားများသည့်နေရာများကို မေ ၆ ရက်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်းမှ အရာရှိစစ်သည် တပ်မတော်သားများက ကိုဗစ်–၁၉ ကာကွယ်ရေး အထောက်အကူဖြစ်စေရန်အတွက် ပိုးသတ်ဆေးများ ပက်ဖျန်းပေးစဉ်။

**(အလားတူ နယ်မြေခံတပ်ဖွဲ့ဝင်များသည် တောင်ငူမြို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ အစိုးရရုံးများ၊ ရင်ခွင်မဲ့ ပရဟိတဂေဟာများကိုလည်း ပိုးသတ်ဆေးများ ပက်ဖျန်းပေးခဲ့ကြသည်။)**

သူရ (တောင်ငူ)

## သန်လျင်မြို့မဈေးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ရန်ကုန် မေ ၆**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့မဈေးကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အရှိန်မြှင့်ဆောင်ရွက်ခြင်းအဖြစ် ဒုတိယအကြိမ် ဆေးဖျန်းဆောင်ရွက်ခြင်းကို မေ ၆ ရက်က ဆောင်ရွက်သည်။

အဆိုပါဆေးဖျန်းဆောင်ရွက်ရာတွင် သန်လျင်မြို့နယ် နာရေးကူညီမှုအသင်း၊ မြို့နယ်ကြက်ခြေနီအသင်း၊ ရပ်ကွက်ကျေးရွာ လူမှုကူညီရေးအသင်းအဖွဲ့များက ပါဝင်ကူညီဆောင်ရွက်ပေးကြရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်နှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိုက်စိုးနှင့် ဝန်ထမ်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## ကံမမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ကံမ မေ ၆**

မကွေးတိုင်းဒေသကြီး ကံမမြို့ စည်ပင်သာယာမြို့မဈေးတွင် ဈေးသူဈေးသားများနှင့်ဈေးအတွင်း သွားလာကြသည့် ပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ရောဂါမဖြစ်ပွားစေရေးအတွက် ယမန်နေ့ညနေက အဆိုပါဈေးအတွင်း အပြင်နေရာများနှင့် လူသွားလူလာများသည့် နေရာများ၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းသိန်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

## ကန့်ဘလူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ကန့်ဘလူ မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များသည် ကန့်ဘလူမြို့မရဲစခန်းဝင်းအတွင်းရှိ အဆောက်အဦများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မေ ၆ ရက်နံနက် ၉ နာရီခွဲက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကန့်ဘလူမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြင့်သိန်းဦး ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ကန့်ဘလူမြို့မရဲစခန်းဝင်းအတွင်းရှိ စခန်း၊ ရုံးခန်း၊ ဝန်ထမ်းနေအိမ်လိုင်းခန်းများ၊ ဓမ္မာရုံနှင့် အချုပ်ခန်းများကို ပိုးသတ်ဆေးများ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ဝက်လက်မြို့နယ်၌ ကိုဗစ် -၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ဝက်လက် မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဦးစီးကော်မတီ၏ ဦးဆောင်မှုဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ နေ့စဉ် ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက် နံနက် ၈ နာရီက ဝက်လက်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဆက်သွယ်ရေးရုံး၊ မြို့နယ်ကြေးနန်းနှင့်စာတိုက်ရုံး၊ အသွားအလာကန့်သတ်စောင့်ကြည့်ခံထားရသူများ ထားရှိသည့် အ.လ.က (၃) စာသင်ကျောင်း၊ ငွေကမ္ဘာ ငွေစုငွေချေးသမဝါယမအသင်း လီမိတက်ရုံး၊ ကြို့ပင်ပရိယတ္တိစာသင်တိုက်၊ မင်းကျောင်းဘုန်းကြီးကျောင်း၊ ရွှေနာမ်ဂိုဏ်းဘုန်းကြီးကျောင်း၊ ဘိုးဘွားရိပ်သာ၊ အောင်မြေဘုန်းကြီးကျောင်း၊ သစ္စာအောင်သပြေဘုန်းကြီး ကျောင်း၊ မင်းစုဘုန်းကြီးကျောင်း၊ မြို့မဘုန်းကြီးကျောင်း၊ မစိုးရိမ်ဘုန်းကြီး ကျောင်းတို့တွင် ကိုဗစ်– ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဝက်လက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမောင်းနိန် ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

## ကသာမြို့ အကျဉ်းထောင်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ကသာ မေ ၆**


စစ်ကိုင်းတိုင်းဒေသကြီးကသာမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် မေ ၄ ရက်က ကသာမြို့ အကျဉ်းထောင်နှင့် အကျဉ်းဦးစီးဌာန ဝန်ထမ်းလိုင်းခန်းများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ ညနေ ၄ နာရီတွင် ကသာမြို့ “မင်းပြည်သူ” ဘိုးဘွားရိပ်သာအဆောက်အဦနေရာများတွင်လည်း ကိုဗစ် –၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို ကသာခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းညွန့်၊ မြို့နယ်မီးသတ် ဦးစီးအရာရှိ ဦးအောင်ဖြိုးသူတို့က ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မြိုင်ရာဇာတွတ်ပီ ကျွန်ုပ် နှင့် ဆိုပေမယ့်.....

မူပိုင်-ဒေါ်မို့မို့ဆန်း၊ဇာတ်ညွှန်း-တက်စိုး၊ကာတွန်း-ကြည်နိုင်




## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID–19 ကူးစက်ရောဂါ ပြန့်ပွားမှုကို ထိန်းချုပ်ရန် အများပြည်သူ လိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်း မပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# ညောင်ရွှေမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ညောင်ရွှေ ဧပြီ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့မှစတင်၍ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများပါဝင်သော ပူးပေါင်းအဖွဲ့များသည် မြို့နယ်အတွင်း အဓိကဝင်ရောက်နိုင်သော နေရာများဖြစ်သည့် မြို့အဝင်(ရွှေညောင်)၊ မြို့အဝင် (အေးသာယာ)၊ ပေါင်းပိုင်း (တောင်ပို့ကြီး) လမ်း၊ ကျွန်းတောင်-ကျောက်တလုံးလမ်း၊ မော်ဘီ အဝိုင်းပတ်လမ်းဆုံ၊ အင်းတိန်-အောင်ပန်းလမ်းနေရာတို့တွင် နေ့စဉ်ဝင်ရောက်လာသူများအား ကိုယ်အပူချိန်တိုင်းတာ၍ ကျန်းမာရေးစစ်ဆေးခြင်း၊ **(အပေါ်ပုံ)** ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ သံသယ ဖြစ်ဖွယ်ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့်နည်းလမ်းများ၊ လူစုလူဝေးရှိသည့်နေရာများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ရန်စသည့် ကျန်းမာရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**နေမျိုးသူရိန်**



# ရပ်စောက်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရပ်စောက် ဧပြီ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး မြို့နယ်အဆင့်ကော်မတီက မြို့နယ်အတွင်းရှိ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ကြိုးကြပ်ဆောင်ရွက်ခြင်းကို ယမန်နေ့ကစတင်၍ မြို့အဝင်/အထွက် တိုးဂိတ်များ၊ **(အောက်ပုံ)** ရပ်ကွက်/ ကျေးရွာများရှိ ကန့်သတ်စောင့်ကြည့်နေရာများသို့ ကွင်းဆင်းစစ်ဆေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ ပူးပေါင်းပြီး မြို့အဝင်/အထွက် တိုးဂိတ်များ၌ ကျန်းမာရေးဌာနမှ အပူချိန်တိုင်း ကျန်းမာရေးစစ်ဆေးသည့်နေရာများ၊ ရပ်ကွက်နှင့် ကျေးရွာများရှိ အသွားအလာကန့်သတ်နေရာများသို့ သွားရောက်စစ်ဆေးပြီး အဆိုပါ နေရာများတွင် နေထိုင်ကြရသည့် ပြည်တော်ပြန်များအား သတ်မှတ်ရက်အတွင်း ပြည့်မီစွာ နေပေးကြရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ဆောင်ရန် ရှောင်ရန် အချက်အလက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်၊ စည်းကမ်းလိုက်နာခြင်းဖြင့် မိမိ၏ မိသားစု၊ မိမိပတ်ဝန်းကျင်ကို ကူညီရာရောက်မည်ဖြစ်ကြောင်း ပြောကြားပြီး ပြည်သူများ လက်ဆေးရန်အတွက် ထားရှိပေးမှုများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ပစ္စည်းများလှူဒါန်း

**ပင်လောင်း ဧပြီ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်း ပြည်ပမှ ပြန်လည်ဝင်ရောက်လာသောပြည်သူများထားရှိရန် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာ ငါးခုဖွင့်လှစ်၍ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများပေးလျက်ရှိရာ ပင်လောင်းမြို့နယ် နေ့သစ် (ပညာရေး)ပရဟိတအဖွဲ့မှ ယမန်နေ့က ပင်လောင်းမြို့ ပြည်သူ့ဆေးရုံသို့ နှာခေါင်းစည်း အခု ၁၅၀၊ ငါးသေတ္တာဘူး ၁၀၀၊ အခြားလိုအပ်သော အသုံးအဆောင်များကို လှူဒါန်းသည်။

ထို့နောက် ဆောင်းပြောင်းတိုက်နယ်ဆေးရုံ၊ ပေါင်းလောင်းတိုက်နယ်ဆေးရုံ၊ နောင်တရားတိုက်နယ်ဆေးရုံနှင့် တီကျစ်တိုက်နယ်ဆေးရုံတို့တွင်လည်း အလားတူပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန်လိုအပ်ပါက စက်မှုလယ်ယာဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်ခြင်း

တောင်သူလယ်သမားဦးကြီးများအနေဖြင့် လယ်ယာလုပ်သား အခက်အခဲများကြောင့် လယ်ယာလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရန်နှင့် လယ်ယာကုန်ထုတ်လုပ်မှု မထိခိုက်စေရန်တို့အတွက် လူအင်အားအနည်းဆုံးဖြင့် စက်ကိရိယာများအသုံးပြု၍ ထွန်ယက်ရေး၊ စိုက်ပျိုးရေးနှင့် ရိတ်သိမ်းခြွေလှေ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြရန်အလို့ငှာ စက်မှုလယ်ယာဦးစီးဌာနက စွမ်းအားရှိသရွေ့ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် နီးစပ်ရာ စက်မှုလယ်ယာစခန်းများတွင် လည်းကောင်း၊ အောက်ပါဖုန်းနံပါတ်များသို့ လည်းကောင်း ဆက်သွယ်အကူအညီရယူနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | - ၀၉ ၅၀၀၇၅၇၆၊ ၀၆၇ ၃၄၃၁၂၁၀ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | - ၀၉ ၂၅၀ ၂၈၉ ၂၉၉၊ ၀၆၇ ၃၄၃၁၂၁၂ |
| ညွှန်ကြားရေးမှူး(လုပ်ငန်း) | - ၀၉ ၄၂၂ ၀၀၀ ၂၂၁ |
| ညွှန်ကြားရေးမှူးချုပ်ရုံး | - ၀၆၇ ၃၄၃၁၂၃၄ |
| စက်မှုလယ်ယာဦးစီးဌာန (လုပ်ငန်းဌာနခွဲ) | - ၀၆၇ ၃၄၃၁၂၁၈ |

တိုင်းဒေသကြီးနှင့်ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနရုံးများ

မြို့နယ်စက်မှုလယ်ယာစခန်းများ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# လှည်းကူးမြို့နယ် ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းဌာနသို့ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရန် အမျိုးသမီးတစ်ဦးထပ်မံ ရောက်ရှိ

**လှည်းကူး ဧပြီ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းဌာနသို့ ကိုဗစ်-၁၉ ရောဂါ ၁၄ ရက် သီးခြားစောင့်ကြည့်ရန် ယမန်နေ့က အမျိုးသမီးတစ်ဦး ထပ်မံရောက်ရှိခဲ့သည်။

လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စု ကျွန်းကြီးပိုင်နေသူ မနော်မြသဉ္ဇာထွန်း(၃၂)နှစ်သည် မြဝတီနယ်စပ်မှ ပြန်လည်ရောက်ရှိလာသဖြင့် ကျွန်းကလေးကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းစိုးက ကိုဗစ်-၁၉ရောဂါကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန်နှင့် ကျန်းမာရေးအခြေအနေကို ၁၄ ရက် ကန့်သတ်စောင့်ကြည့်ရန်အတွက် လာရောက်ပို့ဆောင်ခဲ့ရာ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်ဆွေက လက်ခံခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးသည်။

အဆိုပါ ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းဌာနတွင် ပြည်ပသို့ သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီအဖွဲ့၏ ကြီးကြပ်မှုဖြင့်ထားရှိရာ အမျိုးသား ၅၀၊ အမျိုးသမီး ၂၈ ဦး ရောက်ရှိလျက်ရှိပြီး ဧပြီ ၅ ရက် ညနေ ၅ နာရီ ၁၅ မိနစ်ခန့်က အမျိုးသားနှစ်ဦး၊ အမျိုးသမီး သုံးဦးတို့မှာ ကျေးရွာအုပ်ချုပ်ရေးမှူးအစီအစဉ်ဖြင့် ကျေးရွာတွင်နေထိုင်ခဲ့သည့် ကန့်သတ်စောင့်ကြည့်မှုအပါအဝင် ၁၄ ရက်ပြည့်ခဲ့ရာ ရောဂါလက္ခဏာမတွေ့ရှိရသဖြင့် နေအိမ်သို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

လှည်းကူးမြို့နယ် ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းဌာနသို့ ပြည်ပနိုင်ငံများမှ ၁၄ ရက် သီးခြားစောင့်ကြည့်ခံရသူ အမျိုးသား ၄၈ ဦး၊ အမျိုးသမီး ၂၅ ဦး ကျန်ရှိလျက်ရှိကြောင်း သိရသည်။ **နိုင်လင်း(လှည်းကူး)**

# မယ်စဲ့မြို့နယ် စစ်ဆေးရေးဂိတ်နှစ်ဂိတ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်

**မယ်စဲ့ ဧပြီ ၆**

မြန်မာနိုင်ငံတွင် ကူးစက်ပျံ့နှံ့လျက်ရှိသော ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ မြို့နယ်အတွင်း ကူးစက်မှု မဖြစ်ပွားစေရေးအတွက် ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ နမ့်မန်းစစ်ဆေးရေးဂိတ်နှင့် မယ်ဆည်နမ်စစ်ဆေးရေးဂိတ် နှစ်ဂိတ်တို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဂိတ်နှစ်ဂိတ်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယအကြိမ် ထောက်ပံ့သည့် ရေသန့်ဘူး၊ အစားအသောက်နှင့် ထောက်ပံ့ငွေများကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကော်မတီဝင်များက ယမန်နေ့က သွားရောက် ထောက်ပံ့ခဲ့သည်။

ထို့ပြင် မယ်စဲ့မြို့မကျောင်းဆရာတော် ဦးသြဘာသကလည်း ပူးပေါင်းအဖွဲ့အတွက် ရေသန့်ဘူး၊ ကြက်သွန်နီ ၁၀ ပိဿာ၊ အာလူး ၁၀ ပိဿာစီတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝတ်ရည် (ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်း စောင့်ကြည့်ရေးစခန်းတွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူသုံးဦး သီးခြားထားရှိပြီး ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**ပွင့်ဖြူ ဧပြီ ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်း စောင့်ကြည့်ရေးစခန်းတွင် ဧပြီ ၃ ရက်က ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ သုံးဦးအား ၁၄ ရက် သီးခြားထားရှိပြီး ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီမှ သိရသည်။

အဆိုပါ ပြန်လည်ရောက်ရှိလာသူသုံးဦးအား မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းသိန်းအောင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက တွေ့ဆုံ၍ လိုအပ်သော ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပြီး နေရာထိုင်ခင်းများ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့နောက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက မိမိတို့ကော်မတီအဖွဲ့အနေဖြင့် ၁၄ ရက်ကြာ ကန့်သတ်ထားခြင်းသည် အများပြည်သူ စိုးရိမ်ထိတ်လန့်မှုများ မရှိစေရန်နှင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် သီးခြားထားရှိပြီး စောင့်ကြည့်ခြင်းဖြစ်ကြောင်း၊ မိမိတို့ကလည်း ၁၄ ရက် စောင့်ကြည့်ကာလအတွင်း ကျန်းမာရေးပြုစုစောင့်ရှောက်မှုများကို ပုံမှန်ပြုလုပ်၍ စနစ်တကျ နေထိုင်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်း စောင့်ကြည့်ရေးစခန်းတွင် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူသုံးဦးအား မြို့ပေါ်ရပ်ကွက်များရှိ စေတနာရှင်ပြည်သူများက နေ့စဉ်စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များနှင့် အသုံးအဆောင်ပစ္စည်းများ ပေးပို့လှူဒါန်းကြကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ရုံးပတီသီး ဈေးကောင်းသဖြင့် ရုံးပတီသီးစိုက်တောင်သူများ ဝင်ငွေတိုးပွား

**ကောလင်း ဧပြီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ခွင်တောင်း၊ ယောမြေနီ၊ လက်ပံကွေ့၊ ကျွန်းလှခုံ၊ ဝန်းသိုမြို့နယ် ဇီးဖြူပင်၊ ငွေ့ကြီး၊ လက်ပံကြီးတော၊ အုပ်ဖို၊ သရက်အိုက်၊ စိန်လည်၊ အောင်းကုန်း၊ သပြေသာ စသည့် ကျေးရွာများသည် ဒေါင်းမြူးချောင်းနံဘေးတွင် တည်ရှိပြီး ပန်းဂေါ်ဖီ၊ ငရုတ်၊ သခွား၊ မေမြို့ပန်း၊ သစ္စာပန်း၊ ကြက်သွန်၊ ခရမ်းချဉ်၊ ပြောင်းဖူး၊ ဂန္ဓမာပန်းစသည့် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ရုံးပတီသီးဈေးကောင်းသဖြင့် ယခုနှစ် ရုံးပတီသီးစိုက်တောင်သူများ ဝင်ငွေတိုးပွားလျက်ရှိသည်။

"ရုံးပတီမျိုးစေ့ကို စိုက်ပျိုးရေးဆိုင်က တစ်ထုပ်ဝယ်ပြီး မျိုးစေ့ကို အရင်နှစ်ကတည်းက မျိုးပြန်ယူထားတာပါ။ အရင်နှစ်က စိုက်ပျိုးတဲ့သူများတာမို့ တစ်ဧကစိုက်တာ နေ့တိုင်းကောက်ရပြီး တစ်ခါကောက်ကို အတောင့် ၂၀၀၀၀ အထိတော့ ရပါတယ်။ ဒါပေမယ့် အတောင့်အကြီးအသေးပေါ်မူတည်ပြီး ရုံးပတီသီးတစ်တောင့်ကို ၂ ကျပ်ကနေ ၃ ကျပ်အထိသာ ရောင်းရတာကြောင့် အမြတ်နည်းခဲ့ပါတယ်။ အခုနှစ်လည်း တစ်ဧကကို ရုံးပတီသီးမျိုးစေ့ရှစ်ပြည် စိုက်ပျိုးထားပါတယ်။ ကောက်နေတာကတော့ သုံးပတ်လောက်ရှိပြီဆိုတော့ အတောင့် ၂၀၀၀၀ လောက်တော့ ရပါပြီ။ တစ်တောင့်ကို အတောင့်အကြီးအသေးပေါ်မူတည်ပြီး ၅ ကျပ်ကနေ ၇ ကျပ်အထိရပြီး ကောလင်းမြို့ပေါ်ရှိ ဖောက်သည်တွေထံ ပို့ပေးရပါတယ်။ တစ်ဧကစိုက် အလုပ်သမား တစ်ယောက်ကို ငွေကျပ် ၂၅၀၀ နဲ့ လေးယောက် ပုံမှန်အကောက်ငှားထားတာကြောင့် အလုပ်သမားတွေလည်း နေ့တိုင်းဝင်ငွေရရှိပြီး ကျွန်တော်တို့လည်း နေ့တိုင်း ငွေကျပ် ၁ သိန်းကျော်ပုံမှန်ရရှိတာမို့ ဝင်ငွေ ပိုမိုတိုးပွားလာပါတယ်" ဟု ရုံးပတီသီးစိုက်တောင်သူ အုပ်ဖိုကျေးရွာနေ ဦးဖိုးထိန်က ပြောသည်။

"ကျွန်မက စိုက်ခင်းအရောက် သီးနှံမျိုးစုံဝယ်ယူပြီး ဝန်းသိုဈေးမှာသွားရောင်းတာပါ။ အခုနှစ်က ရုံးပတီသီးစိုက်အခင်းရှင်ဆီမှာ မှာခိုင်းရတာပါ။ ဒါတောင် လိုသလောက်မရဘူး"ဟု မြိုင်ဇေယျာကျေးရွာမှ ဆိုင်ကယ်ဖြင့် ဈေးရောင်းသည့် ဒေါ်သေးကပြောသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

# ရေစကြိုမြို့နယ်၌ သောက်သုံးရေအခက်ကြုံနေသည့် ကျေးရွာများအား သောက်သုံးရေများ ဖြန့်ဝေပေး

**ရေစကြို ဧပြီ ၆**


မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရာ ယမန်နေ့က ရေစကြိုမြို့နယ် ထန်းငယ်တောကျေးရွာအုပ်စု၊ ကျောက်လှေခါးကျေးရွာ၊ ဥက္ကံကျေးရွာနှင့် ကွမ်းသီးကန်ကျေးရွာများမှ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစေရေးအတွက် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးခဲ့သည်။

ကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရေးအတွက် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ သွားရောက်ဖြန့်ဝေပေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ခရိုင်ကျေးလက်ဦးစီးဌာနပိုင် ရေသယ်ယာဉ်ဖြင့် ရေစကြိုမြို့နယ် ကျောက်လှေခါးကျေးရွာတွင် အိမ်ခြေ ၁၇၅ အိမ်၊ လူဦးရေ ၉၀၅ ဦးအတွက် ရေဂါလန် ၁၆၀၀၊ ဥက္ကံကျေးရွာရှိ အိမ်ခြေ ၁၉၄ အိမ်၊ လူဦးရေ ၈၅၈ ဦးအတွက် ရေဂါလန် ၁၆၀၀၊ ကွမ်းသီးကန်ကျေးရွာရှိ အိမ်ခြေ ၁၉၃ အိမ်၊ လူဦးရေ ၉၂၂ ဦးအတွက် ရေဂါလန် ၁၆၀၀ တို့ကို သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေး အိမ်ထောင်စုများအလိုက် စနစ်တကျ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဌာနခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲခွင့်ရရှိစေရေးအတွက် မြေသားမိုးရေလှောင်ကန် ပြုပြင်ခြင်းလုပ်ငန်း လေးခု၊ ရေစက်ရုံ၊ ရေကန်ပါဝင်သော စက်ရေတွင်း(တွင်းနက်) တူးဖော်ခြင်းလုပ်ငန်း သုံးခုနှင့် တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်းတစ်ခု၊ နိုင်ငံတော် ထောက်ပံ့ငွေဖြင့် အရှည်ပေ ၉၀၀၈ ပေရှိ အိမ်တိုင်ရာရောက် ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းတစ်ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်မာထံက သိရသည်။

**ရဲဝင်းနိုင် ( ညောင်ဦး )**

# "မြန်မာ့ရိုးရာရွှဲ ကစားခြင်းအတတ်ပညာနှင့် ရွှဲအသုံးပဒေသာ" စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ




**ရန်ကုန် ဧပြီ ၆**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ သုတပဒေသာ (ဝိဇ္ဇာ) ပထမဆုရရှိသည့် စာရေးဆရာ လွင်မြန်မာ (မန်းတက္ကသိုလ်)၏ "မြန်မာ့ရိုးရာရွှဲ ကစားခြင်းအတတ်ပညာနှင့် ရွှဲအသုံးပဒေသာ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ရွှဲဝေါဟာရ၊ ရွှဲသမိုင်း၊ ရွှဲပြုလုပ်ပုံ၊ ဘာသာရေး၊ လူမှုရေး၊ အနုပညာရေးများတွင် ရွှဲလုံးအလှများ အပါအဝင် ရွှဲကစားခြင်းသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အားကစားနည်းတစ်ရပ်ဖြစ်ပုံ၊ ခြင်းရွှဲခတ်ကစားသူတို့တွင် ရှိရမည့် အင်္ဂါရပ်များ၊ ခြင်းခတ်ကစားနည်းကိုအခြေပြု၍ ခတ်ကစားရသော အားကစားနည်းဖြစ်သော်လည်း ခြင်းခတ်သကဲ့သို့ အဖွဲ့လိုက် ခတ်ကစားခြင်းမျိုးမဟုတ်ဘဲ ရွှဲကို တစ်ဦးတည်းသာ ခတ်ကစားရပုံ၊ ဦးခေါင်း၊ လက်၊ ခါး၊ ခြေ စသည့် အင်္ဂါအစိတ်အပိုင်းများ၊ အရေးပါသော ဟန်ပန်အမူအရာများ ဖန်တီးကစားရပုံ၊ ရွှဲကစားနည်း ၈၉ နည်း ကစားပုံများ၊ ရှေးခေတ်၊ ယခုခေတ် ခြင်းရွှဲပညာရှင်များ အကြောင်းတို့ကို စုံစုံလင်လင် ရေးသားထားသည့်အပြင် တိမ်ကောပပျောက်လုနီးဖြစ်နေသည့် ရွှဲပညာကို ခြင်းရွှဲပညာရှင်များနှင့် တွေ့ဆုံ၍လည်းကောင်း၊ ရောင်စုံမှတ်တမ်းဓာတ်ပုံများဖြင့် လည်းကောင်း၊ ကျမ်းကိုးများဖြင့် လည်းကောင်း ရေးသားထားသော စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ်၂၀၀၀ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝေါမြို့နယ် စက်စုကျေးရွာ အထကခွဲ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပန္နက်တင်



**ပဲခူး ဧပြီ ၆**

ဝေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်သည် ယမန်နေ့က ဝေါမြို့နယ်စက်စုကျေးရွာ အထကခွဲ စက်စုကျောင်းကို ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ပေ (၁၂၀ x ၃၀) တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်ရန် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဝင်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ဆောက်လုပ်မည့်နေရာတွင် ပန္နက်တင်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့သည် တင်ဒါအောင် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ စက်စုကျေးရွာကျောင်းအုပ်ဆရာမကြီး၊ ရပ်/ကျေး အလုပ်အမှုဆောင်အဖွဲ့များ၊ ကျောင်းကော်မတီဝင်များနှင့်တွေ့ဆုံ၍ ကျောင်းဆောင်သစ်နှင့် ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**အောင်မြတ်လင်း (ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၄ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၀ | ကျပ် | ၅၃၀/၅၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ | ကျပ် | ၅၄၅/၅၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၃၆၀/၄၀၀ | ကျပ် | ၄၃၀/၄၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၀၀/၅၆၅ | ကျပ် | ၆၀၅/၆၁၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၁ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၄ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၁ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၄၉ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၁ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၆၁ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၀ . ၄၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၆၅၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၆၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၂၄၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၉၈၀၀ | ၅၈၂ | ၅၆၂၂၄၀၀ |
| MTSH | ၃၄၅၀ | ၃၅၅၀ | ၉၈၁၂ | ၃၄၃၆၀၁၀၀ |
| MCB | ၈၁၀၀ | ၈၀၀၀ | ၂၃ | ၁၈၄၃၀၀ |
| FPB | ၂၁၀၀၀ | ၂၁၅၀၀ | ၅၁၅ | ၁၀၈၁၅၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၃ | ၈၂၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မိုးနဲမြို့နယ်နှင့် ရှေးဟောင်းအမွေအနှစ်များ

## မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ၏ ရက်စဉ်သမိုင်းအရ လွန်ခဲ့သည့် နှစ် ၉၀၀၀ မှ ၅၀၀၀ အတွင်း သက်တမ်းရှိသည့် အမျိုးသမီး ဦးခွံ တစ်ခုကို မိုးကုတ်မြို့နယ်အတွင်းရှိ ဂူတစ်ခု၏ ဝင်ပေါက်မှ ရရှိခဲ့သည်။ထိုအချိန်တွင် လူသားများသည် ဂူများတွင် နေထိုင်ခဲ့ကြဟန်ရှိကာ ကျောက်ခေတ် ခေတ်ဟောင်း နှောင်းပိုင်းနှင့်ကျောက်ခေတ်သစ်ဦးပိုင်း ယဉ်ကျေးမှုသည် ယခုရွာငံမြို့နယ်ရှိ ပြဒါးလင်းဂူ၌ ထွန်းကားခဲ့ပြီးနောက် ကျောက်ခေတ်လူသားများသည် ပြဒါးလင်းဂူ၌ နေထိုင်ခဲ့ကြသည်။

ခရစ်တော်မပေါ်မီနှစ် ၁၅၀၀ မှ ၆၀၀ အတွင်း၌ မြန်မာနိုင်ငံတွင် ကြေးခေတ်ယဉ်ကျေးမှု ထွန်းကားခဲ့ကြောင်း ပညာရှင်များက ခန့်မှန်းခဲ့ကာ ခရစ်တော်မပေါ်မီနှစ် ၇၀၀တွင် တောင်သမန်ဒေသ၌ သံခေတ်ဦးကာလ လူ့အဖွဲ့အစည်း တစ်ရပ်ပေါ်ထွန်းခဲ့သည်။ ခရစ်တော်မပေါ်မီ နှစ် ၆၀၀ တွင် တကောင်းဒေသ၌ မြို့ရွာတည်ထောင်မှု စတင်ခဲ့ပြီးဖြစ်ပေသည်။

လူဦးရေတိုးပွားခဲ့ပြီးနောက် မြို့ရွာများကို တည်ထောင်ခဲ့ကြသဖြင့် တကောင်း၊ မိုင်းမော၊ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း စသည်ဖြင့် ထင်ရှားသော မြို့ပြများ သည် မြန်မာနိုင်ငံ အဝန်းအဝိုင်းအတွင်း၌ ပေါ်ထွန်းခဲ့ကြ သည်။ ခေတ်အဆက်ဆက် မြို့ပြများ ထူထောင်ခဲ့ကြရာ မထင်ရှားသော မြို့ပြများလည်း ပါဝင်ခဲ့ကာ သစ်တောမင်းကြီး ဦးအောင်မြင့်၏ ကောင်းကင်ဓာတ်ပုံများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်း၌ မြို့ဟောင်း အချို့ကို ဖော်ထုတ်နိုင်ခဲ့သည်။

ခေတ်အဆက်ဆက် တည်ထောင်ခဲ့ကာ မြန်မာနိုင်ငံ နေရာဒေသအသီးသီး၌ ယခုတိုင် ကျန်ရှိနေသည့် ရှေးမြန်မာ့မြို့ဟောင်းများအနက် ရှမ်းပြည်နယ်တောင်ပိုင်းရှိ မိုးနဲမြို့ဟောင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်၍ ခရီးသွားများနှင့်သုတေသီများ စိတ်ဝင်စားသည့် နေရာတစ်ခု ဖြစ်သည်။

### မိုးနဲသို့

ရှမ်းပြည်နယ်တောင်ပိုင်း၏တောင်ကုန်းတောင်တန်းများ နောက်ခံဝယ် လှပစွာတည်ရှိနေသည့် မိုးနဲမြို့၌ ရှေးဟောင်း ယဉ်ကျေးမှုအထောက်အထားများစွာ တည်ရှိနေပြီး မိုးနဲမြို့ဟောင်း၏ အုတ်မြို့ရိုးတစ်ပိုင်းတစ်စကို မိုးနဲမြို့မှလင်းခေးမြို့သို့ အထွက်တွင် မြင်တွေ့နိုင်ကြပြီး မော်တော်ကားလမ်းက မြို့ရိုးကို ဖြတ်သန်းဖောက်လုပ်ထားသည်။

မိုးနဲမြို့ဟောင်းသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင်တွင် ပါဝင်ကာ တောင်ကြီးမြို့မှ အရှေ့တောင်ဘက် ယွန်းယွန်းသို့ ၁၆၉ ကီလိုမီတာကွာဝေးသည်။ တောင်ကြီးမှ မိုးနဲသို့ ဟိုပုံး၊လွိုင်လင်နှင့်နမ့်စန်မြို့တို့ကို ဖြတ်သန်း၍ မော်တော်ယာဉ်ဖြင့် လေးနာရီဝန်းကျင် မောင်းနှင်ကြရသည်။

အများယူဆကြသည့် နှုတ်ပြောရာဇဝင်များအရ မိုးနဲဒေသကို ဘီလူးမ အာဏာလွှမ်းမိုးကာ ဝင်ရောက်မွှေနှောက်ခဲ့သဖြင့် ရှမ်းဘာသာစကားဖြင့် ဘီလူးမမြို့ဟူသည့် အဓိပ္ပာယ်ရသည့် မိုင်းဖိုင်းဟု ခေါ်ဆိုခဲ့ကာ ကာလရှည်ကြာလာချိန်တွင် မိုင်းဖိုင်းမှ မိုင်းနိုင်း၊ မိုးနဲဟု ပြောင်းလဲခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မှတ်တမ်းတွင် ဖော်ပြထားသည်။ မိုးနဲသည် အဘွားမြို့ သို့မဟုတ် နှင်းမြို့ဟု အဓိပ္ပာယ်ရှိကြောင်း ယူဆချက်ကို မြန်မာ့စွယ်စုံကျမ်းတွင် ဖတ်ရှုရသည်။

အရှေ့မှအနောက်သို့ ၅၈ မိုင်နှင့်တောင်မှမြောက်သို့ ၂၂ မိုင်ရှည်လျားသည့် လက်ရှိ မိုးနဲမြို့နယ်သည် ၇၄၅ ဒသမ ၅၇ စတုရန်းမိုင် ကျယ်ဝန်း၍ မိုးနဲမြို့သည် သုညဒသမ ၅၆ စတုရန်းမိုင်ကျယ်ဝန်းသည်။ မိုးနဲမြို့နယ်၏ တည်နေရာမြေပုံအညွှန်းသည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၀ မိနစ်နှင့် ၅၀ မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၉ မိနစ်နှင့် ၉၈ ဒီဂရီ ၂၉ မိနစ်အကြား ဖြစ်သည်။

မိုးနဲမြို့နယ်သည် အရှေ့ဘက်တွင်မိုင်းပျဉ်းမြို့နယ်၊ အနောက်ဘက်တွင် မောက်မယ်မြို့နယ်၊ တောင်ဘက်တွင်လင်းခေးမြို့နယ်၊ မြောက်ဘက်တွင်နမ့်စန်မြို့နယ်နှင့်ကွန်ဟိန်းမြို့နယ်တို့နှင့်ထိဆက်နေသည်။ မိုးနဲမြို့သို့ တောင်ကြီး၊ လွိုင်လင်၊ နမ့်စန်၊ လင်းခေး၊ ခိုလမ်မြို့တို့မှ မော်တော်ကားလမ်းဖြင့် အလွယ်တကူသွားရောက်နိုင်ကြပြီး မိုးနဲမှ နမ့်စန်သို့ မိုင် ၃၀၊ မောက်မယ်သို့ ၂၇ မိုင်၊ လင်းခေးသို့ ၂၂ မိုင်၊ ကျိုင်းတောင်းသို့ ၅၁ မိုင်ကွာဝေးသည်။

လင်းခေးခရိုင်တွင် လင်းခေး၊ မောက်မယ်၊ မိုင်းပန်မြို့နယ်တို့နှင့် အတူပါဝင်သည့် မိုးနဲမြို့နယ်ကို မြို့နှစ်ခု (မိုးနဲနှင့်ကျိုင်း တောင်း)၊ ရပ်ကွက် ၁၂ ခု၊ ကျေးရွာအုပ်စု ၁၄ အုပ်စု၊ ကျေးရွာ ၇၄ ရွာဖြင့် ဖွဲ့စည်းသည်။

တောင်ကုန်းတောင်တန်းများ ပေါများသည့် မိုးနဲမြို့နယ်တွင် လွိုင်မုန်မုန်း၊ လွိုင်မဟော်၊ လွိုင်ကောက်၊ လွိုင်မောင်မောင်း၊ လွိုင်တန်အင်နှင့် လွိုင်အင်တို့သည် ထင်ရှားသော တောင်များဖြစ်ကြသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၃၁၇၉ ပေမြင့်သည့် မိုးနဲမြို့နယ်သည် မြစ်ချောင်းများနည်းပါးသော်လည်း နမ့်တိန်းချောင်း၊ နမ့်တွန်ချောင်းနှင့် နမ့်စလိုင်ချောင်းတို့သည် မြောက်မှ တောင်သို့စီးဆင်းနေကြသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၂၁၃၂ ပေမြင့်သည့် ကျိုင်းတောင်းမြို့အနီးမှ ဖြတ်သန်းစီးဆင်း နေသည့် နမ့်တိန်းချောင်း၏ အမြင့် ၄၂၇ ပေမှ ရေထုများသည် အောက်သို့ တစ်ဟုန်ထိုးစီးဆင်းနေကြရာ ယင်းနေရာသည် ကျိုင်းတောင်း (တက်ဘုံအိုင်) ရေတံခွန်ဟု ထင်ရှားသည်။

တောင်ပေါ်ဒေသဖြစ်သော်လည်း မိုးနဲမြို့နယ်သည် မိုးရွာသွန်းမှုများပြားကာ တစ်နှစ်လျှင် ပျမ်းမျှ မိုးရွာသွန်းရက် ၅၉ ရက်မှ ၈၁ ရက်အကြား၌ မိုးရေချိန် ၃၃ လက်မမှ ၄၈ လက်မအကြားရွာသွန်းသည်။ ဆောင်းရာသီတွင် အနိမ့်ဆုံးအပူချိန်သည် ၃ ဒီဂရီ စင်တီ ဂရိတ်ဖြစ်၍ နွေရာသီတွင် အမြင့်ဆုံး အပူချိန်သည် ၃၈ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။

၂၀၁၈ ခုနှစ် မတ်လတွင် ထုတ်ပြန်သော စာရင်းများအရ မိုးနဲမြို့နယ် လူဦးရေ ၄၁၀၅၄ ဦးအနက် ရှမ်းတိုင်းရင်းသားများက ၂၃၈၅၁ ဦးဖြစ်သဖြင့် မြို့နယ်လူဦးရေ၏ ၇၂ ဒသမ ၅၅ ရာခိုင်နှုန်းဖြစ်သည်။ သေးငယ်သော မိုးနဲမြို့နယ်တွင် အထက်တန်းကျောင်း နှစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ တစ်ကျောင်း၊ အလယ်တန်းကျောင်း သုံးကျောင်းနှင့် မူလတန်းကျောင်း ၄၀ ရှိသည်။

ဒေသနေပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် မိုးနဲနှင့် ကျိုင်းတောင်းတွင် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံ တစ်ရုံစီနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှစ်ခု ဖွင့်လှစ်ထားသည်။ ရှေးဟောင်းအမွေအနှစ်များရှိနေပြီး ဗုဒ္ဓဘာသာကို မြို့နယ်နေ ပြည်သူများ အများဆုံးကိုးကွယ်သည့် မိုးနဲမြို့နယ်တွင် စေတီဘုရားပေါင်း ၁၁၀၆ ဆူနှင့် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း ၅၄ ကျောင်းရှိသည်။ ထို့အတူ မြို့နယ်အတွင်း၌ ခရစ်ယာန်ဘုရားကျောင်း နှစ်ခု၊ အစ္စလာမ် ဗလီ တစ်ခု၊ ဟိန္ဒူဘုရားကျောင်း နှစ်ခုနှင့် တရုတ် ဘုရားကျောင်းတစ်ခုတို့လည်းရှိနေကြသည်။



မိုးနဲမြို့မှ ရှေးဟောင်းစေတီများကို တွေ့ရစဉ်



မိုးနဲမြို့ရှိ ညောင်ပင်နှင့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ

### မိုးနဲစေတီဟောင်းများ

တောင်ကြီးမြို့မှ မိုင် ၇၀ ကွာဝေးသည့် နမ့်စန်မြို့မှ တစ်ဆင့် လင်းခေးသို့ သွားသည့် ကားလမ်းအတိုင်း တောင်ဘက်သို့ ၃၅ မိုင် ဆက်သွားလျှင် မိုးနဲမြို့သို့ ရောက်ရှိသည်။

မိုးနဲမြို့သို့ မဝင်မီ ကားလမ်း၏ တစ်ဖက်တစ်ချက်တွင် ကြာဖူးပုံ အုတ်တိုင် တစ်ခုစီကို စိုက်ထူထားသည့် နေရာနှစ်ခုကို ဖြတ်သန်းကြရသည်။ ယင်းကြာဖူးနှစ်ခုကို မိုးနဲမြို့၏ လက္ခဏာတစ်ရပ်ဟု ဆိုကြသည်။

မိုးနဲမြို့ကို သုံးကြိမ် တည်ခဲ့သည်ဟု မြို့သမိုင်းမှတ်တမ်းများတွင်ရေးသားခဲ့ကြရာ ပထမမိုးနဲကို လက်ရှိမိုးနဲ၏အရှေ့မြောက် ဘက် ၁၈ မိုင်၊ ဒုတိယမိုးနဲကို အရှေ့ဘက် လေးမိုင် တွင်တည်ခဲ့သည်ဟု ဆိုကြသည်။ တတိယမိုးနဲကို ဘုရင့်နောင်မင်းတရား လက်ထက် ၁၅၅၇ ခုနှစ်တွင် မိုးနဲစော်ဘွား စဝ်ပိတ်ဟုမ်ဖက တည်ခဲ့သည်။ မိုးနဲစော်ဘွားသည် ဘုရင့်နောင်ကို သစ္စာခံသော်လည်း သားတော် ညောင်ရမ်းမင်းက ၁၆၀၃ ခုနှစ်တွင် မိုးနဲကို သိမ်းပိုက်ခဲ့ပြီးနောက် စော်ဘွားဆက်ပြတ်ခဲ့သည်။

ထိုကာလအတွင်း၌ မိုးနဲကို မြန်မာတို့က အုပ်ချုပ်ခဲ့ပြီး သာလွန်မင်းတရားကြီးလက်ထက်တွင် စဝ်လာခမ်းကို မိုးနဲစော်ဘွားအဖြစ် ခန့်အပ်ခဲ့သည်။ မိုးနဲကို မြန်မာတို့ အုပ်ချုပ်စဉ်ကာလများအတွင်း တည်ထားခဲ့သည့် သာသနိက အဆောက်အအုံများသည် မြန်မာနှင့် ရှမ်းဟန်များ ရောနှောနေခဲ့ဟန်ရှိပေသည်။

မိုးနဲမြို့သို့ရောက်သည်နှင့် ကားလမ်း၏ လက်ယာဘက်တွင် တစ်စုတစ်ဝေးတည်းရှိနေသည့် ရှေးဟောင်းဘုရားများကိုမြင်တွေ့ကြရသည်။ စေတီတော်အများစုသည် ရှမ်းပြည်နယ်တွင်တွေ့ရှိရလေ့ရှိသည့် ရှည်မျောမျောပုံများမဟုတ်ဘဲ မြန်မာနိုင်ငံ တစ်ဝန်းတွင် တည်ထားသည့် စေတီတော်ပုံဟန်များဖြစ်ကြကာ ယင်းနေရာကို မိုးနဲမွေတော်စုဘုရားများဟု ခေါ်ကြသည်။

ယင်းစေတီများကို ထိန်းသိမ်းစောင့်ရှောက်နေသည့် ဆရာတော် ဦးပညာပါလက စေတီစုဝင်း၌ စေတီ ၅၁ ဆူ ရှိကြောင်း မိန့်ကြားခဲ့သည်။ စေတီတော်အချို့ကို ခေတ်ဟန်အတိုင်း ပြင်ဆင်ထားသဖြင့် မူလလက်ရာများမကျန်ရှိတော့ချေ။ မိမိတို့အဖွဲ့သည် ရှေးဟောင်းစေတီပုထိုးများကို ဆေးများသုတ်ခြင်း၊ ရွှေများချခြင်းထက် မူလလက်ရာအတိုင်းထိန်းသိမ်းထားခြင်းက ယဉ်ကျေးမှုအမွေအနှစ် တန်ဖိုးပိုမိုမြင့်မားကြောင်း ဆရာတော်အား လျှောက်ထားခဲ့ပါသည်။

မိုးနဲမွေတော်စုဘုရားများအကြားတွင်ရှိသည့် ညောင်ပင်ကြီး တစ်ပင်၏ ပင်စည်ရှေ့သို့ ကျနေသည့် ကိုင်းကြီးများသည် လူများမပြုပြင်ဘဲ ဘုရားကျောင်းဆောင်တစ်ခု သဖွယ်ဖြစ်နေကာ အတွင်း၌ ရုပ်ပွားတော်တစ်ဆူကို ပူဇော်ထားသည်။

မိုးနဲမြို့လယ်၌ ရှမ်းပြည်နယ်အတွင်း အကြီးဆုံး စေတီတော်ဟု ဆိုနိုင်မည့် ဦးရွှေအောင်စေတီသည် ဝင်းကျယ်တစ်ခု အတွင်း၌ တစ်ဆူတည်း တည်ရှိနေသည်။ စေတီတော်၏ နောက်ခံသမိုင်းကို မသိရှိသော်လည်း စေတီတော်ဘွဲ့အမည်သည် လူပုဂ္ဂိုလ် အမည်ဖြစ်နေသဖြင့် အလှူရှင်၏ အမည်ပေလောဟု ယူဆဖွယ်ရှိခဲ့သည်။

မိုးနဲ နှစ်ကျိပ်ရှစ်ဆူ ဘုရားသည် စဉ့်ကိုင်မြို့နယ်ရှိ မက္ခရာမြို့ဟောင်းမှ အမရပူရခေတ်လက်ရာ ရွှေရောင်တော် ဘုရားနှင့် လက်ရာနီးစပ်မှုရှိကာ ရှမ်းဟန်များဖြင့် ထုလုပ်ထားသည်။ထို့အတူ မောင်ခိုင်မောင်နိုင် စေတီသည် မင်းကွန်းမြသိန်းတန်စေတီတော်နှင့် တည်ထားပုံဆင်တူသည်။

မိုးနဲမြို့ဟောင်းတွင် တည်ရှိသည့် စေတီတော်များနှင့် ဆင်းတုရုပ်ပွားများကို လက်ရာမြောက်စွာ ပြုလုပ်ထားပြီး ဆင်းတုတော်များတွင်သက်န်းတော်ကို အနုစိတ်ခြယ်မှုန်းထားကာ ယင်းတို့သည် ယောဘုယျအားဖြင့် အင်းဝခေတ်၊ ညောင်ရမ်းခေတ်နှင့် အမရပူရခေတ်အတွင်း ထုလုပ်ခဲ့သည့် ဆင်းတုတော်များနှင့် ပုံဟန်ဆင်တူနေသည်။

စာမျက်နှာ ၂၁ သို့

"မိုးနဲမြို့ကို သုံးကြိမ် တည်ခဲ့သည်ဟု မြို့သမိုင်းမှတ်တမ်းများတွင် ရေးသားခဲ့ကြရာ ပထမမိုးနဲကို လက်ရှိမိုးနဲ၏ အရှေ့မြောက်ဘက် ၁၈ မိုင်၊ ဒုတိယမိုးနဲကို အရှေ့ဘက် လေးမိုင်တွင်တည်ခဲ့သည်ဟု ဆိုကြသည်။ တတိယမိုးနဲကို ဘုရင့်နောင်မင်းတရား လက်ထက် ၁၅၅၇ ခုနှစ်တွင် မိုးနဲစော်ဘွား စဝ်ပိတ်ဟုမ်ဖက တည်ခဲ့သည်။ မိုးနဲစော်ဘွားသည် ဘုရင့်နောင်ကို သစ္စာခံသော်လည်း သားတော် ညောင်ရမ်းမင်းက ၁၆၀၃ ခုနှစ်တွင် မိုးနဲကို သိမ်းပိုက်ခဲ့ပြီးနောက် စော်ဘွားဆက်ပြတ်ခဲ့သည်။"

## ကျိုင်းတုံမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

**ကျိုင်းတုံ မေ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများကို ယမန်နေ့က မြို့အဝင်ဂိတ်များ၊ ဌာနဆိုင်ရာရုံးများ၊ ဈေးများ၊ ရပ်ကွက်၊ ကျေးရွာများတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများက နေ့စဉ်ဝင်ရောက်လာသည့် ခရီးသွားလာသူများကို ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးအတွက် ရောဂါရှာဖွေစစ်ဆေးခြင်း၊ နှာခေါင်းစည်းများ ဝေငှခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဆောင်ရန်၊ ရှောင်ရန်နည်းစနစ်များ အသိပေးပြောကြားခြင်းများကို ကျိုင်းတုံမြို့အဝင်ဂိတ်များတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ပြည်ပမှပြန်လာသူများအား သတ်မှတ်ထားသည့်နေရာများ၌ သီးသန့်ထားရှိလျက်ရှိကာ အဆိုပါစောင့်ကြည့်ခံ နေသူများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ အစားအသောက်နှင့် လိုအပ်သည့်အခြားအသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက ကျိုင်းတုံမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများ၊ ဈေးများ၊ ဘဏ်များတွင် ပိုးသတ်ဆေးဖျန်းခြင်းကို ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိနေသည့် ဌာနဆိုင်ရာရုံးများ၊ လူစည်ကားသည့်နေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ရွှေဘိုဘူတာကြီးနှင့် အဝေးပြေးကားဝင်းတို့တွင် ကာကွယ်ဆေးဖျန်းပြီး ခရီးသွားများအား အပူချိန်တိုင်း

**ရွှေဘို မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဘူတာကြီးနှင့် အဝေးပြေးကားဝင်းတို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းပြီး ခရီးသွားပြည်သူများအား အပူချိန်တိုင်းခြင်းများကို မေ ၆ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြောင်း ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး ဦးအေးမြင့်ထံမှ သိရသည်။

အဆိုပါ ကာကွယ်ဆေးဖျန်းခြင်းနှင့် အပူချိန်တိုင်းခြင်းတို့ကို ရွှေဘိုမြို့၏ အဓိက ဝင်ထွက်သွားလာသည့် နေရာများဖြစ်သော ရွှေဘိုဘူတာကြီးနှင့် အဝေးပြေးကားကွင်းတို့တွင် ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုအောင်ဦးဆောင်၍ ရွှေဘိုခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ကာကွယ်ရေး ဆေးဖျန်းခြင်းနှင့် ခရီးသွားပြည်သူများအား အပူချိန်တိုင်း ကိရိယာများဖြင့် အပူချိန်တိုင်းပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ရွှေဘိုခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ community center ခန်းမများ၊ အများပြည်သူများ ဝင်ထွက်သွားလာသည့် စာကြည့်တိုက်နှင့် ရုံးခန်းများကို ကိုဗစ်-၁၉ ကာကွယ်ရေး ဆေးဖျန်းခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့သည်။

**ထွန်းမြင့်အောင်(ရွှေဘို)**

## ချောက်မြို့နယ် ခုတင် ၅၀ ပြည်သူ့ဆေးရုံသို့အရေးပေါ်သုံးစွဲနိုင်ရန် Oxygen Concentrator စက်နှစ်လုံးလှူဒါန်း

**ချောက် မေ ၆**

မကွေးတိုင်းဒေသကြီးချောက်မြို့နယ် ခုတင် ၅၀ ပြည်သူ့ဆေးရုံသို့ ချောက်မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးကော်မတီမှ အရေးပေါ်သုံးစွဲနိုင်ရန် Oxygen Concentrator စက်နှစ်လုံးကို ယင်းဆေးရုံရှေ့၌ ယနေ့ နံနက် ၈ နာရီခွဲက ပေးအပ်လှူဒါန်းသည်။



ချောက်မြို့ ပြည်သူဆေးရုံသို့ လှူဒါန်းသည့် အောက်ဆီဂျင်စက်နှစ်လုံး

Oxygen Concentrator စက်နှစ်လုံးကို မြို့နယ်ကိုဗစ် -၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းမှ ချောက်မြို့နယ် ခုတင် ၅၀ ပြည်သူ့ဆေးရုံ ဆရာဝန်ကြီးဒေါက်တာမျိုးသက်ဦးထံသို့ ပေးအပ်လှူဒါန်းသည်။ အဆိုပါစက်မှာ အရေးပေါ်အခြေအနေတွင် အသက်ရှူရန်ခက်ခဲသောလူနာများ၊ ခွဲသလိပ်ရင်ကျပ်ဖြစ်နေသောလူနာများအတွက် လျှပ်စစ်မီးပလပ်ထိုး အသုံးပြုရန်ဖြစ်သည်။ လျှပ်စစ်မီးမလာလျှင် မီးစက်မောင်းပြီး အသုံးပြုနိုင်သည်။ စက်မှာတရုတ်နိုင်ငံထုတ်ဖြစ်ပြီး စက်တစ်လုံးတန်ဖိုးငွေကျပ် ၆၃၀၀၀၀ ဖြစ်၍ စုစုပေါင်းစက်နှစ်လုံးတန်ဖိုးငွေကျပ် ၁၂၆၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## အိမ်မဲမြို့နယ်တွင် လေပြင်းဘေးအန္တရာယ်ကြုံတင်ကာကွယ်မှု ဆောင်ရွက်နိုင်ရန် ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

**အိမ်မဲ မေ ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်အတွင်း မိုးရာသီ၌လေပြင်းဘေးအန္တရာယ်ကြုံတင်ကာကွယ်မှုဆောင်ရွက်နိုင်ရန် ဆင်းရဲနွမ်းပါးသောပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို မေ ၄ ရက်က ဆောင်ရွက်သည်။

အဆိုပါထောက်ပံ့ငွေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ထောက်ပံ့ငွေများကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့စည်ပင်သာယာရေးဝန်ကြီးဦးကျော်မြင့်က ပဒက်ကျေးရွာ၊ သာလေးကုန်းကျေးရွာ၊ မွေးဇံအစုကြီးကျေးရွာ၊ ကြာထော်ညောင်ချောင်းကျေးရွာ၊ တောင်စုကျေးရွာများမှ ဆင်းရဲနွမ်းပါးပြီးပြုပြင်ရန် အခက်အခဲရှိနေသော အိမ်ခြေ ၁၀၀ အားတစ်အိမ်လျှင် ၂၅၀၀၀ နှုန်းဖြင့်အိမ်တိုင်ရာရောက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ ပြန်/ဆက်)**

## မင်းတုန်းမြို့နယ် လယ်မကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မင်းတုန်း မေ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လယ်မကျေးရွာအုပ်စု လယ်မကျေးရွာတွင် ကျေးလက် ကုန်ထုတ်လမ်း၊ တံတား ဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို မေ ၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ မကွေးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးဝင်းသူရ (ဦးစီးအရာရှိ -နည်းပညာ)၊ သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဇော်ဟန်နှင့် တာဝန်ရှိသူများက ကျေးရွာကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်အတိုင်းအတာ စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ၅၃ ဒသမ ၄၀၆ သန်းဖြင့် ကျောက်ရောမြေ၊ မြေနီကျောက်စရစ်ခင်းခြင်း လမ်းအရှည် ၁ မိုင် ၄ ဖာလုံ၊ လမ်းအကျယ် ၁၂ ပေ ဖောက်လုပ်ခြင်း လုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် ရေပြွန်တစ်စင်း၊ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် မင်းဘူးကမ္ဘာကျော်ကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

လယ်မကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက အဆိုပါကျေးရွာရှိ အိမ်ခြေ ၇၉ အိမ်၊ လူဦးရေ ၃၄၈ ဦးတို့၏ ကျေးလက် လယ်ယာထုတ်ကုန် ၁၃၂ ကေကျော် အကျိုးပြုမည်ဖြစ်ကြောင်း၊ အဆိုပါ လယ်ယာ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီ လွယ်ကူ လျင်မြန်စွာပေးပို့နိုင်မှာဖြစ်သကဲ့သို့ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်လာသဖြင့် ဒေသခံပြည်သူများအတွက် လယ်ယာသုံး စက်ပစ္စည်းများ သွားလာရေးနှင့် လယ်ယာထွက်ကုန်များ၏ သယ်ယူပို့ဆောင်ရေးများ အဆင်ပြေမည်ဖြစ်ကြောင်း မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က ပြောသည်။

**စိုးမိုးကျော်**

*စာမျက်နှာ ၂၀ မှ*

မိုးနဲမြို့ လွိုင်လန်း ဘုန်းကြီးကျောင်းရှိ ခေါင်းလောင်းတွင် သက္ကရာဇ် ၁၁၉၅ ခုနှစ်က ရေးထိုးခဲ့သည့် "ရေမြေ့သခင် ဘဝရှင် မင်းတရားကြီးမှစ၍ ဆရာသမား ဘိုးဘွားမိဘ" ဟု အစချီသော မြန်မာဘာသာဖြင့် ရေးထိုးထားသော ခေါင်းလောင်းစာကို ဖတ်ရှုရပေသည်။

**မိုးနဲဟော်**

မွေတော်စေတီစု၊ ဒေဝီ ၁၂ ပါးဂူ၊ လွိုင်လန်းကျောင်း၊ မိုးနဲဟော်၊ ၁၈၉၁ ခုနှစ်က စိုက်ထူခဲ့သည့် မီးလင်းတိုင်၊ ဆင်တောင် စေတီ၊ ဦးသာခေါင်ကျောင်း၊ တံခွန်တောင်၊ မြို့ဝင် ကြာဖူး နှစ်ဖူး၊ အရိပ်မထွက် နှစ်ကျိပ်ရှစ်ဆူ ဘုရားများ၊ စက်တော် သဘာဝရေထွက် အစရှိသည့် မိုးနဲမြို့နယ်တွင် သွားရောက်လည်ပတ်နိုင်သည့် နေရာများအနက် မိုးနဲဟော်သည် အထင်ရှားဆုံးဖြစ်သည်။ ရှမ်းတိုင်းရင်းသား ဘာသာစကားဖြစ်သည့် ဟော် ဟူသည့် ဝေါဟာရကို မြန်မာအဘိဓာန်က ရှမ်းစော်ဘွား နေထိုင်ရာစံအိမ်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

မြန်မာနိုင်ငံလွတ်လပ်ရေး မရမီနှင့် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင် ရှမ်းပြည်နယ်နေရာဒေသ အသီးသီးကို စော်ဘွား အသီးသီးက အုပ်ချုပ်ခဲ့ကြပြီး စော်ဘွားများ နေထိုင်ခဲ့ကြသည့် အဆောက်အအုံများကို ဟော်များဟု ခေါ်ဆိုခဲ့ကြသည်။ ယင်းတို့ အနက် သီပေါ၊ ညောင်ရွှေ၊ ကျိုင်းတုံ၊ မိုင်းပွန်စသည့် မြို့များတွင် စော်ဘွားဟော်များကို ရှေးဟောင်း အဆောက်အအုံများအဖြစ် ယနေ့တိုင်ထိန်းသိမ်းခဲ့ကြပြီး အဖြူရောင်မိုးနဲဟော်ကို မိုးနဲမြို့လယ်၌တွေ့မြင်ရသည်။

မိုးနဲဟော်၏ မူလနေရာသည် နောင်မိုကန်၏ တောင်ဘက်တွင်တည်ရှိခဲ့ပြီး လက်ရှိ ဟော်နေရာသို့ မိုးနဲစော်ဘွား စဝ်ခွန်နွံ လက်ထက်တွင် ပြောင်းရွှေ့ကာ ဟော်



ရှေးဟောင်းမီးလင်းတိုင်ကို တွေ့ရစဉ်။

အသစ်ကို ၁၈၅၄ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ယင်းဟော်သည် ၁၈၉၈ ခုနှစ်တွင် မြို့သားတစ်ဦး၏ ပေါ့ဆမီးကြောင့် မီးလောင်ကျွမ်းခဲ့သော်လည်း အဆောက်အအုံတစ်ခုလုံးပျက်စီးခြင်းမရှိခဲ့သဖြင့် မီးလောင်သည့် အစိတ်အပိုင်းများကို ပြန်လည် ပြင်ဆင်ခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် မိုးနဲစော်ဘွား စဝ်ကျော်ဟိုး လက်ထက်တွင် ဟော်ကို ဖျက်၍ အသစ် တည်ဆောက်ခဲ့သော်လည်း ၁၉၄၅ ခုနှစ် ဂျပန်ခေတ်တွင် မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည်။

မိုးနဲစော်ဘွား စဝ်ပြည့်သည် ၁၉၄၈ ခုနှစ်တွင် ကွယ်လွန်ခဲ့သော မိုးနဲစော်ဘွား စဝ်ကျော်ဟိုးကို ဆက်ခံခဲ့ပြီး ၁၉၅၁ ခုနှစ်တွင် မိုးနဲဟော်ကို တည်ဆောက်ကာ ၁၉၅၂ ခုနှစ်တွင် ဟော်တက်မင်္ဂလာကျင်းပခဲ့သည်။ မိုးနဲဟော်သည် ဥရောပဟန် အဆောက်အအုံတစ်ခုဖြစ်ကာ ဧည့်သည်များ နားခိုနိုင်ရန် ဥတ္တရဂေဟာနှင့်ဒက္ခိဏ ဂေဟာ အမည်ရှိ အဆောင်နှစ်ခုကို ဟော်၏ တောင်ဘက်နှင့် မြောက်ဘက်တွင် တည်ဆောက်ခဲ့သည်။ ထို့အတူ မိုးနဲဟော်တွင် ကျယ်ဝန်းသော လသာဆောင်ကိုထည့်သွင်းဆောက်လုပ်ခဲ့သည်။

မိုးနဲဟော်ဝင်းအတွင်း၌ စော်ဘွားများစိုက်ထူခဲ့သည့် မလိုင်တိုင်နှင့် ကျိုင်းတုံစော်ဘွား လက်ဆောင်ပေးခဲ့သည့် နွားကြေး ရုပ်တို့ တည်ရှိနေကြကာ ယင်းတို့သည် မိုးနဲမြို့၏ အမှတ်လက္ခဏာများဖြစ်လာခဲ့ကြသည်။ မိုးနဲဟော်ရှေ့တွင် ၁၈၉၁ ခုနှစ်က စိုက်ထူခဲ့သည့် မီးလင်းတိုင်ကို ယနေ့တိုင် မြင်တွေ့ကြရပေသည်။

**မိုးနဲ တောင်များ**

မိုးနဲမြို့နယ်အတွင်း ဆင်တောင်၊ တံခွန်တောင်၊ မြတောင်၊ စိန်တောင်၊ ရွှေတောင်၊ ငွေတောင်တို့သည် ထင်ရှားကြသည်။

တံခွန်တောင်သည် မိုးနဲမြို့၏ အနောက်တောင်ဘက်တွင်တည်ရှိ၍ တောင်ခြေအထိ မော်တော်ဆိုင်ကယ်ဖြင့် သွားနိုင်ကာ တောင်ပေါ်ရှိဘုရားကို တံခွန်တောင်ဘုရားဟု ခေါ်ကြသည်။ ယင်းဘုရားကို မိုးနဲစော်ဘွား စဝ်ရွှေကြည်လက်ထက်တွင် မြို့အရှေ့ဘက်ရှိ နောင်ကျော့ချောင်းမှ ကျောက်များကို တောင်ပေါ်အထိ လက်ဆင့်ကမ်းသယ်ဆောင်ပြီး တည်ခဲ့ကြသည်ဟု အစဉ်အဆက်ပြောဆို ခဲ့ကြသည်။ တံခွန်တောင်ပေါ်မှကြည့်လျှင် အရှေ့ဘက်ရှိ ကုန်းစောင်းပေါ်၌ တည်ထားသည့် မိုးနဲမြို့ကို မြင်တွေ့ရသည်။ ဗြိတိသျှတို့ အုပ်စိုးခဲ့စဉ်က မိုးနဲ မြို့အုပ်၏ ရုပ်တုကို တံခွန်တောင်ပေါ်၌ ထားရှိခဲ့သော်လည်း မြို့လူထုက ဖြိုချခဲ့သည်ဟု ဆိုကြသည်။

မြတောင်၊ စိန်တောင်၊ ရွှေတောင်နှင့် ငွေတောင်တို့သည် တံခွန်တော်အနီးတွင်ရှိနေကာ မော်တော်ဆိုင်ကယ်ဖြင့် သွားရောက်နိုင်သည်။ယင်းတောင်များပေါ်ရှိ စေတီများကို သူကြွယ်ညီအစ်ကိုဖြစ်သည့် မောင်ခိုင်နှင့် မောင်နိုင်တို့က လှူဒါန်းခဲ့သည်ဟု ဆိုကြသည်။ ငွေတောင်ဘုရားနှင့် မနီးမဝေးတွင် ဦးသာခေါင်ကျောင်းနေရာ တည်ရှိကာ ဘုန်းကြီးကျောင်းမရှိတော့ဘဲ စေတီငယ်ကို ငုံပြီးတည်ထားသည့် စေတီကြီးတစ်ဆူနှင့်စေတီငယ် ၂၇ ဆူကိုသာ မြင်တွေ့ရသည်။ ဆင်တောင်၏ အောက်ဘက်တွင် မိုးနဲနာခံတော်စစ်ကဲ ဗိုလ်မှူးမင်းသား မောင်စံတည်ခဲ့သည့် မင်းသားစေတီတည်ရှိပြီး စေတီ၏ ထီးတော်ကို စော်ဘွားကြီး စဝ်ခွန်စုံက ၁၈၂၈ ခုနှစ်တွင် တင်လှူခဲ့သည်။

ဒေသခံများ၏ ပြောကြားချက်အရ တစ်ချိန်က ရှမ်းရပ်ကွက် ခြောက်ခုနှင့် မြန်မာရပ်ကွက် ခြောက်ခုရှိကာ စည်ကားခဲ့သည့် မိုးနဲမြို့ဟောင်းတွင် ရှေးဟောင်း အဆောက်အအုံများစွာသည် မူလ လက်ရာနီးပါးအတိုင်း ကျန်ရှိနေပေသည်။ ယင်းတို့ကို ပြုပြင်သည် ဆိုခြင်းထက် မူလလက်ရာအတိုင်း ထိန်းသိမ်းထားခြင်းဖြင့် မိုးနဲမြို့ဟောင်း၏ အမွေအနှစ်များကို စောင့်ရှောက်ထားနိုင်မည်ဖြစ်ပေသည်။ ။

**ကိုးကား**

**၁။ မိုးနဲမြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ (ပြည်ထဲရေးဝန်ကြီးဌာန)**

**၂။ မြန်မာ့ရက်စဉ်သမိုင်း(ပထမတွဲ)**

**၃။ ကိုယ်တွေ့ ခရီးသွားမှတ်တမ်းများ**

## မင်းဘူး(စကု)မြို့နယ် ကန်ရေကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းနှင့် ၁၄ ရက် စောင့်ကြည့်ရေးစခန်းကို ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းဆောင်ရွက်

**မင်းဘူး ဧပြီ ၆**

မင်းဘူး(စကု)မြို့နယ်၊ ကန်ရေကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းနှင့် ၁၄ ရက် စောင့်ကြည့်ရေးစခန်း အ.လ.ကခွဲ(ကန်ရေ)ကျောင်းတို့အား ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး၊ ကူးစက်ပျံ့နှံ့မှုမရှိစေရေး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘုန်းတော်ကြီးကျောင်းရှိ ဆရာတော် သံဃာတော်များ၊ ဥပုသ်သီတင်းဆောက်တည်ရန်လာရောက်ကြသော ဒေသခံ ဘိုးဘွား၊ မိဘများ၊ ကျေးရွာနေ ပြည်သူများနှင့် ပြည်ပနိုင်ငံများမှ ပြန်လည် ရောက်ရှိလာသူများ ရောဂါကြိုတင်ကာကွယ် ထိန်းချုပ်ရေး၊ ကူးစက်ပျံ့နှံ့မှုမရှိစေရန် ရည်ရွယ်၍ ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးစိုးမြင့် ဦးဆောင်၍ တပ်ဖွဲ့ဝင်အင်အား ငါးဦး၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးစိုးမြင့်နှင့် ကျန်းမာရေး ဝန်ထမ်းများက ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါနှင့် ပတ်သက်၍ ဆောင်ရန်၊ရှောင်ရန်များ၊ တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် လက်ကိုမကြာခဏဆေးကြောရန်၊ ချောင်းဆိုး၊ နှာချေသည့်အခါ နှာခေါင်းနှင့် ပါးစပ်ကိုလုံခြုံစွာဖုံးအုပ်ရန်၊ လူစုလူဝေးများ မပြုလုပ်ကြရန်၊ ကြိုတင် ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ အထူးအလေးထား ဆောင်ရွက်သွားကြရန်နှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ကလိန်အောင်မြို့၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ထောက်ပံ့ပစ္စည်းများ လှူဒါန်း

**ကလိန်အောင် ဧပြီ ၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မတ် ၂၆ ရက်က ကိုဗစ်-၁၉ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လာရောက်လှူဒါန်းထားသောငွေကျပ် ၄၂ သိန်းတန်ဖိုးရှိ PPE ဝတ်စုံ၊ Surgical Masks၊ Infrared Thermometer၊ Handgel များကိုဝယ်ယူကာ ဧပြီ ၅ ရက်က အဆိုပါရုံးခန်း၌ ပေးအပ်လှူဒါန်းသည်။

ဇောတိကလူမှုစီးပွားဌာန၊ ရတနာလူမှုစီးပွားဌာန၊ရဲတံခွန်လူမှုစီးပွားဌာနတို့က ရေဖြူမြို့နယ်ပြည်သူ့ဆေးရုံ၊ ကလိန်အောင်တိုက်နယ်ဆေးရုံ၊ ကံပေါက်တိုက်နယ် ဆေးရုံများအတွက် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်နေသော PPE ဝတ်စုံများ၊ ဆေးရုံသုံးနှာခေါင်းစည်း၊ အပူချိန်တိုင်း စက်နှင့် လက်ဆေးရည်တို့ကို ပေးအပ်လှူဒါန်းရာ ကလိန်အောင်မြို့ မြို့အုပ်ချုပ်ရေးမှူးဦးအောင်နိုင်နှင့် တာဝန်ခံဆရာဝန် ဒေါက်တာထွန်းထွန်းအောင်တို့က လက်ခံခဲ့ကြောင်း သိရသည်။

**ဒေါ်မိုးမိုးခိုင်**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက် ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုး သိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်း ကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြု ခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည် တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလို အလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက် ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည် တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ် စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲ ခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်း များကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင် ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့် ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေး တတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက် အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့် သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ် သည် အရှည်ရောက်ပြီး လူငယ်တစ်ဦး ခုစီးနိုင်လောက်အောင် ခိုင်ခံ့ ရမည်။ မီးကတ်သည် လှဲ့ရမ်းခံနိုင်လောက်အောင် တောင့်တင်း ရမည်၊ လှေကားသည် အရှည်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါး ခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ ပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။



ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရန် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် လူမှုကူညီရေးအဖွဲ့နှင့် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ ပူးပေါင်း၍ ဒုတိယအပတ်အဖြစ် ရပ်ကွက်အတွင်း ရပ်ကွက်အနီးရှိ လိုင်းကားမှတ်တိုင်များ၊ ရပ်ကွက်လမ်းမကြီးပေါ်မှ ဖြတ်သန်းမောင်းနှင်သော အငှားယာဉ်များ ပိုးသတ်ဆေးဖျန်းခြင်းကို ဧပြီ ၅ ရက်က ဆောင်ရွက်ကြစဉ်။ တင်ဝင်းလေး



ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို ဧပြီ ၆ ရက်က ကရင်ပြည်နယ်လူဝင်မှုကြီးကြပ် ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမင်းကိုခိုင်၊ ကော့ကရိတ်ခရိုင်နှင့် မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များ ပါဝင် ဆောင်ရွက်ကြစဉ်။

စိုးထက်အောင်(ပြန်/ဆက်)



ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်နယ် အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဘက်ပေါင်းစုံမှ နေ့စဉ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၅ ရက်က ဟားခါးမြို့သို့ လာရောက်ကြသည့် ခရီးသွားပြည်သူများကို ဟားခါးမြို့အဝင် လုံခြုံရေး၊ (တန်ပို)စစ်ဆေးရေးဂိတ်၌ ဟားခါးမြို့မရဲတပ်ဖွဲ့မှ ဦးဆောင်၍ ကျန်းမာ ရေးစောင့်ကြည့်စစ်ဆေးမှုများနှင့် ပညာပေးလုပ်ငန်းများဆောင်ရွက်လျက် ရှိစဉ်။

အောင်ခွီရှိန်း(ပြန်/ဆက်)



ကယားပြည်နယ်အတွင်း ကိုဗစ်-၁၉ နှင့် ပတ်သက်ပြီး ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လွိုင်ကော်မြို့ရှိ သီရိမင်္ဂလာဈေး၊ နှစ်ထပ်ဈေး၊ နောင်ယားဈေးတို့တွင် ဧပြီ ၅ ရက်က လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့တို့က ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းကို ဈေးပိတ်ရက်တိုင်း ဆောင်ရွက်စဉ်။

ထွန်းလေး(ပြန်/ဆက်)

# ပြင်ဦးလွင်၌ ကိုဗစ်-၁၉ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး အလှူငွေနှင့် လုပ်ငန်းသုံးပစ္စည်းများလှူဒါန်း

ပြင်ဦးလွင် မေ ၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး အလှူငွေနှင့် လုပ်ငန်းသုံးပစ္စည်းများကို ယမန်နေ့က ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးကော်မတီ ရုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။



အလှူရှင်များက ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အလှူငွေ လှူဒါန်းစဉ်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်မောင်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အချိန်ကာလမှာ မည်မျှကြာမြင့်နိုင်မည်ကို ခန့်မှန်းတိုင်းတာ၍ မရနိုင်ကြောင်း၊ ပြည်သူများအားလုံး တက်ညီလက်ညီဖြင့် သတ်မှတ်ထားသည့် ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာနေထိုင်သွားခြင်းဖြင့် လက်ရှိကြုံတွေ့နေရသော အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားသွားနိုင်မည်ဖြစ်ကြောင်း၊ သံသယလူနာများ ရှိလာပါက အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့် ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာသို့ အမြန်ဆက်သွယ်ရန်လိုအပ်ကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်) မှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများသို့ အလှူငွေကျပ် သိန်း ၄၀ နှင့် ပြင်ဦးလွင်မြို့ ဈေးအကျိုးဆောင်အဖွဲ့က ရောဂါကာကွယ်ရေး ဝတ်စုံ ၁၀၀ တို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ပြီး အလှူရှင်တစ်ဦးက မိမိတို့ နောက်ထပ်လည်း ဆက်လက် လှူဒါန်းမည်ဖြစ်ကြောင်း ပြောကြားသည်။

ဇော်မျိုးထိုက်(ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ ကံတွင်းကျောင်းတိုက်၊ မဟာဓမ္မာရုံကျောင်းတိုက်၊ မင်္ဂလာရာမပရိယတ္တိစာသင်တိုက်၊ ဝါဆိုကျောင်းတိုက်နှင့် ဆေးခန်းများတွင် ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးရန်ပိုင်ဖြိုး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မေ ၅ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများဆောင်ရွက်စဉ်။ မိုးသောက်(ရွှေဘို)



ချင်းရွှေဟော်မြို့ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင် ဦးဆောင်၍ မီးသတ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးဌာနတို့ ပူးပေါင်းကာ ချင်းရွှေဟော်မြို့ အဝင်ဂိတ် (သံတံတားဂိတ်)မှ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်အထိ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်နှင့် မြို့ပေါ်ရပ်ကွက် သုံးခုရှိ လမ်းသွယ်များကို ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၄ ရက်က ဆောင်ရွက်စဉ်။

ဇင်ဇင်(ပြန်/ဆက်)



ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စစ်ဆေးဆောင်ရွက်ခြင်းကို မြို့အဝင်/ထွက်ဂိတ်၌ မြို့နယ်ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်မှု စောင့်ကြည့်ကုသရေးကြီးကြပ်မှုကော်မတီနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ မေ ၅ ရက်က ဆောင်ရွက်ခဲ့စဉ်။

မြင့်မောင်(ပြန်/ဆက်)

## မော်လူးတွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး ဆေးရည်များပက်ဖျန်း

မော်လူး မေ ၆

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ပိုးသတ်ဆေးရည်များ ပက်ဖျန်းခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။

"မေ ၃ ရက်က တိုက်နယ်ဆေးရုံ၊ စည်ပင်သာယာဈေး၊ ရဲစခန်း၊ လျှပ်စစ်ရုံး၊ အုပ်ချုပ်ရေးရုံးနဲ့ စာသင်ကျောင်းတွေ၊ မေ ၄ ရက်မှာ မင်းရာဇာ ရပ်ကွက်၊ မင်းဇေယျာရပ်ကွက် အနောက်ခြမ်း၊ ဆေးရုံစောင့်ကြည့်ခန်း၊ မေ ၅ ရက်မှာ ဘုရားကြီး ကျောင်းတိုက်၊ အရှေ့ကျောင်းတိုက်၊ မင်းရာဇာရပ်ကွက် အရှေ့ပိုင်းနဲ့ မင်းဇေယျာရပ်ကွက်၊ မင်းချမ်းသာရပ်ကွက်၊ ဟဲနုစာသင်ကျောင်း၊ မော်ဆေးရုံမှ စီးမော်တံတားအထိ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ပိုးသတ်ဆေးရည်ကို ပက်ဖျန်းပေးနေပါတယ်"ဟု မော်လူးမြို့ မေတ္တာအားမာန်ကယ်ဆယ်ရေးနှင့် နာရေးလူမှုကူညီရေးအသင်း ခေါင်းဆောင် ဦးအောင်ရွှေ(ခ) ဦးဆံရှည်က ပြောသည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးရည်များကို မေ ၃ရက်မှ ၅ ရက်အထိ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေအိမ်များသို့ လိုက်လံပက်ဖျန်းခဲ့ပြီး ဆက်လက်၍ လိုအပ်သောနေရာများရှိလျှင် အကြောင်းကြားလာပါက ပက်ဖျန်းပေးမည်ဖြစ်ကြောင်း သိရသည်။

နီတိုး

## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

## တိုင်ကြားနိုင်ပါသည်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၃/၂၀၂၀) ဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြန်လည်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။

၂။ နိုင်ငံတော်သမ္မတက လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်နိုင်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီရေးတို့မှာ "ကျွဲကူးရေပါ" ဆိုသလို ထိန်းသိမ်းစောင့်ရှောက်ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လူ့အခွင့်အရေးကို အထူးထိန်းသိမ်းပေးစေလိုကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

၃။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (CRC)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW)၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRPD) နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICESCR) တို့ပါ လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်ဖြစ်စေ၊ အခြားသူတစ်ဦးအတွက်ဖြစ်စေ၊ လူတစ်စုကို ကိုယ်စားပြု၍ဖြစ်စေ "ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့" သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြလျက် တိုင်ကြားခြင်းများ ပြုလုပ်နိုင်ပါသည် -

(က) တိုင်တန်းသူ၏ အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန် ဖုန်း/လက်ကိုင်ဖုန်း၊ Fax နှင့် email တို့ရှိလျှင်) ထည့်သွင်းဖော်ပြရန်၊

( ခ ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေးဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့်သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာ ဖော်ပြရန်၊

( ဂ ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာ ရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးရန်၊

(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲပေးပို့ရန်။

**မှတ်ချက်။** မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည်တိုင်တန်းချက်များကို စိစစ်ရာတွင် လိုအပ်ပါက တိုင်တန်းသူအား ခေါ်ယူတွေ့ဆုံမေးမြန်းပါမည်။

**ရုံးခွဲများ ဖွင့်လှစ်ထားရှိခြင်း**

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးခွဲများကို အောက်ပါ မြို့များတွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသဖြင့် အဆိုပါရုံးခွဲများသို့လည်း ပေးပို့တိုင်ကြားနိုင်ပါသည် -

(က) **နေပြည်တော်ရုံးခွဲ။** သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

( ခ ) **မန္တလေးရုံးခွဲ။** ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

( ဂ ) **စစ်တွေရုံးခွဲ။** ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်း၊ စစ်တွေမြို့။

၅။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တိုင်တန်းချက်များအား စုံစမ်းစစ်ဆေးပြီးသည့်အခါ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် ပေးပို့သွားမည်ဖြစ်ပြီး၊ အရေးယူဆောင်ရွက်မှုကိုလည်း ကော်မရှင်က ကော်မရှင်ဥပဒေနှင့်အညီ စောင့်ကြည့်သွားမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

# နေပြည်တော်ကောင်စီသို့ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးသုံး အထောက်အကူပစ္စည်းများ လာရောက်လှူဒါန်း

**နေပြည်တော် ဧပြီ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေးနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုပေးနိုင်ရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့် အထောက်အကူပစ္စည်းများလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံးဧည့်ခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးတင်ထွန်းနှင့် ဦးအေးမောင်စိန်၊ အတွင်းရေးမှူး ဦးနေလင်း၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

လှူဒါန်းပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး (နေပြည်တော်) ဝန်ထမ်းမိသားစုတို့က လှူဒါန်းသည့် ငွေကျပ် ၁၀၀၀၀၀၀ တန်ဖိုးရှိ ရောဂါကာကွယ်ရေး ဝတ်စုံ ၃၅ စုံ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၅) ဝန်ထမ်းမိသားစုတို့က လှူဒါန်းသည့် ငွေကျပ် ၁၂၀၀၀၀၀ တန်ဖိုးရှိ နှာခေါင်းစည်း ၂၀၀၀ တို့ကို သက်ဆိုင်ရာ ညွှန်ကြားရေးမှူးများက ပေးအပ်လှူဒါန်းကြရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံယူပြီး အဆိုပါပစ္စည်းများကို နေပြည်တော်ကောင်စီမှတစ်ဆင့် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ လိုအပ်သည့်နေရာများတွင် ဖြန့်ဝေ အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ဇော်မင်းလွင်(ပြန်/ဆက်)



# ပဲခူးတိုင်းဒေသကြီး၌ ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် ထောက်ပံ့ပစ္စည်းများလှူဒါန်း

**ပဲခူး ဧပြီ ၆**

ပဲခူးမြို့ ဓမ္မဗိမာန်အတွင်း ဖွင့်လှစ်ထားရှိသည့် ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး ကြီးကြပ်မှုကော်မတီ ရုံးခန်းသို့ အလှူရှင်များက ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအထောက်အပံ့ပစ္စည်းကို ယမန်နေ့က လာရောက်လှူဒါန်းသည်။

လှူဒါန်းမှုပြုလုပ်ရာတွင် Tet nay ayeyawaddy Co.,Ltd နှင့် Flouri - shing Age Group Co.,Ltd မိသားစုတို့က နှာခေါင်းစည်း ၂၀၀၀၀ ကို လည်းကောင်း၊ ဦးရဲမင်းထွန်း NO-1 အုတ်စက်မိသားစုက ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ ပြည်သူ့ရှေ့ဆောင် ပါတီမှ ရောဂါကာကွယ်ရေးဝတ်စုံ ၁၀ စုံကိုလည်းကောင်း၊ ဦးတော်မီ ဇမ္ဗူထွန်းရွှေဆိုင်နှင့် သီရိရွှေဆိုင်မိသားစုတို့က တန်ဖိုးငွေကျပ် ငါးသိန်းရှိ ကိုဗစ်-၁၉ အထောက်အကူပြုပစ္စည်းများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းနှင့် ကုန်တင်ကားများ၊ ကားဂိတ်များမှ စုပေါင်းလှူဒါန်းငွေကျပ် ၂၃၈၅၀၀၀ ကို လည်းကောင်း ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး ကြီးကြပ်မှုကော်မတီရုံးခန်းသို့ လာရောက်လှူဒါန်းကြရာ အဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးညွန့်ရွှေ၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးနှင့် ကော်မတီဝင်များက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။



တင်စိုး(ပဲခူး)

# ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်း

**တောင်ကြီး ဧပြီ ၆**

ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ရည်ရွယ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ ယနေ့ နံနက်ပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံးဧည့်ခန်းမ၌ အလှူရှင်များက လာရောက် လှူဒါန်းသည်။

အဆိုပါလှူဒါန်းပွဲတွင် ရွှေစပါးသတ္တုတူးဖော်ရေးကုမ္ပဏီမှ ကာကွယ်၊ ကုသရေးပစ္စည်းများဖြစ်သော ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀၊ နှာခေါင်းစည်း ၈၀၀၀၊ အပူချိန်တိုင်းကိရိယာ အခု ၈၀၀၊ လျှံထူးအောင်ဆောက်လုပ်ရေးကုမ္ပဏီမှ ကာကွယ်ကုသရေးပစ္စည်းများဖြစ်သော ရောဂါကာကွယ်ရေး ဝတ်စုံ ၁၅၀၊ နှာခေါင်းစည်း ၈၀၀၀၊ အပူချိန်တိုင်းကိရိယာ အခု ၈၀၊ PMG ဦးသိန်းဝင်းက ရောဂါကာကွယ် ရေးဝတ်စုံ ၁၀၀၊ နှာခေါင်းစည်း ၁၀၀၀၊ လက်သန့်ဆေးရည် ၁၀၀၊ Five River ဆောက်လုပ်ရေးကုမ္ပဏီမှ အလှူငွေကျပ် ၁၅ သိန်း၊ Real Deal ဆောက်လုပ်ရေးကုမ္ပဏီမှ အလှူငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်းနှင့် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# ကန့်သတ်စောင့်ကြည့်ရေးနေရာများသို့ ကရင်ပြည်နယ်လူမှုရေးဝန်ကြီး သွားရောက်ကြည့်ရှု

**လှိုင်းဘွဲ့ ဧပြီ ၆**

ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်နှင့် အဖွဲ့သည် ယမန်နေ့က ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာကြသည့် မြန်မာနိုင်ငံသားများအား သီးခြားထားရှိရန် စီစဉ်ထားသည့် လူထုအခြေပြု သွားလာ ကန့်သတ်မှုစောင့်ကြည့်နေရာနှင့် သတ်မှတ်နေရာတွင် အသွားအလာကန့်သတ်မှု စောင့်ကြပ်ကြည့်ရှုထားရှိသည့် နေရာများအား သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် လှိုင်းဘွဲ့မြို့နယ်ဆေးရုံ၊ ရွှေဂွန်းတိုက်နယ်ဆေးရုံတွင် ပြင်ဆင်ဆောင်ရွက်ထားရှိသည့် လူထုအခြေပြု သွားလာကန့်သတ်မှု စောင့်ကြည့်နေရာများအား ကြည့်ရှုစစ်ဆေးခြင်း၊ ရွှေဂွန်း(အထက)ကျောင်း၊ မြိုင်ကြီးငူ သီတဂူ အာရောဂျဒါနဆေးရုံတို့တွင် ပြည်ပမှပြန်လာသူများထားရှိသည့် သတ်မှတ်နေရာတွင် အသွားအလာကန့်သတ်မှု စောင့်ကြပ်ကြည့်ရှု နေရာများသို့ သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားခဲ့ပြီး သီတဂူ အာရောဂျဆေးရုံရှိ ပြည်သူများအတွက် မားမား လေးဖာ၊ ရေသန့် ၁၀ ကတ်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် မြိုင်ကြီးငူအထူးဒေသ နေရပ်စွန့်ခွာသူများ၏ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကိုဗစ်-၁၉ ပျံ့နှံ့ကူးစက်မှုများကို ကြိုတင်ကာကွယ်ရန်အတွက် မိမိအိမ်တွင်သာ နေထိုင်ရန်၊ လူစုလူဝေး မပြုလုပ်ကြရန်၊ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ကြရန်၊ ကိုယ်ခံအားကောင်းမွန်စေရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ပြည်သူများနေထိုင်ရန် လိုအပ်ကြောင်း ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက ကရင်ဘာသာဖြင့် ထုတ်ဝေထားသော ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်တွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ စုစုပေါင်း ၂၈၂၇ ဦးရှိပြီး သတ်မှတ်နေရာတွင် အသွားအလာ ကန့်သတ်မှုစောင့်ကြပ်ကြည့်ရှုနေရာ ၇၂ နေရာတွင် ၃၁၃ ဦး၊ အိမ်တွင်ထားရှိအသွားအလာကန့်သတ်ခြင်းနေရာတွင် ၂၅၁၄ ဦး နေထိုင်လျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိန်းထံမှ သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# ကိုဗစ်-၁၉ နှင့်ပတ်သက်သော လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းစည်းဝေး

**ဟားခါး ဧပြီ ၆**

ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင်ထန်သည် ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ကိုဗစ်-၁၉ နှင့်ပတ်သက်သည့်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ပြည်သူများအား ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီးက ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ နှင့်ပတ်သက်၍ စောင့်ကြည့်ထားရှိသော လူနာ၊ သံသယလူနာများနှင့် ၎င်းတို့အတွက် စီစဉ်ဆောင်ရွက်မည့် အစီအမံများအပါအဝင် ပြည်သူများအား ပြည်သူ့ဝန်ဆောင်မှုများ ပိုမိုထောက်ပံ့ဆောင်ရွက်ပေးနိုင်ရေး၊ အသိပညာပေးလုပ်ငန်းများ ပေါင်းစပ်လုပ်ကိုင် ဆောင်ရွက်နိုင်ရေးဝိုင်းဝန်းဆွေးနွေးကြရန် တက်ရောက်လာကြသူများအားပြောကြားသည်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာ အောင်ငွေစံက ဧပြီ ၅ ရက်အထိ ပြည်နယ်အတွင်း ကိုဗစ်-၁၉ နှင့်ပတ်သက်သော လူနာသတင်းအချက်အလက်များနှင့် မြို့နယ် ကိုးမြို့နယ်တွင် သတ်မှတ်နေရာတွင် အသွားအလာကန့်သတ်မှုစောင့်ကြပ်ကြည့်ရှုနေရာများ ထပ်မံပြင်ဆင် ဆောင်ရွက်မည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ပြည်နယ်အဆင့်အဖွဲ့များအနေဖြင့် ကဏ္ဍအလိုက်သက်ဆိုင်ရာနယ်မြေခံဝန်ကြီးများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လိုအပ်သည်များကို ဆက်လက်ထောက်ပံ့ကူညီပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးနှင့် ပြည်နယ်လူမှုရေးဝန်ကြီးတို့က ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြင့်နိုင်စိုး(ပြန်/ဆက်)

# ပုဂံခေတ်က မြစေတီကျောက်စာနှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်များ

**အောင်စေရ(မြစ်သား)**

**၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့သော ပုဂံခေတ်က မြစေတီကျောက်စာကို ဘယ်သူရေးထိုးထားခဲ့ပါသလဲ။ ဘယ်အချိန်ကာလက ရေးထိုးထားခဲ့ပါသလဲ။ ဘာကိုအကြောင်းပြု၍ ရေးထိုးထားခဲ့ပါသလဲ။ ဘယ်နေရာတွေမှာ ရေးထိုးထားခဲ့ပါသလဲ။ ဘာထူးခြားချက်တွေ ရှိပါသလဲ စသည်ဖြင့် မေးခွန်းများထုတ်၍ မြန်မာရာဇဝင်သမိုင်း ဗဟုသုတများ ရှာကြည့်ကြပါစို့။**

ဖော်ပြပါ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့သော ပုဂံခေတ်က မြစေတီကျောက်စာနှင့်ပတ်သက်၍ မေးခွန်းများကို မှန်နန်းမဟာရာဇဝင်တော်ကြီးနှင့် ယှဉ်တွဲလေ့လာ၍ အဖြေရှာကြည့်ခဲ့လျှင်...

၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ခဲ့သော ပုဂံခေတ်က မြစေတီကျောက်စာကို မြန်မာသက္ကရာဇ် (၃၈၂ မှ ၅၅၄)ခုနှစ်အထိ ပုဂံပြည်တွင် စိုးစံတော်မူခဲ့သော ပုဂံပြည်ရှင် ကျန်စစ်သားမင်းကြီးနှင့် ရှင်မထီး၏ တူမ တြိလောကဝဋံသကာဒေဝီဘွဲ့တော်ရ 'သမ္ဘူလ'ဦးဆောက်ပန်းမိဖုရားတို့၏ သားတော် (ဧဒဝတီနှင့် တောင်စဉ်ခုနစ်ခရိုင်) ကို အပိုင်စားရသော ဓမ္မယျခေတ္တရာဘွဲ့တော်ရ 'ရာဇကုမာရ်မင်းသား'ရေးထိုးထားခဲ့ပါသည်။

### ကျောက်စာရေးထိုးသည့်အချိန်

ရေးထိုးထားသည့်အချိန်ကာလမှာ ပုဂံပြည်တွင် အလောင်းစည်သူမင်းကြီး ထီးနန်းစိုးစံချိန် မြန်မာသက္ကရာဇ် (၄၇၄)ခုနှစ်၊ ခရစ်နှစ် အေဒီ(၁၁၁၃)ခုနှစ်၊ သာသနာတော်သက္ကရာဇ် (၁၆၅၆) ခုနှစ်ကာလတွင် လည်းကောင်း၊ မြန်မာသက္ကရာဇ် (၄၅၄)ခုနှစ်တွင် ကျန်စစ်သားမင်းကြီး နတ်ရွာစံလွန်တော်မူခဲ့ပါသည်။ ကျန်စစ်သားမင်းကြီး နတ်ရွာစံပြီးနောက် နှစ် ၂၀ ကြာသော (သက္ကရာဇ် ၄၇၄)ခုနှစ် ကာလတွင်လည်းကောင်း၊ ရာဇကုမာရ်မင်းသားသည် တူတော်အလောင်းစည်သူမင်းကြီးထက် အသက် ခုနစ်နှစ်ကြီးပါသည်။ ရာဇကုမာရ်မင်းသားသည် မြန်မာသက္ကရာဇ် ၄၂၁ ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ အလောင်းစည်သူမင်းကြီးသည် ခမည်းတော်စောယွမ်းနှင့်မယ်တော် ရွှေအိမ်သည်တို့မှ မြန်မာသက္ကရာဇ် ၄၂၈ ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ သီရိဇေယျသူရဘွဲ့တော်ရ အလောင်းစည်သူမင်းကြီး မင်းစည်းစိမ် ၂၀ နှစ်ပြည့်၊ သက်တော်(၄၆)နှစ်အရွယ်၊ ဦးရီးတော် ဇေယျခေတ္တရာဘွဲ့တော်ရ ရာဇကုမာရ်မင်းသား သက်တော်(၅၃)နှစ်အရွယ်၊ မြန်မာသက္ကရာဇ် ၄၇၄ ခုနှစ်ကာလတို့တွင်လည်းကောင်း ထိုကျောက်စာများကို ရေးထိုးထားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ကျောက်စာများ ရေးထိုးမစိုက်ထူမီ ရာဇကုမာရ်မင်းသားသည် ကောင်းမှု၊ အလှူဒါနပွဲများကိုလည်း ကျင်းပပြုလုပ်ခဲ့ပါသည်။ ကောင်းမှုပြုမှုအစုစုတို့ကိုလည်း ရေစက်သွန်းချအမျှပေးဝေခဲ့ပါသည်။ ထိုကောင်းမှုအစုစု ပြုလုပ်ခဲ့ခြင်းအကြောင်းအရာများကိုလည်း ကျောက်စာများဖြင့် ကမ္ပည်းမှတ်တမ်းရေးထိုး စိုက်ထူထားခဲ့ခြင်းဖြစ်ပါသည်။ ထိုကျောက်စာများကို ရှေးခေတ်အခါကာလ၌ ရာဇကုမာရ်ကျောက်စာဟု ခေါ်တွင်ခဲ့ပါသည်။ ယခု မျက်မှောက်ခေတ်အခါကာလ၌ 'မြစေတီ' ကျောက်စာအမည်ဖြင့် ထင်ပေါ်ကျော်ကြားခဲ့ပါသည်။ ထိုတွင်မက ကမ္ဘာကျော် ကျောက်စာ၊ ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ကျောက်စာအဆင့်သို့ပင် ရောက်ရှိခဲ့ပါသည်။

ရေးထိုးထားခဲ့သည့် အကြောင်းအရာများမှာ ကျောက်စာရေးထိုးခဲ့သည့် အချိန်ကာလ ခုနှစ်၊ ရာဇကုမာရ်မင်းသား ကိုယ်ရေးအကြောင်းအရာများ၊ ကျန်စစ်သားမင်းကြီးမှ သားသမီးတို့အပေါ် မိဖုရားတို့အပေါ် ချီးမြှင့်မြှောက်စားခဲ့ခြင်း အကြောင်းအရာများ၊ ရာဇကုမာရ်မင်းသားမှ ခမည်းတော် ကျန်စစ်သားမင်းကြီး နာမကျန်းဖြစ်နေစဉ် မင်းကြီးအပေါ် စိုးရိမ်ပူပန်မှုများ၊ ပြုစုစောင့်ရှောက်ခဲ့ပုံများ၊ ထူးခြားသော မိဘကျေးဇူးဆပ်နည်းလမ်းများ၊ ကျန်စစ်သားမင်းကြီးနတ်ရွာမစံမီနှင့် နတ်ရွာစံလွန်ပြီးနောက် လှူဒါန်းကောင်းမှု အစုစုပြုခဲ့ခြင်း အကြောင်းအရာများ၊ ဂူပြောက်ကြီး စေတီတည်ထားကိုးကွယ်ခဲ့ခြင်း၊ မြစေတီ၌ အလှူဒါနကောင်းမှုများ ပြုလုပ်ခဲ့ခြင်း၊ ထေရ်ကြီး၊ ဝါကြီး ဆရာတော်ကြီး ခုနစ်ပါးအားပင့်ဖိတ်၍ ဆရာတော်ကြီးများ ဟောကြားသော ဗုဒ္ဓတရားတော်များကို နာယူစေခြင်း၊ နာယူခဲ့ရခြင်း၊ လှူဒါန်းမှု၊ ကောင်းမှုအစုစုပြုလုပ်ခဲ့ခြင်း၊ ရလိုသော ဆုများတောင်းခဲ့ခြင်း၊ ပြုလုပ်ခဲ့ပြီးသော ကောင်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေခဲ့ခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုခြင်းအကြောင်းအရာများကို (ပျူ၊ မွန်၊ မြန်မာ၊ ပါဠိ)လေးဘာသာဖြင့် လေးဘက်မျက်နှာစာပါရှိသော ကျောက်စာတိုင်များတွင် ထူးထူးခြားခြားကျောက်စာများ ရေးထိုးမှတ်တမ်းကမ္ပည်းတင်ထားခဲ့ပါသည်။

### မြစေတီကျောက်စာနှင့် ဂူပြောက် ကြီးစေတီ ကျောက်စာ

ဖော်ပြပါ ကျောက်စာတို့ကို မြစေတီ ပရိဝုဏ်အတွင်းတွင်လည်းကောင်း၊ ဂူပြောက်ကြီးစေတီ ပရိဝုဏ်အတွင်းတွင်လည်းကောင်း စိုက်ထူထားပါသည်။ ဤသို့စိုက်ထူထားခဲ့သည့် ကျောက်စာတို့မှာ ရေးထိုးထားချက်များ တူညီမှုများရှိနေခြင်း၊ အရွယ်အစားပုံသဏ္ဌာန်၊ အကြောင်းအရာတို့မှာ ထပ်ထူထပ်မျှတူညီမှုရှိနေခြင်း၊ ဘာသာလေးမျိုး ပါဝင်ရေးထိုးထားခြင်းတို့ဖြစ်ပေသည်။ ထိုကျောက်စာတို့မှာ ခွဲခြားမရအောင် ထူးထူးခြားခြား တူညီမှုရှိနေခြင်းပင် ဖြစ်ပေသည်။ ဤတွင် မြစေတီကျောက်စာနှင့် ဂူပြောက်ကြီးစေတီကျောက်စာတို့ ဘာကြောင့်ခွဲခြားမရအောင် တူညီနေရသလဲ မေးခွန်းထုတ်စရာရှိပါသည်။ ယင်းမေးခွန်းကို ဆက်လက်ဖြေကြားပေးပါမည်။

ဂူပြောက်ကြီးစေတီကျောက်စာနှင့် မြစေတီကျောက်စာပါ ရေးထိုးချက်များ၊ အရွယ်အစား၊ ပုံသဏ္ဌာန်၊ အကြောင်းအရာ၊ ဘာသာများ ထပ်တူထပ်မျှ တူညီနေရခြင်းမှာ အလှူ့ရှင် ရာဇကုမာရ်မင်းသားသည် အလှူပွဲမကျင်းပမီကြိုတင်၍ ထွင်းထုရေးထိုးထားပြီးသော ထပ်တူထပ်မျှ တူညီမှုရှိနေသော ကျောက်စာနှစ်စုံကို မြစေတီဘုရားပရိဝုဏ်နှင့် ဂူပြောက်ကြီးစေတီဘုရား ပရိဝုဏ်တို့တွင် မြန်မာသက္ကရာဇ်(၄၇၄)ခုနှစ်ကာလ တစ်နေ့၊ တစ်ရက်၊ တစ်ချိန်တည်းတွင် တစ်ပြိုင်တည်းစိုက်ထူရန် ရည်ရွယ်အကြံအစည် ရှိခဲ့ပါသည်။ ထိုသို့ ရည်ရွယ်ခဲ့သည့်အတိုင်း မြစေတီ၌ကုသိုလ်ကောင်းမှု ပြုမှု၊ ဂူပြောက်ကြီးစေတီ၌ ကုသိုလ်ကောင်းမှုပြုမှုအကြောင်းအရာများပါဝင်ခဲ့သည့် ဖော်ပြပါတူညီသည့် ကျောက်စာတို့ကို မြစေတီဘုရား ပရိဝုဏ်နှင့် ဂူပြောက်ကြီးစေတီ ပရိဝုဏ်အတွင်း စိုက်ထူထားခဲ့ပါသည်။ သို့ဖြစ်၍ မြစေတီကျောက်စာနှင့် ဂူပြောက်ကြီး စေတီကျောက်စာတို့မှာ ခွဲခြားမရအောင် ထပ်တူထပ်မျှတူညီနေရခြင်းဖြစ်ပါသည်။ ထိုတွင်မက ဂူပြောက်ကြီးစေတီကျောက်စာကို မြစေတီကျောက်စာ၏ ကျောက်စာပွားဟု ထင်ယောင်ထင်မှား ဖြစ်ပေါ်စေခဲ့ပါသည်။

ရေးထိုးစိုက်ထူထားခဲ့သည့် ကျောက်စာများနှင့် ပတ်သက်၍ အမည်နာမသုံးမျိုး ခေါ်ဆိုခဲ့ကြပါသည်။ ယနေ့ခေတ် ကာလတိုင်အောင်ဖြစ်ပါသည်။ ရာဇကုမာရ်မင်းသား ရေးထိုးထားခဲ့သဖြင့် ရာဇကုမာရ်မင်းသားကို အကြောင်းပြု၍ ရာဇကုမာရ်ကျောက်စာဟုလည်းကောင်း၊ မြစေတီဘုရားပရိဝုဏ်အတွင်းတွင် ရေးထိုးထားခဲ့သဖြင့် မြစေတီကိုအကြောင်းပြု၍ မြစေတီကျောက်စာဟု လည်းကောင်း၊ ဂူပြောက်ကြီးစေတီ ဘုရားပရိဝုဏ်အတွင်းတွင် ရေးထိုးထားခဲ့သဖြင့် ဂူပြောက်ကြီးစေတီကို အကြောင်းပြု၍ ဂူပြောက်ကြီးကျောက်စာဟု လည်းကောင်း ခေါ်ဝေါ်သမုတ်ခဲ့ကြပါသည်။



### ကမ္ဘာ့အမွေအနှစ်စာရင်းဝင်

မြစေတီကျောက်စာနှင့် ပတ်သက်၍ ထူးခြားချက်များကို ဖော်ပြပါမည်။ ပုဂံခေတ်ကာလ မြန်မာသက္ကရာဇ် (၄၇၄)ခုနှစ်၊ ခရစ်နှစ် AD(၁၁၁၃)ခုနှစ် ကာလမှစ၍ စကားပြေအရေးအသားစတင်ခဲ့ခြင်း၊ ဦးစွာတွေ့ရှိခဲ့ရခြင်း၊ မွန်လူမျိုး၊ ပျူလူမျိုး၊ မြန်မာလူမျိုးနှင့် ပါဠိစာပေတတ်ကျွမ်းသူများ ဖတ်ရှု သိရှိမှတ်သားနိုင်ရန် ကျောက်စာပါ အကြောင်းအရာများကို (မွန်၊ ပျူ၊ မြန်မာ၊ ပါဠိ) ဘာသာလေးမျိုးဖြင့် ထူးခြားစွာ ရေးထိုးထားခြင်း၊ တိုင်းရင်းသားစာပေဘာသာစကားများ ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားခဲ့ခြင်း၊ အက္ခရာ၊ စာသား၊ အဓိပ္ပာယ်၊ အသွင်အပြင်၊ ပုံသဏ္ဌာန်၊ အရွယ်အစားများ ထပ်တူထပ်မျှ တူညီမှု ရှိအောင် ရေးထိုးထားနိုင်ခြင်း၊ ထွင်းထုနိုင်ခဲ့ခြင်း၊ မြန်မာ့ကျောက်ဆစ်ပညာမြင့်မားခဲ့ခြင်းတို့မှာ ထူးခြားအံ့ဩလောက်ပါပေသည်။ မြန်မာ့ရာဇဝင်သမိုင်းတွင် ထူးခြားရှားပါးသော ကျောက်စာဖြစ်သည်သာမက ကမ္ဘာကပင် ကမ္ဘာ့အမွေအနှစ်အဖြစ် အသိအမှတ်ပြုခဲ့ရပြီးဖြစ်သည်။ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၌သာ တွေ့ရှိနိုင်သည့် ထူးခြားရှားပါးသောကျောက်စာ ဖြစ်ပါသည်။ ယခုမြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်သို့ ရောက်ချေပြီ။ ကျောက်စာရေးထိုးစိုက်ထူခဲ့သည့် မြန်မာ့သက္ကရာဇ် (၄၇၄) ခုနှစ်မှ စတင်ရေတွက်ခဲ့သော် မြစေတီကျောက်စာသက်တမ်းမှာ နှစ်ပေါင်း ၉၀၇ နှစ်ကာလကြာမြင့်ခဲ့ပြီ ဖြစ်ပေသည်။

ဤသို့ကျောက်စာသက်တမ်း ကြာမြင့်ခဲ့သည်နှင့်အမျှ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဂုဏ်သတင်းကို ကမ္ဘာအနှံ့သိစေမည့်အပြင် ထာဝရမြန်မာ့ဂုဏ်ဆောင်၊ နိုင်ငံဂုဏ်ဆောင်၊ ဇာတိဂုဏ်ဆောင်ရှေးဟောင်းကမ္ဘာ့အမွေအနှစ်ကြီးတစ်ခုအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့တည်ရှိလျက် ဂုဏ်ဆောင်ပေးမည်ဖြစ်ပေသည်။ ။

"မြစေတီကျောက်စာနှင့် ပတ်သက်၍ ထူးခြားချက်များကို ဖော်ပြပါမည်။ ပုဂံခေတ်ကာလ မြန်မာသက္ကရာဇ် (၄၇၄)ခုနှစ်၊ ခရစ်နှစ် အေဒီ(၁၁၁၃)ခုနှစ်ကာလမှစ၍ စကားပြေ အရေးအသား စတင်ခဲ့ခြင်း၊ ဦးစွာတွေ့ရှိခဲ့ရခြင်း၊ မွန်လူမျိုး၊ ပျူလူမျိုး၊ မြန်မာလူမျိုးနှင့် ပါဠိစာပေတတ်ကျွမ်းသူများ ဖတ်ရှု သိရှိမှတ်သားနိုင်ရန် ကျောက်စာပါ အကြောင်းအရာများကို (မွန်၊ ပျူ၊ မြန်မာ၊ ပါဠိ)ဘာသာလေးမျိုးဖြင့် ထူးခြားစွာ ရေးထိုးထားခြင်း၊ တိုင်းရင်းသားစာပေဘာသာစကားများ ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားခဲ့ခြင်း၊ အက္ခရာ၊ စာသား၊ အဓိပ္ပာယ်၊ အသွင်အပြင်၊ ပုံသဏ္ဌာန်၊ အရွယ်အစားများ ထပ်တူထပ်မျှ တူညီမှု ရှိအောင် ရေးထိုးထားနိုင်ခြင်း၊ ထွင်းထုနိုင်ခဲ့ခြင်း၊ မြန်မာ့ကျောက်ဆစ်ပညာမြင့်မားခဲ့ခြင်းတို့မှာ ထူးခြား အံ့ဩလောက်ပါပေသည်"

# ကိုဗစ်-၁၉ ကြိုတင်တားဆီးကာကွယ်ရေး တနိုင်းမြို့အဝင် လုံခြုံရေးဂိတ်တွင် ခရီးသွားပြည်သူများအား စစ်ဆေးမှုများ နေ့စဉ်ဆောင်ရွက်လျက်ရှိ

**တနိုင်း မေ ၆**

ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများ စစ်ဆေးဆောင်ရွက်ခြင်းကို မြို့အဝင်/ထွက် လုံခြုံရေးဂိတ်တွင် ယနေ့နံနက်ပိုင်းက ဆောင်ရွက်လျက်ရှိသည်။

မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကြီးကြပ်မှုကော်မတီနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ကူးစက်မှု အန္တရာယ်မရှိစေရန်အတွက် ရည်ရွယ်ပြီး မြို့ဝင်၊ မြို့ထွက် ဂိတ်ဖြစ်သည့် တနိုင်းဂိတ်မှ သွားလာသူခရီးသည်များအား နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် ပြည်ပပြန်များအား စာရင်းကောက်ယူ၍ တာဝန်ရှိသူများ သတ်မှတ်ထားသည့် စောင့်ကြည့်ရန်ထားရှိသည့်နေရာသို့ ရောက်ရှိအောင် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဆောင်ရွက်မှုလုပ်ငန်းသို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကြီးကြပ်မှုကော်မတီနှင့် ဌာနဆိုင်ရာများအား နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို အဆိုပါဂိတ်၌ နေ့စဉ် အလှည့်ကျ တာဝန်ပေးကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းထင်ကျော်(ပြန်/ဆက်)**



# တနင်္သာရီမြို့နယ်တွင် အသွားအလာကန့်သတ်စောင့်ကြည့် နေရာ ၄၀၀ ခန့် လျာထားပြင်ဆင်



**တနင်္သာရီ မေ ၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကြိုတင်ကာကွယ်ရေးအတွက် ထိုင်းနိုင်ငံနှင့် နိုင်ငံအသီးသီးမှနေရပ်သို့ ပြန်ရောက်လာသူ တိုင်းရင်းသားများအပြင် ပြောင်းရွှေ့ခရီးသွားများအား ယာယီစစ်ဆေးရေးဂိတ် ၃ နေရာခွဲ၍ ကိုဗစ်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဦးစီးကော်မတီများက စနစ်တကျလက်ဆေးစေခြင်း၊ ကျန်းမာရေးစစ်ပေးခြင်း ကိုယ်အပူချိန် တိုင်းပေးခြင်းနှင့် ပိုးသတ်ဆေးဖျန်း၍ စစ်ဆေးသည့် အခန်းငယ်တို့ဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သတ်မှတ်နေရာအဆောက်အအုံတွင် ကန့်သတ်ထားရှိစောင့်ကြည့် ၁၄ ရက်ထားရှိရန် ယာယီနေရာ ၄၀၀ ကို မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လျာထားပြင်ဆင်ဆောင်ရွက်ထားရှိရာ မေ ၅ ရက် ညနေ ၆ နာရီအထိ ရပ်ကွက်/ကျေးရွာများရှိ ခန်းမဆောင်များ၊ အခြေခံပညာကျောင်း ဆောင်များတွင် စောင့်ကြပ်ကြည့်ရှုခံရသူ ပြည်သူ ၈၂ ဦးအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိကြောင်းမြို့နယ်ကော်မတီထံမှ သိရသည်။

အလက-လယ်တောင်ယာတွင် တစ်ဦး၊ အမက-ညောင်ဇင်ထောင့်တွင် နှစ်ဦး၊ အထက(ခွဲ)-သိန္ဓောတွင် ၁၉ ဦး၊ အထက-တကူတွင် ၂၈ ဦး၊ တနင်္သာရီခန်းမတွင် တစ်ဦး၊ အလက (ခွဲ)-တောင်ဘိန်း(၂)တွင် လေးဦး၊ အလက-သခန်ခွန်းတွင် နှစ်ဦး၊ အမက-လယ်သစ်တွင် တစ်ဦး၊ အထက (ခွဲ)-သာရဘွင် ခုနစ်ဦး၊ အလက-ချောင်းလမုတွင် ငါးဦး၊ အလက (ခွဲ)-သာရဖုံတွင် လေးဦး၊ တမုတ်ချုန်း ကျေးရွာရှိ ဘက်စုံသုံးခန်းမတွင် သုံးဦးနှင့် အလက-ကော့မပြင်းရွာ ငါးဦး ဖြစ်သည်။

အဆိုပါ မြို့နယ်အတွင်း မေ ၄ ရက်က စောင့်ကြည့်ပြည်သူပေါင်း ၇၇ ဦးရှိပြီး အလက- ကော့မပြင်းကျောင်းသို့ အမျိုးသား ၃ ဦး၊ အမျိုးသမီး ၂ ဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ၈၂ ဦး ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

# ကျောက်ကြီးမြို့နယ်၌ ပြည်ပမှနေရပ်ပြန်လာကာ စောင့်ကြည့်စခန်းတွင် ၁၄ရက် နေထိုင်သူများ ကျန်းမာရေးကောင်းမွန်သဖြင့် နေအိမ်ပြန်ခွင့်ပြု

**ကျောက်ကြီး မေ ၆**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်ရှိ စောင့်ကြည့်စခန်းများတွင် ကိုဗစ်ရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် ၁၄ ရက်ကြာ ကျန်မာရေးအခြေအနေ စောင့်ကြည့်ခံခဲ့သော ပြည်ပနိုင်ငံများမှ နေရပ်ပြန်လာသူများအား ကျန်းမာရေးကောင်းမွန်သဖြင့် ယမန်နေ့က မိမိရပ်ရွာသို့ ပြန်ခွင့်ပြုလိုက်ကြောင်း မြို့နယ် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

ကျောက်ကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးစခန်းလေးခုဖွင့်လှစ်ထားသည့် ခေတ္တကျန်းမာရေးစောင့်ရှောက်မှုစခန်း၌ ပြည်ပပြန်လာသူ ယမန်နေ့အထိ နေအိမ်၌ စောင့်ကြည့်ခံရသူ ၁၈၂ ဦး၊ စောင့်ကြည့်စခန်း၌ ၄၃၈ ဦးရှိပြီး နေအိမ်၌ ၁၄ ရက်ပြည့်ကာ ကျန်းမာရေးကောင်းမွန် သူ ၈၁ဦးနှင့် စောင့်ကြည့်စခန်းများ၌ ၁၄ ရက်အပြည့် နေထိုင်ကာ မိမိရပ်ရွာသို့ ပြန်သူ ၁၈၆ ဦး ရှိကြောင်း သိရသည်။

စောင့်ကြည့်စခန်းများတွင် ၁၄ ရက်စောင့်ကြည့်ခံခဲ့သည့် နေရပ်ပြန်လာသူများအား ကျန်းမာရေးကောင်းမွန်၍ ကျန်းမာရေးဌာနက ကျန်းမာရေးထောက်ခံချက်ပေးအပ်ခဲ့ကာ နေအိမ်၌ပင် ပြန်နေခွင့်ပေးမည်ဖြစ်ကြောင်း၊ ကူးစက်ရောဂါကာကွယ်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ပေးသည့် နေရပ်ပြန်လာသူများအတွက် ဝမ်းသာဂုဏ်ယူကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက ပြောသည်။

**ကိုသားကြီး(ကျောက်ကြီး)**

## သစ်ပင်နည်းလာ၊ တို့ကမ္ဘာ
## လွန်စွာပူအေး၊ ဥတုဘေး

# ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး လိုက်လံနှိုးဆော်

**ပခုက္ကူ မေ ၆**

ပခုက္ကူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၏ အသိပညာပေး ပိုစတာများ ပြသကာ ပြည်သူတစ်ရပ်လုံး လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးဌာန၏ ညွှန်ကြားချက်များကို သိရှိစေပြီး လိုက်နာဆောင်ရွက်နိုင်စေရေး ရုံးရှေ့တွင် နံရံကပ်ပိုစတာ ပြသခြင်း၊ ပခုက္ကူမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့ လှည့်လည်နှိုးဆော်ခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ယမန်နေ့က ဆောင်ရွက်လျက် ရှိသည်။

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုသည် မြန်ဆန်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံ၌ အစိုးရအဖွဲ့အစည်းများက ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပြီး မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး နံရံကပ်စာစောင် ပြသခြင်းနှင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများသို့ လှည့်လည်နှိုးဆော်ခြင်းကို ခရိုင်ပြန်/ဆက် ဝန်ထမ်းများ ဦးဆောင်မှုဖြင့် ရွှေကန်လူငယ်ပရဟိတအဖွဲ့၊ ပန်းပျိုးလက် လူငယ်ဖွံ့ဖြိုးရေးအဖွဲ့၊ သီဟိုဠ်ရှင်စေတနာဆေးခန်းတို့ ပူးပေါင်း၍ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်သည်။ မြို့ပေါ်ရပ်ကွက်များတွင် မတ် ၃၀ ရက်ကစ၍ အသိပညာပေး နှိုးဆော်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## အနူးအညွတ်တောင်းပန်အပ်ပါသည်

မေ ၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၉ တွင်ပါရှိသည့် **"ချမ်းအေးသာစံမြို့နယ်၌ အပူဒဏ်ရှောင်စခန်းများ ဖွင့်လှစ်ထားရှိ"** သတင်းကို မြို့နယ်သတင်းထောက် အောင်စံမောင်က ပေးပို့ခဲ့၍ မြန်မာ့အလင်းစာတည်းအဖွဲ့က ဖော်ပြမိခဲ့သဖြင့် စာဖတ်ပရိသတ်အား အနူးအညွတ်တောင်းပန်အပ်ပါသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းထောက် အောင်စံမောင် ကလောင်အမည်အပြင် အခြားကလောင်များဖြင့် ပေးပို့သည့် သတင်းများ အသုံးပြုမှုကို မြန်မာ့အလင်းသတင်းစာတိုက်က တစ်နှစ်ရပ်ဆိုင်းသွားပါမည်။

**စာတည်းအဖွဲ့**

## အနူးအညွတ်တောင်းပန်အပ်ပါသည်

မေ ၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၉ တွင်ပါရှိသည့် **"ချမ်းအေးသာစံမြို့နယ်၌ အပူဒဏ်ရှောင်စခန်းများ ဖွင့်လှစ်ထားရှိ"** သတင်းမှာ မသေချာဘဲ သတင်းစာတိုက်သို့ မှားယွင်းပေးပို့ခဲ့မိသည့်အတွက် စာဖတ်ပရိသတ်အား ကျွန်တော် သတင်းထောက် အောင်စံမောင်က အနူးအညွတ်တောင်းပန်အပ်ပါသည်။

**အောင်စံမောင်**


## အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ တိုက် (၇)၊ အခန်း (၁)၊ ရန်အေးလမ်း၊ (၅)ရပ်ကွက်၊ အနောက်ရန်ကင်းမြို့နယ်တွင် တရားဝင်ရုံးစိုက်သော **IDEA COACH 25 COMPANY LIMITED** အနေဖြင့် အောက်ဖော်ပြပါ အမှတ်တံဆိပ်၏ မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ပါသည်။

WITSAYAR

**(မှတ်ပုံတင်အမှတ်–၄/၃၂၅၇/၂၀၂၀)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အား (အပြည်ပြည်ဆိုင်ရာ အမှတ်တံဆိပ် သတ်မှတ်ချက်– ၃၉၊ ၄၂)ဖြင့် အိမ်အရောက်ပို့ဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်အခြေပြု ဝက်(ဘ်)ဆိုက်၊ **Application** ဖြင့် ဝန်ဆောင်မှုလုပ်ငန်းတို့တွင် ယှဉ်တွဲဖော်ပြအသုံးပြုမည် ဖြစ်ပါသည်။

အဆိုပါအမှတ်တံဆိပ်အား ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မရိုးမဖြောင့်သောသဘောအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်း၊ တစ်စိတ်တစ်ဒေသဖြစ်စေ တုပကူးယူခြင်းများနှင့် အထက်ဖော်ပြပါ အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများတွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**IDEA COACH 25 COMPANY LIMITED ၏လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်စာခြည်ထွေး** — **အထက်တန်းရှေ့နေ(စဉ်–၄၄၆၀၆)**
**ဒေါ်ရွှေရည်ဝင်း** — **အထက်တန်းရှေ့နေ(စဉ်–၄၉၆၉၅)**

**Partnership in practice between:**
**Bizlaw Consult Myanmar Co.,Ltd & MYANMAR IP PRO Co.,Ltd**
**No.527 (B-4), Zayya 18th Street, (10) Ward,**
**South Okkalapa Township, Yangon 11091, Myanmar.**
**Office Ph: +959 45678 1114, +959 45678 1115.**
**Email: bizlaw4@bizlawmyanmar.com, https://bizlawmyanmar.com**
ရက်စွဲ။ ။၂၀၁၉ ခုနှစ်၊ ဧပြီလ၊ ၇ ရက်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ ကန်ကြီးကွင်း/အကွက်၊ အမှတ်နှင့် အမည် ၁၀(ခ)၊ ကန်ကြီး၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် ၄၅၊ ပိုင်ရှင်အမည် မောင်နေဝင်း၊ မောင်စိုးနိုင်၊ မောင်မျိုးသိန်း ပိုင်ဆိုင်ခွင့် ဘိုးဘပိုင်၊ မြေမျိုးနှင့်အတန်း အိမ်ရာ/ရေိယာဧက ၀ ဒသမ ၀၃၀ (မြိတ်–မှတ်ပုံတင်စာချုပ်အမှတ် ၅၇/၁၉၈၄အရရောင်းဝယ်၍ပြောင်းလဲ)၊ မြေကွက်နှင့် သုံးထပ်နေအိမ်တစ်ဆောင်တို့မှာ လွန်ခဲ့သော ၃၇ နှစ်၊ (၈–၁၁–၁၉၈၃)ရက်စွဲဖြင့် မူလပိုင်ရှင်များထံမှ ယနေ့အထိ အထက်အမည်ပါ သုံးဦးမှ လက်ရှိနေထိုင်ပိုင်ဆိုင်လာကြောင်း သိစေအပ်ပါသည်။ အဆိုပါ သုံးထပ်နေအိမ်နှင့် မြေကွက်တို့အပေါ် အမွေဆိုင်မဟုတ်သူများမှ အမွေပစ္စည်းအပေါ် ဝင်ရောက်စွက်ဖက်ခြင်း၊ ကျူးကျော်စော်ကားခြင်း၊ နှောင့်ယှက်ခြင်းများအပေါ် တည်ဆဲဥပဒေများအရ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ကြော်ငြာပါသည့် ရက်မှ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးလွင်အောင်(LL.B) (Advocate)** **(စဉ်–၆၆၁၂/၉၈)**
**ဒေါ်ဖြိုးမဥ္ဇူ (LL.B) (Advocate)** **(စဉ်–၁၀၄၆၅/၁၅)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၀၂)၊ စစ်ကိုင်းလမ်း၊ မြိတ်တက္ကသိုလ်အနီး၊ ကလွင်ရပ်၊ မြိတ်မြို့၊**
**တနင်္သာရီတိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၂၆ဦးဘိုးဘက်၊မြေကွက်အမှတ် ၄၈၏အစိတ်အပိုင်း၊ဧရိယာ၇.၀၂၁၁ဧက၏တစိတ်တဒေသ၊မြေကွက်တည်နေရာအမှတ်၂၀၊မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊အင်းစိန်မြို့နယ်(SPMချဘဲကလိန္နံချစက်ယား)အမည်ပေါက် B မြေအားအင်းစိန်မြို့နယ်တရားရုံးတရားမကြီးမှုအမှတ် ၈၁/၂၀၁၉ဖြင့် ပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှုနှင့် ၃(က)လျှောက်ထားပေးစေလိုမှု၏၁.၁၁.၂၀၁၉ရက်စွဲပါတရားရုံးအမိန့်နှင့်ဒီကရီ၊တရားမဓာရီမှုအမှတ် ၄၂/၂၀၁၉ဖြင့် ဘီလစ်ခန့်အပ်ကြောင်းအမိန့်ချမှတ်လိုက်သည့် ၇.၁.၂၀၂၀ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းနှင့်ထုံးပုံကျအပြီးသတ်အမိန့်၁၄.၁.၂၀၂၀ ရက်နေ့ ဘီလစ်ခန့်အပ်ကြောင်း ဌာနသို့အကြောင်းကြားစာတင်ပြပြီး ဘီလစ်ဒေါ်မိုးမိုးအေး(၁၂/အစန(နိုင်)၁၂၂၁၈၄)မှအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူး)**
**မြို့ပြစီမံကိန်းရေးရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ– ၂၀)
## မင်းလှမြို့နယ်တရားရုံးတော်
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် –၂၃

ဒေါ်ငွေသူဇာဝင်း — နှင့် — ၁။ ဒေါ်ခင်သိန်းဝင်း
၂။ ဒေါ်အေးမြတ်စိုး

**တရားလို** — **တရားပြိုင်များ**

မင်းလှမြို့နယ်၊ အုန်းပင်ပေါက် ကျေးရွာအုပ်စု၊ ကညင်ပင်ကျေးရွာနေ တရားပြိုင် အမှတ်(၁) ဒေါ်ခင်သိန်းဝင်း (ဘ)ဦးသိန်းညွှာဏ်နှင့် တရားပြိုင် အမှတ်(၂) ဒေါ်အေးမြတ်စိုး(ဘ)ဦးကျား(ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင်တို့အပေါ်၌တရားလို ဒေါ်ငွေသူဇာဝင်းက စာချုပ်ပါ ငွေကျပ်သိန်း (၃၀) (ကျပ်သိန်းသုံးဆယ်)တိတိ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မေ ၄ ရက် (၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့ သိစေရမည်မှာ အထက်ဆိုခဲ့သည့် ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ်၊ မေ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွေး)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မင်းလှမြို့နယ်တရားရုံး**


## စာအုပ်စာပေ လူ့မိတ်ဆွေ

## ၂၉-၃-၂၀၂၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၈)ပါ ဦးအောင်မြင့်၊ ဒေါ်စန်းစန်းအေးတို့၏လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဇော်မျိုးဟန်(စဉ်-၈၆၁၁)၏ ဦးမျိုးကြီး(ခ) ဦးမျိုးသက်ထွန်း၊ ဦးခိုင်ကျော်ထွန်း(တပ်ကြပ်ကြီးစာရေး) (ဘ) ဦးလှထွန်းစိန် ၆/သရခ(နိုင်)၀၃၇၈၀၈နှင့် ၎င်း၏ဇနီး ဒေါ်အိသိမ့်သိမ့်ဖြိုး(ဘ)ဦးစောဝင်း ၇/တငန(နိုင်)၁၀၉၆၀၂၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ သစ်တောလမ်း၊ အမှတ်(၆၄၀၅)နေထိုင်သူများနှင့် အများသိစေရန် ကြေညာချက်အပေါ် ဦးမျိုးကြီး(ခ)ဦးမျိုးသက်ထွန်း၊ ဦးခိုင်ကျော်ထွန်း(၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ ဒေါ်အိသိမ့်သိမ့်ဖြိုး)၊ ဒေါ်အိသိမ့်သိမ့်ဖြိုးတို့ဘက်မှ ပြန်လည်တုံ့ပြန်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏ အမှုသည်များဖြစ်သော ဦးမျိုးကြီး(ခ)ဦးမျိုးသက်ထွန်း၊ဦးခိုင်ကျော်ထွန်း(၎င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်အိသိမ့်သိမ့်ဖြိုး)၊ ဒေါ်အိသိမ့်သိမ့်ဖြိုးတို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ပြန်လည်တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးခိုင်ကျော်ထွန်းက(၂၁-၁၀-၂၀၁၈)ရက်တွင် ဖျာပုံမြို့နယ်၊ အမာမြို့၊ နောက်မီးကျေးရွာ၊ အောင်ချမ်းသာလမ်း၊ အောင်ချမ်းသာရပ်ကွက်ရှိ မြေအဆောက်အအုံနှင့် ရေစင်အပါအဝင် ရေလုပ်ငန်းသုံး ပစ္စည်းအားလုံးနှင့် နေလအမည်ရှိစက်တပ်ရေယာဉ်(၄)စင်းတို့အား ငွေကျပ်သိန်း(၃၀၀၀)ဖြင့် ဦးအောင်မြင့်ထံမှ ဝယ်ယူခဲ့ပြီးနောက် အပြီးအပိုင်လက်ရောက်လွှဲပြောင်းရယူကာ ယင်းနေ့မှစ၍ ဒေါ်အိသိမ့်သိမ့်ဖြိုးသည် နေလရေလုပ်ငန်းနှင့် ဆက်စပ်အဆောက်အအုံများ၊ နေလရေယာဉ်များ အားလုံး၏လုပ်ငန်းရှင်အဖြစ် ၎င်း၏အစ်ကိုဖြစ်သူ ဦးမျိုးကြီး(ခ)ဦးမျိုးသက်ထွန်းတို့နှင့်အတူ လုပ်ကိုင်လျက်ရှိပါကြောင်း၊ ဦးအောင်မြင့်မှာ ဦးခိုင်ကျော်ထွန်း၏ ဦးလေး အရင်းဖြစ်သည့်အပြင် သားသမီးမရှိသူများဖြစ်၍ ဦးခိုင်ကျော်ထွန်းနှင့် ဒေါ်အိသိမ့်သိမ့်ဖြိုးတို့က ဦးအောင်မြင့်နှင့် ဒေါ်စန်းစန်းအေးတို့အား လုပ်ငန်းကြီးကြပ်ရေးမှူးများအဖြစ် ၂၁-၁၀-၂၀၁၈ရက်မှစ၍ ပြန်လည် ခန့်အပ်ထားခဲ့ကာ အတူတကွ ဆက်လက်နေထိုင်ခွင့်ပြုထားခဲ့ခြင်းဖြစ်ပြီး အထက်ပါကိစ္စရပ်များကို နောက်မီးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရေလုပ်ငန်းရှင်ဥက္ကဋ္ဌတို့အားလည်း အသိပေးအကြောင်းကြား ထားခဲ့ပြီးဖြစ်ကြောင်း၊

ဦးမျိုးကြီး(ခ)ဦးမျိုးသက်ထွန်းမှာလည်း ဒေါ်အိသိမ့်သိမ့်ဖြိုး၏အစ်ကိုဖြစ်သဖြင့် ၂၁-၁၀-၂၀၁၈ ရက်မှစပြီး နှမဖြစ်သူ ဒေါ်အိသိမ့်သိမ့်ဖြိုး၏ ရေလုပ်ငန်းကို ကူညီလုပ်ကိုင်ပေးနေခြင်းဖြစ်ကာ ဦးအောင်မြင့်နှင့် ဒေါ်စန်းစန်းအေးတို့ထံတွင် မည်သည့် အခါကမျှ စာရေးအဖြစ်လုပ်ကိုင်ခဲ့ဖူးခြင်း မရှိသည့်အပြင် ဖော်ပြပါနေအိမ်တွင် ၎င်းတို့၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခဲ့သူမဟုတ်ကြောင်းနှင့် ဦးခိုင်ကျော်ထွန်းမှာလည်း တပ်မတော်သားတစ်ဦးဖြစ်၍ ရေလုပ်ငန်းအား သွားရောက်လုပ်ကိုင်ခြင်း မရှိဘဲ ဒေါ်အိသိမ့်သိမ့်ဖြိုးကသာ ဦးဆောင်လုပ်ကိုင်ခဲ့ပြီး ဦးအောင်မြင့်နှင့် ဒေါ်စန်းစန်းအေးတို့၏ အလုပ်သမားမဟုတ်ဘဲ အလုပ်ရှင်ဖြစ်ကြောင်း၊ ဒေါ်အိသိမ့်သိမ့်ဖြိုးက ဒေါ်စန်းစန်းအေးအား ငွေကျပ်သိန်း(၁၄၀၀)အား တစ်လုံးတစ်ခဲတည်း မေတ္တာဖြင့် အတိုးမဲ့ချေးငှားပေးခဲ့ခြင်းဖြစ်ပြီး ထိုငွေများအားလည်း တစ်ပြားတစ်ချပ်မျှပြန်လည်ရရှိခဲ့ခြင်းမရှိကြောင်း၊ ထို့ပြင်ဦးအောင်မြင့်က ဒေါ်အိသိမ့်သိမ့်ဖြိုးထံမှ ၆-၉-၂၀၁၇ရက်မှ ၂-၁၀-၂၀၁၈ရက်တွင် ငွေကျပ်(၄၃၂)သိန်းအား အလီလီ ချေးယူခဲ့ပြီး ၎င်းငွေကျပ်(၄၃၂)သိန်းအနက်မှ ငွေကျပ်သိန်း(၁၁၀)ကိုသာ ပြန်လည်ပေးဆပ်ခဲ့၍ ဦးအောင်မြင့်ထံမှ ဒေါ်အိသိမ့်သိမ့်ဖြိုးက ငွေကျပ်(၃၂၂)သိန်း ပြန်လည်ရရှိခဲ့ခြင်းမရှိသေးကြောင်း၊ အထက်ပါငွေပေးငွေယူကိစ္စရပ်များသည် ၂၁-၁၀-၂၀၁၈ရက်စွဲပါ အရောင်းအဝယ်စာချုပ်(၂)စောင် ချုပ်ဆိုသည့် ကိစ္စရပ်များနှင့် မသက်ဆိုင်ဘဲ သီးခြားကိစ္စရပ်များသာဖြစ်ကြောင်း၊

(၂၁-၁၀-၂၀၁၈)ရက်စွဲပါ အရောင်းအဝယ်စာချုပ်(၂)စောင်သည် ဟန်ဆောင်ချုပ်ဆိုခဲ့ခြင်းမဟုတ် ကြောင်းကို ယင်းစာချုပ်(၂)စောင်တွင်ပင် အရောင်းအဝယ်ပြုလုပ်ကြသူများက အတိအလင်းဖော်ပြ ထားခဲ့ပြီး ဂုဏ်သရေရှိအသိသက်သေများရှေ့တွင် နှစ်ဦးနှစ်ဖက် သိရှိဝန်ခံကတိပြုကြောင်း လက်မှတ်ရေးထိုး၊ လက်ဗွေနှိပ်ကာ ချုပ်ဆိုထားခဲ့ခြင်းဖြစ်သည်ကို ဦးအောင်မြင့်ကိုယ်တိုင် သိရှိပါလျက် "ဟန်ဆောင်စာချုပ်များဖြစ်၍ မူလကတည်းက ပျက်ပြယ်ကြောင်း" ဖျာပုံခရိုင် တရားရုံးတွင် တရားမကြီးမှုအမှတ် ၆/၂၀၂၀ ဖြင့် တရားစွဲဆိုလာသည့်အတွက် ဦးခိုင်ကျော်ထွန်းနှင့် ဒေါ်အိသိမ့်သိမ့်ဖြိုးတို့က အမှုအား ဥပဒေနှင့်အညီ ခုခံချေပနေဆဲဖြစ်ကြောင်း၊

ဦးခိုင်ကျော်ထွန်းသည် တပ်မတော်သားတစ်ဦးဖြစ်၍ ရေလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင် ခဲ့ခြင်း လုံးဝမရှိဘဲ ဒေါ်အိသိမ့်သိမ့်ဖြိုးနှင့် ဦးမျိုးသက်ထွန်းတို့ကသာ နေလရေလုပ်ငန်းအား အလုပ်ရှင်အဖြစ် လုပ်ကိုင်ခဲ့ခြင်းဖြစ်၍ မည်သည့်စာရင်းမျှ ရှင်းလင်းပေးရန် အကြောင်းမရှိ ပါကြောင်း၊ ဒေါ်အိသိမ့်သိမ့်ဖြိုးကလည်း မည်သည့်အခါကမျှ နောက်မီးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဦးဘသက်တို့ရှေ့တွင် မည်သည့်စာရွက်စာတမ်း၊ စာရင်းဇယားများကိုမျှ လက်မှတ်ထိုးရယူသွားခဲ့ခြင်း မရှိသည့်အပြင် တစ်ပတ်အတွင်း စာရင်းရှင်းပေးမည်ဟု ပြောခဲ့ဖူးခြင်းလည်းမရှိပါကြောင်း၊

ဦးအောင်မြင့်သည် ဒေါ်အိသိမ့်သိမ့်ဖြိုး၏ ရွှေဆွဲကြိုးနှင့်အရေးကြီးစာရွက်စာတမ်းများအား ဒေါ်အိသိမ့်သိမ့်ဖြိုးမသိအောင် ယူဆောင်သွားသဖြင့် ၈-၁-၂၀၂၀တွင် အမာနယ်မြေရဲစခန်း ပ(၈)/၂၀၂၀၊ ရာဇသတ်ကြီးပုဒ်မ-၃၈၀ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး နောက်မီးကျေးရွာအုပ်ချုပ်ရေးမှူးကိုပါ အသိပေးတိုင်ကြားခဲ့သဖြင့် ဒေါ်စန်းစန်းအေးမှ ၎င်း၏ခင်ပွန်းယူဆောင်သွားသော ဒေါ်အိသိမ့်သိမ့်ဖြိုး ပိုင်ဆိုင်သည့် စာရွက်စာတမ်းများကိုသာ နောက်မီးကျေးရွာအုပ်ချုပ်ရေးမှူးရှေ့တွင် ဦးမျိုးသက် ထွန်းအား ပြန်လည်ပေးအပ်ခဲ့ရခြင်းဖြစ်ကြောင်း၊

အလုပ်သမားများအား လုပ်အားခကြိုတင်ငွေထုတ်ပေးပြီး စာချုပ်ချုပ်ဆိုခဲ့သည့် အလုပ်ရှင်မှာ ဒေါ်အိသိမ့်သိမ့်ဖြိုးဖြစ်ပြီး ယင်းစာချုပ်များသည် ဦးအောင်မြင့်၊ ဒေါ်စန်းစန်းအေးတို့နှင့်မည်သို့မျှ သက်ဆိုင်ခြင်းမရှိသည့်အပြင် စာရင်းစာအုပ်၊ မှတ်တမ်းများမှာလည်း ဒေါ်အိသိမ့်သိမ့်ဖြိုး ကိုယ်တိုင် ဦးစီးလုပ်ကိုင်နေသောလုပ်ငန်း၏မှတ်တမ်းများသာဖြစ်၍ဦးအောင်မြင့်နှင့် ဒေါ်စန်းစန်းအေးထံသို့ ပြန်လည်ပေးအပ်ရန် အကြောင်းမရှိပါကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းတို့၏ ၂၉-၃-၂၀၂၀ရက်စွဲပါ သတင်းစာကြေညာချက်သည် မမှန်ကန်သော အချက်အလက်များ မိမိတို့နှင့်မသက်ဆိုင်သည့် တောင်းဆိုခွင့်မရှိသည့် တောင်းဆိုမှု များကို တောင်းဆိုထားခြင်းဖြစ်သည့်အတွက် လိုက်နာဆောင်ရွက်ပေးရန် အကြောင်းမရှိ ပါကြောင်းနှင့် လူကြီးမင်းတို့ဘက်မှ မှန်ကန်ရထိုက်ခွင့်ရှိသည်ဟု ထင်မြင်ယူဆပါက ဆက်လက် ဆောင်ရွက်နိုင်ပြီး ဥပဒေနှင့်အညီ ခုခံချေပဖြေရှင်းဆောင်ရွက်သွားရန်အသင့်ရှိကြောင်းနှင့် လူကြီးမင်းတို့သည် မှန်ကန်မှုမရှိသော စွပ်စွဲချက်များဖြင့် ဦးမျိုးကြီး(ခ)ဦးမျိုးသက်ထွန်း၊ ဦးခိုင်ကျော်ထွန်း၊ ဒေါ်အိသိမ့်သိမ့်ဖြိုးတို့အပေါ် ကြေညာခဲ့သည့်အတွက် ၎င်းတို့၏ ဂုဏ်သိက္ခာကို များစွာထိခိုက်နစ်နာစေပါသည်။ နောက်နောင်မမှန်ကန်သော အချက်အလက်များဖြင့် ထပ်မံ ကြေညာခြင်းမပြုလုပ်ရန် ဤကြေညာချက်ဖြင့် အတိအလင်း သတိပေးတားမြစ်အပ်ပါသည်။ ထပ်မံပြုလုပ်ကြေညာခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် လွှဲအပ်ချက်များ ရရှိထားပြီးဖြစ်ကြောင်း ပြန်လည်တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| ဒေါ်ကြူကြူစန်း LL.B | ဦးတင်အောင်လင်း LL.B |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၆၂၇၉/၅-၁၂-၂၀၁၉) | (စဉ်-၁၆၃၀၄/၅-၁၂-၂၀၁၉) |
| အမှတ် ၂၁၊ ၇လမ်း၊ | အမှတ် ၃၈၊ အခန်း(၁)၊ ပထမလမ်း၊ |
| (၁၀)ရပ်ကွက်၊ ဖျာပုံမြို့ | (၅) ရပ်ကွက်၊ ဖျာပုံမြို့၊ |
| ဖုန်း-၀၉-၄၅၀၃၄၄၁၁၀ | ဖုန်း-၀၉-၇၈၁၆၅၉၀၃၉၊ ၀၉-၂၅၀၁၂၃၀၈၂ |

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်း အမျိုးအမည် |
|---|---|---|
| ၁ | ၂၅၁/မမ (CE) | အင်ဂျင်နီယာမှူး (မြို့ပြ) တိုင်း(၉)၊ ဟသ်ာတ တိုင်းအမှတ်(၉)နယ်မြေ၊ (၄)ခန်းတွဲ One Storeyed RCC Building (၃)လုံး တည်ဆောက်ခြင်း (ရေ၊မီး၊ မိလ္လာ အပါအဝင်)လုပ်ငန်း |
| ၂ | ၂၅၂/မမ (CE) | အင်ဂျင်နီယာမှူး (တံတား)မလွန်ကုန်း အင်းစိန်ကားလမ်းကူးခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်း (မင်းကြီးလမ်း) (Clover) အမှတ်(၂) တည်ဆောက်ခြင်းလုပ်ငန်းအတွက် ဆက်စပ်လုပ်ငန်းများ |
| ၃ | ၂၅၃/မမ (CE) | တိုင်း(၇) ရန်ကုန် ရန်ကုန်မြို့ပတ် ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်း ၊ အင်းစိန်-ရွာမကြား တံတားအမှတ်(၂၄) 2' x 6' x10' တွင် Cantilever Retaining Wall တည်ဆောက်ခြင်း |
| ၄ | ၂၅၄/မမ (CE) | တိုင်း(၃) မန္တလေးနယ်မြေရှိ မြန်မာ့မီးရထားပိုင် ဘဲလင်းကျောက်မိုင်း မြေ (၃)ဧကအား ငှားရမ်းရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - (၅.၅.၂၀၂၀) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာန တွင် ( ၆.၄.၂၀၂၀)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း: 294352, 291985, 291994

### မွေးသက္ကရာဇ်အမှန်

လားရှိုးမြို့နေ ဦးသိန်းထွေး- ဒေါ်မြင့်မြင့်မော်တို့၏သား မောင်သိန်း ကိုကိုစံ ၁၃/လရန(နိုင်)၁၈၈၈၈၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၂-၂၀၀၂ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့နယ် အာရမ်းကျေးရွာနေ အလက(အာရမ်း)မှ မောင်နေထက်လင်း၏ ဖခင်အမည်မှန်မှာ ဦးစံယု ၁၃/နဆန(နိုင်)၀၁၁၅၉၈ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(၁၅-ပြည်တော်သာရပ်)၊ ဦးပိုင် (င-၁/၁၇)၊ ဧရိယာ ၀ဒသမ၀၉၀ဧကရှိ မြေဂရန်အမှုတွဲအမှတ် ၄၃၀-၅/၂၀၀၄-၂၀၀၅ (အေ) အရတပ်ကြပ်ကြီး မျိုးတင်ဦး အမည်ပေါက်မြေအား ၎င်း၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ရွှေဖိန်းထံမှ ဦးဝမ်လီချန်း ၁၃/သပန(ပြု)၀၀၀၁၉၇က မြေကွက်အပြီး အပိုင် အရောင်းအဝယ်စာချုပ်အမှတ် ၈၂/၂၀၂၀ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်၍ မြေငှားဂရန်အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### အများသိစေရန်ကြေညာခြင်း

မြလေးနွယ်ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာများနှင့်တကွ မန်နေဂျင်းဒါရိုက်တာ ကျွန်ုပ်မိတ်ဆွေဒေါ်ဝါဝါချို၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြလေးနွယ်ကုမ္ပဏီလီမိတက်သည် တရားဝင်တည်ထောင်ထားသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ကောင်းမွန်သောဂုဏ်သတင်းဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ၊ စီးပွားရေးလောကတွင် အောင်မြင်နေသောကုမ္ပဏီဖြစ်ပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအသီးသီးတွင် COVID-19 Virus ကူးစက်ရောဂါဖြစ်ပွားလျက်ရှိပြီး မြန်မာနိုင်ငံ၏လက်ရှိကျန်းမာရေးနှင့် စီးပွားရေး အခြေအနေအရ ၆-၄-၂၀၂၀ ရက်မှစတင်ပြီး နောက်ထပ်တစ်စုံတစ်ရာ အကြောင်းမကြားမီအချိန်အထိ မြလေးနွယ်ကုမ္ပဏီမှ ငွေပေးငွေယူပြုလုပ်ခြင်း၊ ကုန်ပစ္စည်း မှာယူခြင်းတို့အပါအဝင် လုပ်ငန်းကိစ္စအရပ်ရပ်အားလုံးကို ခေတ္တယာယီရပ်ဆိုင်းထားမည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိတ်ဖက်ကုမ္ပဏီများနှင့် မိတ်ဆွေများအပါအဝင် အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီခေတ္တယာယီရပ်ဆိုင်းထားစဉ်ကာလအတွင်း ကုမ္ပဏီအနေဖြင့် ငွေပေးငွေယူပြုလုပ်ခြင်း၊ ကုန်ပစ္စည်းမှာယူခြင်းတို့အပါအဝင် လုပ်ငန်းကိစ္စအရပ်ရပ်ကို လုပ်ကိုင်မည်မဟုတ်ကြောင်းနှင့် လုပ်ကိုင်ခဲ့ပါက လုပ်ကိုင်သူ၏တာဝန်သာဖြစ်ပြီး ကုမ္ပဏီတွင် တစ်စုံတစ်ရာတာဝန်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ- ဒေါ်ဝါဝါချို(MD)**

**မြလေးနွယ်ကုမ္ပဏီလီမိတက်လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးထွန်းမင်းသိန်း(LL.B,D.B.L) | ဒေါ်ဇင်ဇာထွေး (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၄၅၃၆၃) | (စဉ်-၁၁၁၁၁) |

အမှတ်(၁၀၁/C)၊ (၃၆)လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၁၇၅၃၉၄၅၊ ၀၉-၆၈၁၇၄၄၄၃၆

### အသိပေးကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြိုးဖြိုးလှိုင် ၁၂/လသန(ဧည့်)၀၀၁၃၇၂ နှင့် ဦးမင်းသူရ ၁၂/မဘန(နိုင်)၁၀၆၁၆၇၊ ဦးအောင်သူရ ၁၂/မဘန(နိုင်)၁၀၈၁၇၂ တို့သည် ၁၅-၆-၂၀၁၈ ရက်စွဲပါ လယ်ယာထွက်ကုန်ပစ္စည်းများ (ဝယ်/ရောင်း)လုပ်ငန်းကို အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းသဘောတူ ကတိစာချုပ်ချုပ်ဆို၍ ဆန်စပါး၊ ပဲအမျိုးမျိုး၊ ငရုတ်၊ ကြက်သွန်နှင့် လယ်ယာထွက်ကုန်ပစ္စည်းအမျိုးမျိုးကိုဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ပြန်လည်ရောင်းချခြင်း၊ ကြိတ်ခွဲသန့်စင်ခြင်း၊ ကုန်ချောပစ္စည်းများထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကို အစဉ်တစိုက်အကျိုးတူ ပူးတွဲလုပ်ကိုင်ခဲ့ကြပါသည်။

ယခုအခါတွင် ဦးမင်းသူရနှင့် ဦးအောင်သူရတို့သည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအပါအဝင် ယခုကြော်ငြာသည့်ရက်အထိ လုပ်ငန်းနှင့်စပ်ဆိုင်သော စာရင်းများ၊ ငွေစာရင်း၊ အရှုံးအမြတ်စာရင်းများကို ပုံမှန်ရှင်းလင်းခြင်းမပြုသည့်အပြင် မည်သည့်နည်းလမ်းနှင့်အမျှ အဆက်အသွယ်ပြုလုပ်၍မရသဖြင့် ၂၂-၄-၂၀၂၀ ရက် ညနေ ၄ နာရီနောက်ဆုံးထားကာ ကျွန်ုပ်မိတ်ဆွေထံဖြစ်စေ (သို့မဟုတ်) ကျွန်ုပ်ထံသို့ဖြစ်စေ မပျက်မကွက် (မပျက်မကွက်) ဆက်သွယ်၍ စာရင်းရှင်းလင်းရန် အသိပေးကြော်ငြာလိုက်ပါသည်။

ဆက်သွယ်စာရင်းရှင်းလင်းရန် ပျက်ကွက်ခဲ့ပါက ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဒေါ်ဖြိုးဖြိုးလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာဦး LL.B, D.I.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၉၁/၅-၁၂-၂၀၁၉)**
**အမှတ်(၅၈၉/ဈ)၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၉၇၅၇၉၈၄၅၈**

### အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်မ၏ခင်ပွန်း မောင်ရေရှဲ(ဘ)ဦးတုန်လေး (သံလွင်တောင်၊ လယ်ဦးရပ်ကွက်၊ မိုးကုတ်မြို့)သည် ကျွန်မနှင့်ပတ်ဝန်းကျင်အား စိတ်ဆင်းရဲပြင်းအောင်ပြုမူဆက်ဆံပြီး ၃-၄-၂၀၂၀ ရက်က ခွင့်မလွှတ်နိုင်ရလောက်အောင် ပြုလုပ်ကာ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ မောင်ရေရှဲသည် ကျွန်မနှင့်ပတ်သက်မှုမရှိပါတော့ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**နော်တင်တင်ပြုံး**
**၁၂/အစန(နိုင်)၂၀၁၃၈၈**

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ပြန်လည်ရုပ်သိမ်းခြင်း

ဦးတင်ညွန့်-ဒေါ်ခင်သန်းရီ(ခ)ထရီဇာတို့၏ သမီး ဒေါ်သင်းသင်းခိုင် ၁၂/ပဘတ(နိုင်)၀၁၄၅၇၂အား ၂၄-၇-၂၀၁၉ရက် ကြေးမုံသတင်းစာပါ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြော်ငြာစာအား ပြန်လည် ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်ညွန့် ၁၂/ပဘတ(နိုင်)၀၁၄၅၆၁**
**ဒေါ်ခင်သန်းရီ(ခ)ထရေဇာ ၁၂/ပဘတ(နိုင်)၀၂၁၆၄၆**

### သန်လျင်မြို့နယ်၊ လက်ယက်စန်းကျေးရွာအုပ်စု၊ မြယာရိုးလမ်းမ၊ မြယာရိုးကွက်သစ်နှင့် တိုးချဲ့(၂၂)လမ်း၊ မြေကွက်အမှတ်-၁၃ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၄၃၇/ခနေသူ ဦးကျင်တိုးလွင် ၁၂/သခန(နိုင်)၀၆၉၈၆၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စန်းကျေးရွာအုပ်စု၊ မြယာရိုးလမ်းမ၊ မြယာရိုးတိုးချဲ့(၂၂)လမ်း၊ မြေကွက်အမှတ် ၁၃ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလအမည်ပေါက်ပိုင်ရှင် ဦးစိုးလှိုင်၏ ရောင်းချပိုင်ခွင့်တာဝန်ခံမှုဖြင့် ၂၁-၇-၁၉၉၃ရက်စွဲပါ ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ (၁)ဦးဝင်းအောင် ၁၂/သခန(နိုင်)၁၀၈၁၈၀၊ တိုက်(၁၀၉)၊ (၆-လွှာ)(ညာ)၊ (၉၂)လမ်း၊ ကန်တော်လေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နှင့်(၂)ဦးခိုင်ဇော်လင်း ၁၂/မရက(နိုင်)၀၃၇၅၁၂၊ အမှတ် ၅၅၁၊ မင်းရဲကျော်စွာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေသူတို့ထံမှ ဝယ်ယူရန် စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေ၏ ဝယ်ယူမှုနှင့်စပ်လျဉ်းသမျှ ဤသတင်းစာကြေညာပါသည့်ရက်မှ ၁၅ရက်အတွင်း မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိခဲ့ပါက ကျွန်ုပ်မိတ်ဆွေမှ မြေကွက်ရောင်းဝယ်မှုအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၆၇၊ တကောင်း(၄)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၉၆၄၉၃၃၅၀၇၊ ၀၉-၉၅၂၇၃၃၃၃၉**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ရေတာရှည်လမ်း၊ အမှတ်(၂၆/B)နေ ဦးထွန်းသိန်း ၁၂/ဗဟန(နိုင်)၀၂၁၄၁၄က ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (18/D)ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်း၊ အမှတ်(၈၇၁) ရှိ မြေအကျယ်အဝန်း(အလျား ပေ ၄၀xအနံ ပေ ၆၀)အနက်မှ မခွဲစိတ်ရသေးသော အမှတ် ၈၇၁/ဘီ ရှိ အိမ်အပါအဝင် မြေအကျယ်အဝန်းအလျား ပေ၂၀xအနံပေ ၆၀အား လက်ရောက်ဝယ်ယူပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိ၍ ဦးမောင်မောင်သန်း ၇/ရတန(နိုင်)၀၄၂၅၄၁ထံသို့ အပြီးအပိုင် လက်ရောက်ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာသည့်အတွက် ဦးမောင်မောင်သန်းက အထက်ပါမြေကွက်အား လက်ရောက်ဝယ်ယူရန် စရန်ငွေကို ရောင်းသူ၏လက်ဝယ်သို့ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ပြုမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြုသည့် အိမ်အပါ အဝင်မြေအကျယ်အဝန်းအား တရားဥပဒေဘောင်အတွင်းမှ လက်ရောက်ဝယ်ယူသူ၏ ဂရန်အမည်ပေါက်ရယူလက်ရောက်နေထိုင်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးမောင်မောင်သန်း ၇/ရတန(နိုင်)၀၄၂၅၄၁၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ကြီး B.A Eco,DA,RL,DBL,DML,DIL,DIPL,MA(Business Law $P_1$),$DL_{101}$, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၇၁)**
**၄၈၇၊ ဒူးယား(၄)လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၈၀၁၉၆၉၇၊ ၀၉-၇၉၆၂၇၉၂၆၆**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဒေါ်ခင်မြင့် ၁၂/သလန(နိုင်) ၀၁၆၅၂၈(ဘ)ဦးသန်းအောင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၃၄၉၃)ကို သန်လျင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၇၆/၂၀၂၀ ဖြင့် မြေကွက်အမည်ပေါက်၏အထွေထွေကိုယ်စားလှယ်ရရှိထားသူ ဒေါ်ခင်အေးဟန် ၁၂/စခန(နိုင်)၀၃၀၅၄၀ (ဘ)ဦးကျော်မှ ဒေါ်သန်းသန်းဌေး ၁၂/ဥကတ (နိုင်)၀၂၄၃၅၈နှင့် မှတ်ပုံတင်ရောင်းဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အလက(ခွဲ) ကျီစုရွာသစ်မှ အလယ်တန်းပြဆရာမ ဒေါ်ခင်မေသန်း၏ ဖခင် ဦးမြသန်း ၁၁/ရဗန(နိုင်)၀၂၃၁၈၅နှင့် ဦးမောင်မြသန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြသန်း(ခ)ဦးမောင်မြသန်း**

သောကကင်းစေ . . . မိုးစက်ရေ

MOE SET YAE®

Mineral Drinking Water

**မိုးစက်ရေ သဘာဝသောက်ရေမှအသိပေးအပ်ပါသည်။**

ပြည့်စုံချမ်းသာအောင်ကုမ္ပဏီမှ FDA ၏ စည်းကမ်းသတ်မှတ်ချက် (GMP)နှင့်အညီ တည်ဆောက်တပ်ဆင်၊ ထုတ်လုပ်ထုပ်ပိုးထားသည့် MOE SET YAE® အမှတ်တံဆိပ်ပါ(၂၀)လီတာဝင် သဘာဝသောက်ရေဘူးများကို စနစ်တကျ လေ့ကျင့်သင်ကြားပြီး စည်းကမ်းလိုက်နာသည့် အရောင်းဝန်ထမ်းများနှင့် ဝန်ဆောင်မှုစနစ်တစ်ခုထားရှိပြီး သင့်တင့်သောဈေးနှုန်းနှင့် ဖြန့်ချိရောင်းချပေးနေပါသည်။

ရန်ကုန်မြို့ပေါ်ရှိ မြောက်ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင် မြို့နယ်များမှစတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်များ၊ မြို့နယ်များအတွင်း မိသားစုများ၊ ရုံးသုံး၊ ဆိုင်သုံးနှင့် စက်ရုံအလုပ်ရုံများ ဝယ်ယူသုံးစွဲနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဖြန့်ဖြူးရောင်းချရေးဌာန(ပြည့်စုံချမ်းသာအောင်ကုမ္ပဏီ)
အမှတ်(၅)၊ ရန်ကုန်-အင်းစိန်လမ်း၊ ပါရမီ မီးပွိုင့်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ။
ဖုန်း-၀၉-၄၀၀၈၀၀၀၃၃၆၊ ၀၉-၄၀၀၈၀၀၀၃၃၇၊၀၉-၄၀၀၈၀၀၀၃၃၈၊၀၉-၄၀၀၈၀၀၀၃၃၉။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်မြလှဲ့ဝင်း(LL.B)အထက်တန်းရှေ့နေ (စဉ်-၂၀၉၅၁)**
**အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁၉၆၆၉၀၀၄၊ ၀၁၇၀၅၄၄၅၊ ၀၉၅၁၅၁၈၃၃။**


**မိဘ အမည်မှန်**

တောင်သာမြို့နယ်၊ အုန်းကျင်း အလက၊ အဋ္ဌမတန်းမှ မောင်ရန်ပိုင်ဦး၊ သတ္တမတန်းမှ မပိုးအိခိုင်၊ တောင်သာမြို့နယ်၊ တောင်ခမောက် အမက၊ စတုတ္ထတန်းမှ မောင်ထွန်းထွန်းအောင်၊ တတိယတန်းမှ မောင်ကျော်ဇောဟိန်းတို့၏ မိဘအမည်မှန်မှာ ဦးတင်ဝင်း ၉/တသန(နိုင်)၁၅၅၇၄၃နှင့် ဒေါ်စန်းဌေး ၉/တသန(နိုင်)၁၅၅၃၂၈ဖြစ်ပါကြောင်း။

**ဖခင် အမည်မှန်**

၂၀၁၉-၂၀၂၀ ပညာသင်နှစ် မန္တလေးမြို့၊ ချမ်းမြသာစည်၊ အထက(၂၈)၊ နဝမတန်း(ဖြေဆိုပြီး) မဇင်သော်တာမြင့်နှင့် ရေနံချောင်းမြို့၊ ဖရဲကျွန်းကျေးရွာ အလက(၄၉)၊ သတ္တမတန်း(ဖြေဆိုပြီး)မဖြူဇင်မြင့် တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်မြင့် ၈/ရနခ(နိုင်)၀၅၈၀၁၃ဖြစ်ပါကြောင်း။ **ဦးမောင်မောင်မြင့်**

# ထုတ်လုပ်သူကုမ္ပဏီနာမည်ပြောင်းလဲခြင်း အသိပေးကြော်ငြာချက်

ကျွန်တော်များ FUJIAN PUCHENG GREENSHELL BIOLOGICAL PESTICIDE CO.,LTD သည် ဇီဝပိုးသတ်ဆေး ထုတ်လုပ်သူနှင့် တင်သွင်းသူအနေဖြင့် ကုန်အမှတ်တံဆိပ်နာမည် BIO-V (မှတ်ပုံတင်အမှတ် P2019-4788 ယာယီ၊ ဖြန့်ဖြူးသူ -VANIDA MYANMAR CO.,LTD )ကို ထုတ်လုပ်သူကုမ္ပဏီအမည် FUJIAN GREEN SHELL BIO-PESTICIDE CO.,LTD သို့ အမည်ပြောင်းလိုက်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**VANIDA MYANMAR CO.,LTD**

**Ph.09-774539646, 09-789261955**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ရေပုန်းနယ်မြေနေ ဦးထွန်းထွန်းဝင်း(ဘ)ဦးအောင်ကျော် ၆/မအရ (နိုင်)၀၄၅၄၇၄၏လွှဲအပ်ချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်-၃၂၊ ဦးပိုင်အမှတ်-၁၅၉၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၃၄ ဧကရှိ မြေကွက်တစ်ကွက်အား လွန်ခဲ့သော ၁၀-၃-၁၉၉၈ရက်ကတည်းက မူလပိုင်ရှင်ဖြစ်သူ ဦးကျော်ဝေဆိုသူထံမှ အသိသက်သေများရှေ့စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်လာခဲ့ရာ ယနေ့ တိုင်ဖြစ်ပါသည်။ သို့ဖြစ်ရာကျွန်ုပ်အမှုသည် ပိုင်ဆိုင်သော အဆိုပါမြေကွက်အား အခြားတစ်ပါးသို့ရောင်းချခြင်း၊ အမည်ပြောင်းလွှဲပေးခြင်းများကိုတရားဝင်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ် ပါသဖြင့် အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ အမှန်တကယ်ပိုင်ရေးဆိုင်ခွင့်ရှိသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ မြေကွက်နှင့်သက်ဆိုင်သောစာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးထွန်းထွန်းဝင်း၏လွှဲအပ်ချက်အရ**
**ဦးစိုင်းသီဟဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၆၂၉၀(၅-၁၂-၂၀၁၉)**
**ကန်ဖျားလမ်းမကြီး၊ ဘုရားကိုးဆူရပ်၊ မြိတ်မြို့**
**ဖုန်း-၀၉-၄၂၂၁၉၅၆၅၉**

**ဖခင် အမည်မှန်**

ခိုလမ်မြို့၊ အမကမူလွန်(ဝမ်ဖွီး)၊ သတ္တမတန်းမှ မောင်ထိုက်ယွင့်၏ဖခင်အမည်မှန်မှာ မောင်ကွမ်း ၁၃/ကလတ (နိုင်) ၀၂၆၀၇၉ ဖြစ်ပါကြောင်း။ **မောင်ကွမ်း**

### အမည်မှန်နှင့်ဖခင်အမည်မှန်

ခိုလမ်မြို့၊ အမက မူလွန်(တိုင်းလိုက်)၊ စတုတ္ထတန်းမှ မမာရီ၏ အမည်မှန်မှာ မမာလိဖြစ်ပြီး ဒုတိယတန်းမှ မောင်ယောန တို့၏ ဖခင်အမည်မှန်မှာ မောင်ကွမ်း ၁၃/ကလတ(နိုင်) ၀၂၆၀၇၉ ဖြစ်ပါကြောင်း။

### အမည်မှန်

လှိုင်ကော်မြို့၊ ရွှေတောင်ရပ်ကွက်၊ သီတာလမ်း၊ ရွှေ/၅၉နေ ဦးသန်းအေး၏သမီး မစုစုဝေ၏ အမည်မှန်မှာ မခင်စုစုဝေ ဖြစ်ပါကြောင်း။

**မခင်စုစုဝေ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ရွာမရပ်ကွက်၊ အေးငြိမ်းသာမြို့သစ်၊ မင်းရဲကျော်စွာလမ်းနေ ဦးသန်းမြင့် ၇/နတလ(နိုင်)၁၁၄၉၇၆နှင့်ဒေါ်ခင်ညို ၇/နတလ(နိုင်)၁၁၄၉၇၉ တို့၏သား မောင်ဝေလင်းဦး ၇/နတလ(နိုင်)၁၀၄၃၁၀သည် မိဘများခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို မိဘများနှင့် မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်-ဦးသန်းမြင့်**
**မိခင်-ဒေါ်ခင်ညို**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး
## ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် - ၆၇

| | | |
|---|---|---|
| ဦးစံလှ | နှင့် | ဦးညဏ်ရင် |
| အမှတ်-၉၁၁၊ သုမန(၃)လမ်း | | အမှတ်-၂၇၄၊ ပန်းလှိုင်လမ်း၊ |
| (၁၆/၄)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် | | (၆၄)ရပ်ကွက်၊ စက်မှုရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် |
| **တရားလို** | | **တရားပြိုင်** |

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၄)ရပ်ကွက်၊ (စက်မှုရပ်ကွက်)၊ ပန်းလှိုင်လမ်း၊ အမှတ်(၂၇၄) (ယခုနေရပ်လိပ်စာမသိ)သူ ဦးညဏ်ရင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းစာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဧပြီ ၃၀ ရက် (၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၉ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မတ်လ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အိမ့်မှူးခင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂) ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ် ၈၀၇နေ ဦးကျော်ညွန့်၏သား ဦးစိုးအောင် ၁၀/မလမ(နိုင်)၀၇၁၁၇၈ က အထက်ပါနေရပ်လိပ်စာရှိ ဆောက်လုပ်ထားသော ၎င်းပိုင်ဆိုင်ရောင်းချခွင့်ရှိသော တိုက်ခန်း(၆)ခန်းအနက်(၅)လွှာညာဘက်အခန်းအား လက်ရောက်ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာသည့်အတွက် ဦးကျော်မင်း၏သမီးဖြစ်သူ ဒေါ်သက်ထား ၉/မခန(နိုင်)၁၇၂၂၁၅က လက်ရောက်ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ရောင်းသူ၏လက်ဝယ်သို့ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းအရောင်းအဝယ်ပြုမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြုသည့်တိုက်ခန်းအား ဥပဒေဘောင်အတွင်းမှ လက်ရောက်ပိုင်ဆိုင်ရယူနေထိုင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်ထား ၉/မခန(နိုင်)၁၇၂၂၁၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ကြီး B.A Eco.,DA,RL,DBL,DML,DIL,DIPL,MA(Business Law $P_1$),$DL_{101}$, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၇၁)**
**(၄၈၇)၊ ဒူးယား(၄)လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၈၀၁၉၆၉၇၊ ၀၉-၇၉၆၂၇၉၂၆၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ကေရှိ ဦးစိုးမြင့် ၉/ပမန(နိုင်)၀၈၅၉၃၉ (ဘ)ဦးကျော်တင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၁၉၄၇)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၁၅/၂၀၁၉ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးဝင်းနိုင်ထွန်း ၈/နမန(နိုင်)၀၀၀၈၆၃(ဘ)ဦးထွေးမြင့်မှ ဒေါ်နန်းရင်အေး ၆/ပလန(နိုင်)၀၃၄၅၀၀နှင့် မှတ်ပုံတင်ရောင်းဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ကေရှိ ဒေါ်ခင်ခင်မြင့် ၁၂/ကမတ(နိုင်)၀၄၇၄၉၂ (ဘ)ဦးဖေဝင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၃၃၄၉၁)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၁၆/၂၀၂၀ ဖြင့် မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်ရရှိထားသူ ဒေါ်ခင်အေးဟန် ၁၂/စခန(နိုင်)၀၃၀၅၄၀ (ဘ)ဦးကျော်မှ ဒေါ်သန်းသန်းဌေး ၁၂/ဥကတ(နိုင်)၀၂၄၃၅၈ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

မော်လိုက်မြို့နယ်၊ နန်းသီးကျေးရွာနေ ဦးမောင်ဝင်း၏ သမီး မနန်းမြို့ရီ ၅/မလန(နိုင်)၀၄၆၉၃၃ ၏ အမည်မှန်မှာ မထက်ထက်ဦး ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ အလယ်ရပ်ကွက်၊ အကွက်အမှတ် (၂၆)၊ ဦးပိုင် (၁၁၂) ၀ ဒသမ ၀၈၄ ဧကမြေငှားဂရန်အမည်ပေါက်သူ ဦးသိန်းမင်းဦး အမည်မှ ဒေါ်နီနီစံ ၁/ဗမန(နိုင်)၀၄၆၇၈၃ အမည်သို့ အမည်ပြောင်း မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်နီနီစံ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ကေရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက် အမှတ်(ပ-၃၂၉၄၉)၏ မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်လွင်မာထွန်း ၉/ပမန(နိုင်)၁၅၈၉၃၂ (ဘ)ဦးကိုကိုကြီးမှ မြေငှားစာချုပ်မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူနှင့်မြေငှားရမ်းခပေးသွင်းပြီးပြေစာမိတ္တူတင်ပြပြီး နှစ်(၃၀)မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ထားပေးသည့် ပျောက်ဆုံးသွားသော နှစ်(၃၀)မြေငှားစာချုပ်မူရင်းကိုပယ်ဖျက်၍ နှစ်(၃၀)မြေငှားစာချုပ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အကွက် အမှတ် (၃၄)၊ ဦးပိုင် ၂၄/၃၊ ဧရိယာ ၀ဒသမ ၁၂၅ ကေ အမည်ပေါက် ပိုင်ဆိုင်သူ ဦးဒွေ့လွမ်၏ အမွေဆက်ခံပိုင်ဆိုင်သူ ဦးကန်ဖန်မှ ဒေါ်အားဘူ ၁/မခန(နိုင်)၀၁၆၄၈၀ အား ရောင်းချပြီး ဒေါ်အားဘူ အမည်ဖြင့် အရောင်းအဝယ်အမည်ပြောင်း မြေငှားဂရန် သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးကန်ဖန်**

# အလိမ္မာ စာမှာရှိ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်(ခ)ဒေါ်ဖုန်စဦး(ရမည်းသင်း)
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၃(က)ရပ်ကွက်၊ ၁၂လမ်း၊ အမှတ်(၂၄၂)နေ(ဦးကျောက်စိန်)၏ဇနီး၊ ဦးထွန်းရွှေ -ဒေါ်သင်းသင်း၊ ဦးစိုးမြင့်-ဒေါ်ကျင်စိန်၊ ဒေါ်ကျင်ပြုံး၊ ဦးသူရ(ခ)မော်စီတုန်း-ဒေါ်ခင်ရီ၊ (ဦးတင်ညို)-ဒေါ်ကျင်ထွေး၊ ဦးမျိုးလွင်(ခ)ဦးပေါ်ကြီး-ဒေါ်အိသန်း၊ (ဦးမောင်မောင်ဝင်း)-ဒေါ်တင့်တင့် ၊ ဦးတင်ဝင်း-ဒေါ်စိုးစိုး၊ Dr ဇော်မင်းစိန်-ဒေါ်ဖြူဖြူလွင်တို့၏ ကျေးဇူးရှင် မိခင်၊ မြေး ၃၄ ယောက်၊ မြစ် ၄၉ ယောက်၊ တီသုံးယောက်တို့၏အဘွားသည် ၅-၄-၂၀၂၀ ရက်(တနင်္ဂနွေနေ့)နံနက် ၁၁:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
### ဒေါ်ရှုကြည်(မြိတ်)
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ်(၆၂)မြေညီထပ်နေ ဦးအင်ဟို(နာယက၊မြိတ်မြို့နယ်အသင်း -ရန်ကုန်)၏ ဇနီးသည် ၃-၄-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။

**အမှုဆောင်အဖွဲ့**

---

ပုလောမြို့နယ်အသင်း(ရန်ကုန်)
### ဦးတိတ်ရှင်
(ပုလော/ရှပ်ပုံ/တို)
အသင်းဝင်အမှတ် ၉၃၆
အသက်(၇၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ပလမြို့၊ တိုရွာနေ ဒေါ်မြင့်သွေး၏ ခင်ပွန်းသည် ၃-၄-၂၀၂၀ရက်(သောကြာနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၂၀ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ တိုရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**အမှုဆောင်အဖွဲ့**

---

## ဦးလှနိုင်(ခ) ဦးကော့ဝါး
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ညီညွတ်ရေးလမ်း၊ အမှတ် ၂၀နေ (ဦးသောင်းစိန်-ဒေါ်ကြင်ငွေ) တို့၏ သား၊ (ဦးတင်ထွန်း-ဒေါ်လှကြည်)တို့၏သားသမက်၊ ဦးသိန်းထွန်းဦး-ဒေါ်အေးအေးသိန်း၊ ဦးအောင်မိုး-ဒေါ်ဝေမာဝင်း၊ ဦးသန်းလင်းတို့၏ အစ်ကို၊ ကိုနောင်လင်းလတ် - မမေသဇင်သန်း၊ မမေပြည့်ဖြိုးတို့၏ ဖခင်၊ မနိုဗယ်လင်းလတ်၊ မောင်သျှိုင်းလင်းထက်တို့၏ အဘိုး၊ ဒေါ်ကြူကြူထွေး၏ ချစ်လှစွာသောခင်ပွန်းသည် ၆-၄-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

### ဘုရား၊ ကျောင်း၊ သိမ်၊ တံတား ဒါယကာကြီး
## ဦးမျိုးလွင်(မော်လမြိုင်)
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ လူသုံးကုန်ပစ္စည်းစက်ရုံ စက်မှု(၁)
### အသက်(၈၆)နှစ်

မော်လမြိုင်မြို့နေ (ဦးစိန်-ဒေါ်သန်းကြည်)တို့၏သား၊ (ဦးအနိမ်-ဒေါ်ကျင်မှူ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၈၈ လမ်း၊ အမှတ်(၉)၊ ပထမထပ်နေ ဒေါ်ဝင်းကြည်(မန်နေဂျာ-ငြိမ်း)ကုန်သွယ်လယ်ယာ၏ ခင်ပွန်း၊ ဦးဟိုက်စွမ်း-ဒေါ်လှစိန်(မော်လမြိုင်)တို့၏ညီ၊ ဒေါက်တာမြင့်လွင်(ညွှန်ချုပ်/ငြိမ်း)၊ အထက်မြန်မာပြည်၊ဆေးသုတေသန)-ဒေါ်စန်းစန်းနွယ်(အထပြ /ငြိမ်း)တို့၏အစ်ကို၊ ဒေါ်စန္ဒာလွင်၊ ဒေါ်စန်းစန်းတင့်၊ ဦးဇော်ဝင်းလွင်၊ ဦးထွန်းဝင်းလွင်တို့၏ဖခင်၊ တူ/တူမ(၁၀)ယောက်တို့၏ ဦးလေး၊ မြေးငါးယောက်တို့၏အဘိုးသည် ၆-၄-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၉:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁:၁၅နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒုအရာခံဗိုလ် ကိုလေး(ငြိမ်း)
### စ.ဆ.ထ(၁)
### အသက်(၈၃)နှစ်

မိတ္ထီလာမြို့၊ အလည်ရွာကျေးရွာနေ (ဦးထွန်းအေး-ဒေါ်ငွေအင်း)တို့၏သား၊ (ဦးမိုးဖြူ-ဒေါ်ငွေသင်)တို့၏သားသမက်၊ မိတ္ထီလာမြို့၊ နန်းတော်ကုန်းနယ်မြေ၊ သာယာကုန်း (၂)ရပ်ကွက်နေ ဒေါ်ခင်မှီ၏ချစ်လှစွာသော ခင်ပွန်း၊ (ဦးသောင်းထွန်း)-ဒေါ်မြင့်မြင့် စမ်း(မိတ္ထီလာမြို့နယ်၊ ဥပဒေရုံး)၊ဒေါ်အေးအေးစန်း(လူမှုဖူလုံရေးအဖွဲ့)၊ ဦးလှမျိုး-ဒေါ်သွယ်သွယ်မြင့်၊ ဒေါ်ကြည်ကြည်ဆန်း(အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ သန်လျင်မြို့နယ်)၊ ဗိုလ်မှူးကျော်ကျော်ထွေး-ဒေါ်အိခိုင်မွန်တို့၏ ချစ်လှစွာသောဖခင်၊ မြေး သုံးယောက်တို့၏ အဘိုးသည် ၃၁-၃-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၂၀ ရက်တွင် မိတ္ထီလာမြို့မြင်တော်ကန်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၂၀ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးမင်းကြည်(ဖြူး)
### အသက်(၈၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နေ (ဦးပြူး-ဒေါ်သန်း)တို့၏သား၊ (ဦးဖိုးလင်း-ဒေါ်အေးကြည်)တို့၏သားသမက်၊ (ဦးမြင့်စိုး) -ဒေါ်မြင့်ရီတို့၏ ညီမောင်၊ ဦးလှမြင့်သိန်း-ဒေါ်ခင်စန်း၊ (ဦးစိုးဝင်း-ဒေါ်ခင်မြင့်)၊ ဦးခင်မောင်တိုး-ဒေါ်ခင်မြင့်၊ တောင်ငူမြို့နေ ဗိုလ်ကြီးမြင့် သိန်း(ငြိမ်း)-ဒေါ်မြမြဝင်းရီတို့၏ အစ်ကို၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၁)လမ်း၊ အမှတ်(၈၃၃-က)နေ ဒေါ်ရွှေမြလင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်အေးသီတာမိုး(မန်နေဂျာ-စာရင်းအင်း UEC Company)၊ ဦးနိုင်ထွန်းဦး-ဒေါ်ကေခိုင်သက်၊ ဦးမင်း သူရလင်း (Viking Cruise Line)-ဒေါ်ခင်ထားမြင့်၊ ဒုတိယဗိုလ်မှူးကြီးစိုးသူရ(တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး)-ဒေါ်ဝါဝါခိုင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏ချစ်လှစွာသော အဘိုး ရဟန်း၊ ကျောင်း ဒါယကာကြီး ဦးမင်းကြည်သည် ၆-၄-၂၀၂၀ရက် (တနင်္လာနေ့)နံနက် ၁၀:၀၆နာရီတွင် ကွယ်လွန်သွားပါသဖြင့်ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ ကောင်းမွန်စွာသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်အောင်ယဉ်ယဉ်စိုး
### ဌာနခွဲမှူး(လက်ထောက်ညွှန်ကြားရေးမှူး)
### စီမံခန့်ခွဲရေး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန
### ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ပန်းလှိုင်ရပ်ကွက်၊ အမှတ် ၅၄၆ နေ (ဦးစိုးမြင့်-ဒေါ်စိန်တင်)တို့၏သမီး၊ (ဦးအောင်မြတ်စိုး)-ဒေါ်အေးအေးမြင့်၊ ဦးအောင်မြတ်မိုး(စစစ)ဦးစီးအရာရှိ-ဒေါ်ခင်ဝင်းနု၊ ဦးအောင်စံဖြိုး-ဒေါ်အေး အေးတင့်တို့၏ချစ်လှစွာသောညီမ၊ တူ၊ တူမ ခုနစ်ယောက်တို့၏ အဒေါ်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာဝတီလမ်း၊ စည်ပင်အရာရှိ အိမ်ရာဝင်း၊ လိုင်း(ဃ)၊အခန်း ၂နေ ဦးတင်အောင်ကို၏ ချစ်လှစွာသောဇနီးသည် ၆-၄-၂၀၂၀ရက် နံနက် ၁၁:၂၅ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး
## ဦးဟန်တင်(အုတ်ဖို)
### အသက်(၈၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နေ(ဦးသာခင်-ဒေါ်မေ)တို့၏သား၊ (ဒေါ်ဟန်စု)၏ခင်ပွန်း၊ အမေရိကန်ပြည်ထောင်စုနေ ဦးခင်ဝင်း- ဒေါ်စန်းငွေ၊ အုတ်ဖိုမြို့နေ ဆရာမဒေါ်ညွန့်သန်း(အထက အုတ်ဖို-ငြိမ်း)၊ (ဦးစိုးသန်း)-ဒေါ်မြင့်မြင့်၊ ရန်ကုန်မြို့နေ ဦးသိန်းဝင်း-ဒေါ်ခင်ခင်ဝင်း၊ ဦးတင်ထွဋ်-ဒေါက်တာဒေါ်သင်းသင်းလွင်၊ စင်ကာပူနိုင်ငံနေ ဦးဌေးလွင်၊ ဩစတြေးလျနိုင်ငံ၊ ပေါ့သ်မြို့နေ ဦးသက်လွင်-ဒေါ်သွယ်သွယ်ထွန်းလတ်၊ (သိဒ္ဓိဝင်မိသားစု)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၄ ယောက်၊ မြစ်လေးယောက်တို့၏ အဘိုး ဦးဟန်တင်သည် ၆-၄-၂၀၂၀ရက် နံနက် ၆:၃၀ နာရီတွင် ရန်ကုန်မြို့ ဂရင်းဟန်သာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၂၀ရက် နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ၁၂-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် အုတ်ဖိုမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူ(သိဒ္ဓိဝင်)မိသားစု**

---

## ဒေါ်အမာကြည်
### အလက(၄)ရန်ကင်း(ငြိမ်း)
### အသက်(၆၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ အောက်လှည်းဆိပ်ကျေးရွာနေ (ဦးလေးမောင်-ဒေါ်တင်ဥ)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၅)ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ် ၅/၁၃၅နေ အောင်မိုးကျော်၊ အမျိုးသားလွှတ်တော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားဆိုင်ရာကော်မတီဥက္ကဋ္ဌဦးကျော်ထွေး-ဒေါ်ဇွန်စန်းပွင့်၊ ပြည့်စုံအောင် တို့၏မိခင်၊ စုမြတ်ကြယ်စင် ကြည်ကြည်ဝင်း၊ မင်းမြတ်တာရာကျော်တို့၏ အဘွား၊ (ဦးလှစိန်)၏ချစ်လှစွာသောဇနီးသည် ၅-၄-၂၀၂၀ရက် ည ၁၀:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၂၀ရက် ညနေ ၃နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ခင်ရီဝင်း(ခ)မရီ
### စည်ပင်ဝန်ထမ်းဟောင်း
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၉)လမ်းနေ [ဗိုလ်ကြီးတင်ရွှေ(ငြိမ်း)-ဒေါ်တင်ယု]တို့၏သမီး၊ (ဦးငြိမ်း-ဒေါ်တင်နု)တို့၏သမီးချွေးမ၊ ဦးညွန့်သန်း-ဒေါ်ခင်စန်းဝင်း၊ ဒုဗိုလ်မှူးကြီးခင်မောင်ဦး(ငြိမ်း)-ဒေါ်ခင်လှမြင့်၊ ဦးသိန်းဆွေ(ရဲအုပ် စခန်းမှူး-ငြိမ်း)-(ဒေါ်ခင်ခင်ဌေး)တို့၏ညီမ၊ ဒေါ်ခင်စိုးဝင်း(အထက-၃၊ မ/ဥက္ကလာ-ငြိမ်း)၏အစ်မ၊ ဒေါ်စန်းမြင့်(အထက-လှိုင်သာယာ ငြိမ်း)၊ဦးမြင့်သန်း-ဒေါက်တာမြင့်မြင့်၊ ဦးခင်မောင်ဦး-ဒေါ်ခင်မာဝင်းတို့၏ညီမ၊ ဦးကျော်ထွန်းငြိမ်း-ဒေါ်ခင်မျိုးသက်၊ ဦးတင်ထွန်း-ဒေါ် အေးအေးငြိမ်း၊ ဦးလေးမြင့်ငြိမ်း-ဒေါ်သဇင်ဦးတို့၏ အစ်မ၊ (ဦးကျော်ထွန်းသိန်း)၏ချစ်လှစွာသောဇနီး၊ မောင်ဖြိုးသီဟ (Project Director-FLB Construction Co.,Ltd)၏မိခင်သည် ၆-၄-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီ တွင်ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၂၀ရက်(တနင်္ဂနွေနေ့)နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊(င)ရပ်ကွက်၊ သုခမ္မာလမ်း၊ အမှတ်(၆၀၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါက်တာထင်လတ်(Ph.D Mechanical)
### ဒုတိယညွှန်ကြားရေးမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန
### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ အိမ်အမှတ်(၆၆၁)နေ ဆရာဦးစိုးဝင်း (တိုင်းရင်းဆေး)-ဒေါ်မြင့်မြင့်ရီ(ဆက်သွယ်ရေး၊ ငွေစာရင်း-ငြိမ်း)တို့၏ တစ်ဦးတည်းသောသား၊ အမှတ်(၈၇/၁)၊ မြင်သာ(၇)လမ်း၊ (၁၄/၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဆရာဦးမျိုးဝင်း)-ဒေါ်အေးရီတို့၏ သား သမက်၊ ဒေါ်စန္ဒာဝင်း (Great Wall Group)၏ချစ် လှစွာသော ခင်ပွန်း၊ မသင်းသီရိစံ၏ ချစ်လှစွာသော ဖခင် ဒေါက်တာထင်လတ်(Ph.D Mechanical)(ဒုတိယညွှန်ကြားရေးမှူး)(စက်/ယာဉ်ဌာန)ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ၆-၄-၂၀၂၀ ရက်(တနင်္လာနေ့)နံနက် ၂:၁၅ နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့)နံနက်တွင် အမှတ်(၈၇/၁)၊ မြင်သာ(၇)လမ်း၊ (၁၄/၁) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာထင်လတ်(Ph.D,Mechanical)
### ဒုတိယညွှန်ကြားရေးမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၇)လမ်း၊ အမှတ်(၈၇/၁)နေ ဒေါ်စန္ဒာဝင်း(Great Wall Group)၏ချစ်လှစွာသော ခင်ပွန်း၊ မသင်းသီရိစံ၏ ချစ်လှစွာသောဖခင် ဒေါက်တာထင်လတ်သည် ၆-၄-၂၀၂၀ရက် (တနင်္လာနေ့)နံနက် ၂:၁၅နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)နှင့် အရာထမ်း၊အမှုထမ်းများ**
**စက်ရုံနှင့်မော်တော်ယာဉ်ဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### နိုင်ငံတော် ဩဝါဒါစရိယ
### ဓမ္မယုတ္တိကနိကာယ-မဟာရင်ဂိုဏ်း၏
### ကောဒသမဂဏာဓိပတိ
## ဘဒ္ဒန္တကောလိတမဟာထေရ်
### (မဟာကမ္မဋ္ဌာနာစရိယ)
### သက်တော်(၉၅)နှစ်၊ သိက္ခာတော် (၇၅)ဝါ

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကော့ဗိန်းစံပြကျေးရွာ၊ ဝါးတောကျောင်း(ဓမ္မရိပ်သာ)၏ ဦးစီးပဓာနနာယက ဓမ္မယုတ္တိကနိကာယ-မဟာရင်ဂိုဏ်း၏ ကောဒသမဂဏာဓိပတိ ဂိုဏ်းချုပ်ဆရာတော်ကြီး ဘဒ္ဒန္တကောလိတမဟာထေရ်(မဟာကမ္မဋ္ဌာနာ စရိယ)သည် (၁၃၈၁ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၄ ရက်) ၆-၄-၂၀၂၀ ရက် (တနင်္လာနေ့) နံနက် ၉:၄၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ကြောင်းနှင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား သာခု ကိဋ္ဌေန အန္တိမ အဂ္ဂိစျာပနသဘင် ကျင်းပမည့်ရက်ကို ထပ်မံအသိပေးပါမည်။

**တပည့် သံဃာတော်များနှင့် ဒါယကာ ဒါယိကာများ**
**ဝါးတောကျောင်း(ဓမ္မရိပ်သာ)၊ကော့ဗိန်း စံပြကျေးရွာ**
**ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်**

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသုမေဓာမဟာထေရ်
### သက်တော်(၈၁)နှစ်၊သိက္ခာတော်(၆၂)ဝါ

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့၊ (ဃ)ရပ်ကွက်၊ ဆင်သယ်သာသနာ့ပါလကျောင်း၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမေဓာမဟာထေရ်မြတ်သည် တန်ခူးလဆန်း ၁၃ ရက် မွန်းလွဲ ၁:၀၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ် သော ဥတုဇရုပ်ကလာပ်တော်ကို တန်ခူးလပြည့်ကျော်(၅)ရက်၁၂-၄-၂၀၂၀ရက်(တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြား အပ်ပါသည်။

**စျာပနကျင်းပရေးကော်မတီ**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ စောမော်ကြူး(B.V.S)
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
### အသက်(၇၈)နှစ်

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)ဒေါက်တာစောမော်ကြူးသည် ၃-၄-၂၀၂၀ရက် နံနက် ၁၀:၃၀နာရီတွင် အခန်း ၃၀၄၊ တိုက် ၁၄၊ ဗိုလ်အောင်ကျော် အိမ်ရာ၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာရဲထွန်းဝင်း-ဒေါက်တာလှလှမွန်**
**ညွှန်ကြားရေးမှူးချုပ်**
**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှမြင့်လေး
### ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)ကြေး/မြေ ရုံးချုပ်
### အသက်(၇၀)

သဃ်န်းကျွန်းမြို့နယ်၊ သီရိရတနာရိပ်သာ၊ အခန်း ၃၀၆နေ ဒေါ်ခင်မိမိထူး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးလှမြင့်လေး (ကြေးတိုင်နှင့် မြေစာရင်းမိသားစုလူမှုရေးအသင်း၊ ရာသက်ပန်အသင်းဝင်)သည် ၄-၄-၂၀၂၀ ရက် နံနက် ၁၁:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကြေးတိုင်နှင့် မြေစာရင်းမိသားစု**
**လူမှုရေးအသင်း**

---

## ဦးကျော်ဝေ အသက်(၄၉)နှစ်
### 2/O CDC -31628
### KT MARINE

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ကန်သာယာ ၁ လမ်း၊ အမှတ် ၃၀၇နေ ဦးထွန်းအောင်ဖြူ-ဒေါ်လှညွန့်ဦးတို့၏ ချစ်လှစွာသော သားငယ်၊ ဒေါ်လှလှဝေ၊ ဒေါ်ခင်နှင်းဝေ(ဒဂုန်ညွန့်ဈေး)၊ဒေါ်တင်တင်ဝေတို့၏ ချစ်လှစွာသောမောင်ငယ်၊ မခက်ခက်ခိုင်၏ခင်ပွန်း၊ မောင်အောင်သက်နိုင်၏ဖခင်သည် ၆-၄-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၂:၅၅ နာရီတွင် SSC ရွှေဂုံတိုင် အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ဝါဝါချစ်(B.Sc, M.Sc, M.es-Phy)ဒဂုံတက္ကသိုလ်
### အသက်(၃၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၄)လမ်း(အထက်)၊ အမှတ်(၇၂၀)(က)၊ မြေညီ ထပ်နေ အငြိမ်းစားအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးချစ်အေး-(အငြိမ်းစားကျောင်းအုပ်ဆရာမကြီး-ဒေါ်မြမြစန်း)တို့၏ သမီး၊ ဦးတင်စိုး-ဒေါ်တင်တင်စန်းတို့၏ သမီးချွေးမ၊ (ဦးဝင်းကိုမြင့်-ဒေါ်စောမွန်ဦး)၊ ကိုသက်နိုင်ထွန်း၏ညီမ၊ ကိုမြင့်မြတ်အောင်၏အစ်မ၊ မသီရိသူ၊ မောင်ပြည့်စုံမင်းတို့၏ချစ်လှစွာသော မိခင်၊ ဦးစိုးသက်ဆွေ(ဦးစီးအရာရှိ-သရက်ခရိုင်အုပ်ချုပ်ရေးမှူးရုံး)၏ချစ်လှစွာသော ဇနီးဒေါ်ဝါဝါချစ်သည် ၅-၄-၂၀၂၀ရက်(တနင်္ဂနွေနေ့)ညနေ ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၂၀ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် (Community Based Facility Quarantine)နှင့် အခြား Quarantine အစီအစဉ်များတွင် ပါဝင်နေသူများသို့ အသိပေးကြေညာချက်

၁။ COVID-19 ရောဂါပိုးကူးစက်သူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများကို ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်းအစီအစဉ် (Community Based Facility Quarantine) တွင် ပါဝင်စေခြင်း ဖြစ်ပါသည်။

၂။ မိမိတို့တွင် ရောဂါလက္ခဏာပြသခြင်း မရှိသော်လည်း ရောဂါပိုးကို သယ်ဆောင်သူဖြစ်နေနိုင်ခြင်းကြောင့် အခြားသူများသို့ ပြန့်ပွားခြင်းမရှိစေရန် ရောဂါပျိုးချိန်ကာလဖြစ်သော ၁၄ ရက်တာ ကာလကို စောင့်ကြည့်ခြင်းဖြစ်သည့်အတွက် မိမိ၏မိသားစုနှင့် ပတ်ဝန်းကျင်ကို ရောဂါပိုးမပြန့်ပွားအောင် ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်သည်ကို သိရှိစေလိုပါသည်။

၃။ ထိုသို့သီးခြားနေထိုင်စဉ်ကာလအတွင်း COVID-19 ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်နည်းလမ်းများကို စနစ်တကျ တိကျစွာလိုက်နာကျင့်သုံးပေးစေလိုပါသည်။ (၁၄)ရက်တာ အသွား၊ အလာကန့်သတ်ခြင်း (သို့မဟုတ်)တားမြစ်ခြင်းတို့ ဆောင်ရွက်ရာတွင် သီးခြားခွဲခြားနေထိုင်ရခြင်းနှင့် ဆက်စပ်သော အကြောင်းများကြောင့် စိတ်ဖိစီးမှုများခံစားရနိုင်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စိတ်ခတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ နှစ်သိမ့်ဆွေးနွေးမှုခံယူလိုသူများအနေဖြင့် ယုံကြည်စိတ်ချစွာ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ ဆက်သွယ်ရမည့် နည်းလမ်းများကို စေတနာလုပ်အားရှင်များက ကူညီဆောင်ရွက်ပေးပါမည်။

*စာမျက်နှာ ၉ ကော်လံ ၅* ❖

စာမျက်နှာ ၉ ကော်လံ ၅

## အသိပေးကြေညာခြင်း

COVID-19 ကူးစက်မြန်ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် ကိစ္စရပ်များအပေါ် အများပြည်သူများ သတင်းပေးဆက်သွယ်နိုင်ရန် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့၏ တယ်လီဖုန်းနံပါတ် ၀၆၇၃-၄၁၂၇၁၂ နှင့် ၀၆၇၃-၄၁၂၇၁၈ တို့အား Hotline ဖုန်းများအဖြစ် သတ်မှတ်ထားရှိပါသည်။ အဆိုပါ Hotline ဖုန်းများအား (၂၄)နာရီ ဖွင့်လှစ်ထားပါ၍ သတင်းပေးဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19)**
**ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများထုတ်ပြန်

စာ » ၈

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ » ၁၅

## အင်းစိန်မြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးမှ သမားတော်ကြီးများ ဦးဆောင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် (ယာယီ)ကျန်းမာရေးစစ်ဆေးမှုဌာန ဖွင့်လှစ်

**ရန်ကုန် ဧပြီ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးမှ သမားတော်ကြီးများ ဦးဆောင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် (ယာယီ) ကျန်းမာရေးစစ်ဆေးမှုဌာနသို့ အင်းစိန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များသည် ယနေ့ နံနက်ပိုင်းက လာရောက်ကြည့်ရှုခဲ့သည်။

အင်းစိန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်နှင့် တာဝန်ရှိသူများသည် အင်းစိန်မြို့နယ်ခန်းမသို့ သွားရောက်ပြီး ခန်းမ၌ ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် (ယာယီ) ကျန်းမာရေးစစ်ဆေးမှုဌာန ဦးတည်ဆောင်ရွက်ထားသည့် (ယာယီ)ကျန်းမာရေးစစ်ဆေးမှုဌာနသို့ မိမိတို့၏ ကျန်းမာရေးအသိဖြင့် လာရောက်ပြသ စစ်ဆေးခံသူများအား အင်းစိန်ဆေးရုံမှ ဆရာဝန်ကြီးများက ကျန်းမာရေးစစ်ဆေးကုသပေးမှုကို လိုအပ်သည်များ ကူညီပေးသည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးမှုဌာနကို တနင်္လာနေ့မှ စနေနေ့အထိ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်ထားကြောင်း သိရသည်။

ဖွဲ့ထက်ကို (ပြန်/ဆက်)



ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးအတွက် (ယာယီ)ကျန်းမာရေးစစ်ဆေးမှုဌာနသို့ လာရောက်ပြသ စစ်ဆေးခံသူတစ်ဦးကို ကျန်းမာရေးစစ်ဆေးပေးစဉ်။

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၆**

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ် သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ဧပြီ ၁၅၊ ၁၆၊ ၁၇ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီလ ၁၂ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရှိုပြည်ရခိုင်ပုံရိပ်အချပ်ပိုကိုဧပြီလ ၁၅ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရခိုင်ရွှေမြေအချပ်ပိုကို ဧပြီလ ၁၆ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့) တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာအချပ်ပိုကို ဧပြီလ ၁၆ ရက်နေ့တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီလ ၁၈ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုလေးမျက်နှာ ပါရှိ

ပြည်သူများ အခြေခံလူ့အခွင့်အရေး ရရှိခံစားနိုင်ရေး ဆောင်ရွက်ပေးနေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အချပ်ပို လေးမျက်နှာ ပါရှိပါသည်။




# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
အင်္ဂါ၊ ဧပြီ ၇၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# ပြည်သူများ အခြေခံလူ့အခွင့်အရေး ရရှိခံစားနိုင်ရေး ဆောင်ရွက်ပေးနေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

### သတင်းဆောင်းပါး – နိုင်လင်းကြည်၊ ဓာတ်ပုံ – သော်ဖုန်းခန့်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

အစိုးရ၏ စစ်မှန်သည့် ဒီမိုကရေစီစနစ် ဖော်ဆောင်မှုအတွက် ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူများ၏ လိုအပ်ချက်ကို လေ့လာဖော်ထုတ်ကာ ပြည်သူများ၏ အခြေခံလူ့အခွင့်အရေးများ ခံစားရရှိနိုင်ရေးသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လုပ်ငန်းဆောင်တာပင် ဖြစ်သည်။

ပြည်သူတို့၏ ဆန္ဒကို သိရှိမှသာလျှင် ပြည်သူတစ်ဦးချင်းစီ၏ အခွင့်အရေးကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်သည့်အတွက် ပြည်သူတို့၏ လိုအပ်ချက်ကို အကောင်အထည်ဖော်ပေးနေသည့်ဝန်ကြီးဌာန ဖြစ်သည်နှင့်အညီ လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို ဖော်ဆောင်ပေးနိုင်ရန် ခေတ်နှင့် လျော်ညီသည့် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာ၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များ ချမှတ်ကာ စနစ်တကျ ဆောင်ရွက်လျက်သည်။

“လုပ်ငန်းတွေ အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ ဘတ်ဂျက်နဲ့ ဝန်ထမ်းအင်အား လိုအပ်ပါတယ်။ ဘတ်ဂျက်အင်အား တိုးမြှင့်ရရှိဖို့အတွက် လုပ်ငန်းစဉ်တွေ ချမှတ်ပြီး နိုင်ငံတော်က ချမှတ်ထားတဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနဲ့ ကိုက်ညီအောင် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနကရရှိတဲ့ ဘတ်ဂျက် ပမာဏက ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၁၈ ဒသမ ၅ ဘီလီယံကနေ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၁၂၀ ဒသမ ၈ ဘီလီယံအထိ (၇)ဆ တိုးမြှင့်ရရှိခဲ့ပါတယ်။ ဒါပေမယ့် ဝန်ကြီးဌာနအားလုံး အသုံးပြုတဲ့ ဘတ်ဂျက်စုစုပေါင်းရဲ့ သုည ဒသမ ၄ ရာခိုင်နှုန်းကိုသာ ရရှိပါသေးတယ်” ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။

“လုပ်ငန်းတွေ အကောင်အထည်ဖော်တဲ့အခါ ဝန်ထမ်းအင်အား တိုးမြှင့်ဖို့လိုအပ်ပါတယ်။ ၂၀၁၆ – ၂၀၁၇ ခုနှစ်မှာ တစ်နိုင်ငံလုံး ဝန်ထမ်းအင်အား ၂၉၀၀ ကနေ အခု ၄၆၀၀ ကျော်အထိ ရှိလာပြီ ဖြစ်ပါတယ်။ တကယ်တမ်း ဝန်ထမ်းအင်အား ၁၆၀၀၀ ကျော် လိုအပ်ပါတယ်။ သို့သော် လုပ်ငန်းတွေ အောင်မြင်မှုရနေတာက ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာနဟာ ပြည်သူ့အင်အားနဲ့ ဆောင်ရွက်နေတဲ့ ဝန်ကြီးဌာနလို့ ပြောရင်လည်း မမှားပါဘူး”ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။

ဝန်ကြီးဌာနတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန စသည်ဖြင့် ဦးစီးဌာန သုံးခုရှိရာ လူမှုဝန်ထမ်းဦးစီးဌာနသည် ပဋိသန္ဓေတည်ချိန်မှအစပြု၍ သက်ကြီးရွယ်အိုအထိ လူမှုရေးရာကိစ္စများကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိရာ လူတစ်ဦးချင်းစီရဲ့ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အရေးများကို ဦးစားပေး ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**အခွင့်အရေး(၄)မျိုး**

နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကလေးသူငယ်များ၏ အကျိုးစီးပွားကို အကောင်းဆုံး ဖော်ဆောင်နိုင်ရန် ကလေး

*အချပ်ပို (ခ) သို့*



ကသာမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျောင်းသား ကျောင်းသူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ACCOR Hotel Myanmar အဖွဲ့ပူးပေါင်း၍ စက်လှေ၊ အသက်ကယ်အင်္ကျီနှင့် ကျောင်းဝတ်စုံများ ပေးအပ်ခဲ့စဉ်။

**“တစ်ကမ္ဘာလုံး အတိုင်းအတာအရ သက်ကြီးရွယ်အိုဦးရေ တိုးတက်မြင့်မားလာပြီ ဖြစ်သည့်အတွက် သက်ကြီးရွယ်အိုများကို လစဉ်ငွေကြေးထောက်ပံ့သည့် လူမှုရေးပင်စင်ကို ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် သက်ကြီးရွယ်အို ၄၇၀၈၂၁ ဦးအတွက် ငွေကျပ် ၃၄ ဒသမ ၉ ဘီလီယံကို ပေးအပ်နိုင်ခဲ့ပြီးဖြစ်”**




၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း လားရှိုးမြို့၌ ကျင်းပသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာရှင်းလင်းဆွေးနွေးပွဲ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*အချပ်ပို (က) မှ*

အချပ်ပို (က) မှ

သူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အသစ်ပြဋ္ဌာန်းနိုင်ခဲ့သည်။ ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်ပြီး အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ အစောင့်အရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ခွင့် စသည့် အခွင့်အရေး (၄)မျိုးကို အထိရောက်ဆုံး ဖော်ဆောင်လျက်ရှိသည်။

"ကလေးသူငယ်တစ်ယောက် အသက်ရှင်သန်ပြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စနစ်တကျ ပြုစုစောင့်ရှောက်ခံရဖို့ လိုအပ်ပါတယ်။ ဒါဟာ ကိုယ်ဝန်ဆောင်ဘဝထဲက စောင့်ရှောက်ရမှာ ဖြစ်တဲ့အတွက် MCCT လို့ခေါ်တဲ့ ကိုယ်ဝန်ဆောင်မိခင်နဲ့ ၎င်းမှမွေးဖွားတဲ့ ကလေးအသက် (၂) နှစ်အထိ ငွေကြေးထောက်ပံ့ခြင်းကို အာဟာရပညာပေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေး ပညာပေးနဲ့ မိသားစု စီမံကိန်းပညာပေးတွေပါတဲ့ စီမံကိန်းတစ်ခုကို ဆောင်ရွက်ပေးနေပါတယ်။ ကိုယ်ဝန်ဆောင်စဉ်ကနေ မွေးပြီး (၂) နှစ်အထိ ကလေးတစ်ဦးရဲ့ ဘဝအစ ရက်ပေါင်း ၁၀၀၀ ကာလဖြစ်ပါတယ်။ ဒီအချိန်မှာ မှန်ကန်တဲ့ အာဟာရအပြည့်အဝရရင် တစ်သက်စာ အကောင်းဆုံး ဦးနှောက်ပိုင်ရှင် ဖြစ်ပါမယ်။ ဒီစီမံကိန်းကို တစ်နိုင်ငံလုံးမှာ ဆောင်ရွက်သင့်တာဖြစ်ပေမယ့် အကန့်အသတ်ရှိတဲ့ ဘတ်ဂျက်အနေအထားကြောင့် ပုညက်မှုနှုန်း အညွှန်းကိန်းတွေအရ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကရင်ပြည်နယ်နဲ့ ကယားပြည်နယ်တို့မှာ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်နဲ့ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွေမှာ ဆောင်ရွက်ခဲ့ပါတယ်။ ဒီနှစ် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်မှာ ကမ္ဘာ့ဘဏ်ရဲ့ အတိုးနှုန်းသက်သာတဲ့ချေးငွေနဲ့ နိုင်ငံတော်ဘတ်ဂျက်ပေါင်းစပ်ပြီး ဧရာဝတီတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့မှာ တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ပိုင်း တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။

**ကလေးသူငယ်အခွင့်အရေး**

ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်သည် ကလေးသူငယ်များကို ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရန်ဖြစ်ပြီး အသစ်ပြန်လည်ရေးဆွဲခဲ့သည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေ (၂၀၁၈) မှာ ပြုစုနည်းစနစ်မှန်နှင့် ပုံမှန်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဆိုပါ ဥပဒေနှစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ပုံမှန်ဖွံ့ဖြိုးတိုးတက်မှု မရှိပါက မသန်စွမ်းကလေးသူငယ်ဘဝကို ရောက်ရှိသွားနိုင်သည်ကို မိဘများအနေဖြင့် သတိထားမိရန် လိုအပ်သည်။ ထို့ကြောင့် ရှေးဦးအရွယ်ကလေးသူငယ်ဘဝတွင် ပုံမှန်ဖွံ့ဖြိုးတိုးတက်မှုကို မိဘများသိရှိရန် လိုအပ်ခြင်းကြောင့် ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း (Early Childhood Intervention – ECI) ကို ရှေ့ပြေးစီမံချက်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကလေးသူငယ်ရဲ့ အခွင့်အရေးတွေထဲမှာ အစောင့်အရှောက်ခံပိုင်ခွင့်ဆိုတာ ရှိပါတယ်။ ကလေးသူငယ်တိုင်းဟာ မိဘမဲ့ဆိုတာ မရှိဘူး၊ ရင်ခွင်မဲ့ဆိုတာပဲ ရှိပါတယ်။ မိဘစွန့်ပစ်ခံရတဲ့ ရင်ခွင်မဲ့ကလေးတွေအတွက် နိုင်ငံတော်က ကလေးပြုစုရေးဌာန(၇)ခု ဖွင့်လှစ်ပြီး စောင့်ရှောက်ပေးနေတာ ရှိပါတယ်။ စတုတ္ထ (၁)နှစ်တာကာလအတွင်း ထူးခြားချက်က ရင်ခွင့်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ လှူဒါန်းမှုဖြင့် (၁၀၀)ဆံ့ ကလေးပြုစုရေးဌာန တစ်ခုကို ယခုနှစ်တွင် နေပြည်တော်မှာ ဖွင့်လှစ်နိုင်မှာ ဖြစ်ပါတယ်။ တစ်ကိုယ်ရေ မိခင်တွေကို တစ်နေရာတည်း စောင့်ရှောက်ပေးနိုင်မှာ ဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရှင်းပြသည်။

**ဥပဒေနှင့်အညီ ပြုစုပျိုးထောင်**

ဥပဒေနှင့်အညီ ကလေးငယ်များကို ပြုစုပျိုးထောင်နိုင်ရန် မူလတန်းကြိုကျောင်းများ လိုအပ်လျက်ရှိပြီး တစ်နိုင်ငံလုံး အတိုင်းအတာအရ အသက် (၃) နှစ်မှ (၅) နှစ်ထိ ကလေးဦးရေသည် ၁ ဒသမ ၄ သန်းကျော်ရှိ ဌာနပိုင်၊ ကိုယ့်အားကိုယ်ကိုးနှင့် ပုဂ္ဂလိကမူကြိုကျောင်း စုစုပေါင်း ၁၀၀၀၀ ခန့်ရှိကြောင်း သိရသည်။ ယင်းကျောင်းများတွင် ပြုစုစောင့်ရှောက်ပေးနိုင်သည့် ကလေးဦးရေမှာ ၃၂၀၀၀၀ ကျော်သာရှိသေးသည့်အတွက် အမှန်တကယ် ပြုစုစောင့်ရှောက်ရမည့် ကလေးဦးရေ၏ ၂၂ ရာခိုင်နှုန်းခန့် ပြုစုပျိုးထောင်နိုင်သေးကြောင်း သိရသည်။ ထို့ကြောင့် ဥပဒေနှင့်အညီ ပုဂ္ဂလိကမူကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် အရေးကြီးပြီး အစိုးရကလည်း ဌာနပိုင်မူကြိုကျောင်းများကို တိုးချဲ့ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

**မိခင်ဝိုင်းများဖွင့်လှစ်**

ပုဂ္ဂလိက မူလတန်းကြိုကျောင်းများ စနစ်တကျ ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးဆိုင်ရာ ဆရာဖြစ်သင်တန်းများကို နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုတွင် ဆောင်ရွက်ခဲ့ပြီး သင်တန်း ၄၀၂ ကြိမ်ဖွင့်လှစ်ခဲ့ပြီး မူကြိုဆရာ ဆရာမပေါင်း ၁၅၀၀၀ ကျော်ကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ဝန်ကြီးဌာနက မူကြိုကျောင်းများ မဖွင့်လှစ်နိုင်သေးသည့် နေရာများ၌ မိခင်ဝိုင်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ မိခင်ဝိုင်းပေါင်း ၁၂၀၂ ဝိုင်းအထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် လူငယ်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

"လူမှုဝန်ထမ်းဦးစီးဌာနဟာ လူငယ်တွေ ပတ်သက်တဲ့ လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော်နိုင်ဖို့ မဟာဗျူဟာကို စတုတ္ထ (၁) နှစ်တာကာလအတွင်းမှာ ချမှတ်နိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် မတူညီတဲ့ လုပ်ငန်းစဉ်တွေရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ လူငယ်စင်တာတွေ ဖွင့်လှစ်နိုင်အောင် ကြိုးစားနေပါတယ်။ ပထမဆုံးစင်တာကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ပြစ်မှုနဲ့ ပြစ်ဒဏ်ကျခံရတဲ့ ကလေးသူငယ်တွေအတွက် အကျင့်စာရိတ္တပြုပြင်ရေးနှင့် ပြန်လည်ထူထောင်ရန် လူငယ်သင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိပါတယ်။ ဒီကျောင်းတွေက သန်လျင်၊ ငှက်အော်စမ်း၊ မန္တလေးနဲ့ မော်လမြိုင် လူငယ်သင်တန်းကျောင်းဆိုပြီး လေးကျောင်းရှိပါတယ်။ ဥပဒေအရ ကလေးသူငယ်ရဲ့ အသက်ကို (၁၈)နှစ်အောက်လို့ သတ်မှတ်ခဲ့တဲ့အတွက် စောင့်ရှောက်ရမယ့် ကလေးသူငယ်ဦးရေသုံးဆကျော် တိုးမြင့်လာတဲ့အတွက် သင်တန်းကျောင်းဆောင်တွေ တိုးချဲ့ခြင်း၊ သင်တန်းကျောင်းသစ်တွေ တိုးချဲ့ဖွင့်လှစ်ခြင်းနဲ့ ဝန်ထမ်းတွေ တိုးချဲ့ခန့်ထားခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။

**အမျိုးသမီးများ၏ အခန်းကဏ္ဍ**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အရေးပါလျက်ရှိသည်။ နိုင်ငံတော်အစိုးရတစ်ရပ်တည်း ဆောင်ရွက်၍ မရသဖြင့် အစိုးရမဟုတ်သော အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အတွက် ယခုအခါတွင် အရပ်ဘက်အဖွဲ့အစည်း ၁၁ ဖွဲ့ ပါဝင်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

အမျိုးသမီးများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရသည့်အပြင် အကာအကွယ်ပေးရန် လိုအပ်သည့်အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေ

*အချပ်ပို (ဂ) သို့*



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြို့သစ်မြို့နယ် တပ်ကုန်းကျေးရွာရှိ အဘိုးတစ်ဦးအား သက်ကြီးပင်စင် ထောက်ပံ့ပေးအပ်စဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို (ခ) မှ*

(မူကြမ်း)ကို အတည်ပြု ပြဋ္ဌာန်းနိုင်ရေး လွှတ်တော်အသီးသီး၌ ဆွေးနွေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပြည့်တန်ဆာဆိုင်ရာဥပဒေ(မူကြမ်း)ကို ရေးဆွဲလျက်ရှိကြောင်း သိရသည်။

တစ်ကမ္ဘာလုံး အတိုင်းအတာအရ သက်ကြီးရွယ်အိုဦးရေ တိုးတက်မြင့်မားလာပြီဖြစ်သည့်အတွက် သက်ကြီးရွယ်အိုများကို လစဉ်ငွေကြေးထောက်ပံ့သည့် လူမှုရေးပင်စင်ကို ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် သက်ကြီးရွယ်အို ၄၇၀၈၂၁ ဦးအတွက် ငွေကျပ် ၃၄ ဒသမ ၉ ဘီလီယံကို ပေးအပ်နိုင်ခဲ့ပြီးဖြစ်သည်။

"သက်ကြီးရွယ်အိုတွေထဲမှာ အိုပေမယ့် စွမ်းနိုင်တဲ့ သက်ကြီးရွယ်အိုတွေ ရှိပါတယ်။ ဒါကြောင့် စွမ်းဆောင်နိုင်တဲ့ သက်ကြီးရွယ်အိုတွေ စုပေါင်းပြီး လူမှုအားမာန်အဖွဲ့တွေ ဖွဲ့စည်းပေးလျက်ရှိပါတယ်။ ဒီအဖွဲ့တွေအနေနဲ့ စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ တစ်ဖွဲ့ကို တစ်နှစ်ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးလျက်ရှိပါတယ်။ လူမှုအားမာန်အဖွဲ့တွေကို တစ်နိုင်ငံလုံး တိုးချဲ့ဆောင်ရွက်သွားဖို့ အစိုးရမဟုတ်တဲ့ နိုင်ငံတကာအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးမှာ သက်ကြီးရွယ်အိုတွေ ပါဝင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရှင်းပြသည်။

## လူမှုစီမံခန့်ခွဲမှု

လူမှုဝန်ထမ်းဦးစီးဌာနသည် လူမှုစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (Social Management Information System) ကို ထူထောင်လျက်ရှိသည်။ လူမှုကာကွယ်စောင့်ရှောက်မှု ထောက်ပံ့ပေးအပ်ရာတွင် လူမှလူသို့ ပေးအပ်သည့်စနစ်မှ နည်းပညာသုံး ထောက်ပံ့ပေးအပ်ခြင်းစနစ် (Electronic Cash Transfer)သို့ပြောင်းရန် ကြိုးပမ်းလျက်ရှိသည်။ လာမည့်ဇွန်လတွင် စတင်စမ်းသပ်အသုံးပြုနိုင်မည်ဖြစ်သည့်အတွက် စတုတ္ထ (၁)နှစ်တာကာလ၏ ထူးခြားချက်တစ်ခုလည်း ဖြစ်သည်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် ပြည်သူများ သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် လူ့အသိုက်အဝန်းဖြစ်ပေါ်ရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

"စတုတ္ထ (၁) နှစ်တာကာလအတွင်း ပြည်သူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် ဘေးအန္တရာယ်တွေနဲ့ ပတ်သက်လို့ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်တယ်ဆိုတာကို အသိအမှတ်ပြုခံရပါတယ်။ ဒီလို အလျင်အမြန် ပံ့ပိုးကူညီဖို့ Hot Line ဖုန်းနံပါတ်တွေထားရှိပြီး သတင်းစကားတွေ ရယူခဲ့ပါတယ်။ ဦးစီးဌာနရဲ့ ဖေ့စ်ဘွတ်အကောင့်ကတစ်ဆင့် ပြည်သူ့လိုအပ်ချက်ကို သိရှိခဲ့ပါတယ်။ Mobile Application တွေနဲ့ သဘာဝဘေးနဲ့ပတ်သက်ပြီး သတင်းပေး၊ သတင်းယူ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပြည်သူဒုက္ခရောက်နိုင်တဲ့ဘေးနဲ့ပတ်သက်ရင် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားပါတယ်။ ငလျင်ဘေး၊ ရေကြီးရေလျှံဘေး၊ လေပြင်းဘေးနဲ့ မုန်တိုင်းဘေးဖြစ်ပါတယ်။ မမျှော်မှန်းနိုင်တဲ့ ငလျင်ဘေးနဲ့ ပတ်သက်ပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေဖို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်မှ ရပ်ကွက်/ကျေးရွာအဆင့်အထိ ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနဲ့ တုံ့ပြန်ရေးစီမံချက်တွေကို ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ ဇာတ်တိုက်လေ့ကျင့်မှုတွေကို ဆောင်ရွက်ခဲ့ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ဆောင်ရွက်ချက်တချို့ကို ရှင်းပြသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြင်ဦးလွင်မြို့ရှိ လူမှုအားမာန်အဖွဲ့များအား ထောက်ပံ့ငွေပေးအပ်ပြီး အဘိုးအဘွားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ရေကြီးရေလျှံမှုကို အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန် လေးနှစ်တာကာလအတွင်း စက်လှေနှင့် အသက်ကယ်အင်္ကျီအတွက် ငွေကျပ် ၅၅၃ ဒသမ ၅၈၃ သန်း ထောက်ပံ့ပေးခဲ့သည့်အပြင် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် အမေရိကန်ဒေါ်လာ ရှစ်သိန်းကျော် အကုန်အကျခံ ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုများသည် မြန်မာနိုင်ငံတွင် နှစ်စဉ် ဖေဖော်ဝါရီလလယ်မှ စတင်၍ မေလလယ်အထိ ဖြစ်ပွားတတ်ပြီး မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ရှောဝတီ၊ ပဲခူး တိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ်တို့တွင် အိုးအိမ်အဆောက်အဦများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လေ့ရှိသည်။ ပြီးခဲ့သည့် နှစ်များ/စာရင်းဇယားများအရ နှစ်စဉ်ပျမ်းမျှ အိမ်ပေါင်း ၄၃၀၀၀ ကျော် ပျက်စီးခဲ့ပြီး အဆိုပါအိုးအိမ်များ ကြံ့ခိုင်မှုအတွက် ကြိုတင်ပြင်ဆင်ပေးခြင်း လုပ်ငန်းကို မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ရှောဝတီနှင့် ပဲခူးတိုင်းဒေသကြီးတို့အပြင် တနင်္သာရီတိုင်းဒေသကြီးများ၊ ရှမ်းနှင့် ကချင်ပြည်နယ်တို့တွင် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းလာခဲ့ကြောင်း သိရသည်။

## သောက်သုံးရေ

နှစ်စဉ် နွေရာသီကာလ သောက်သုံးရေ ရှားပါးပြတ်လပ်မှုများအတွက် သောက်သုံးရေ ထောက်ပံ့ခြင်း၊ ရေတွင်း၊ ရေစက်ရုံ၊ ရေသန့်စက်၊ ယာယီရေသိုလှောင်ကန်များ တည်ဆောက်ပေးခြင်းနှင့် ရေပိုက်သွယ်ခြင်း လုပ်ငန်းများအတွက် စုစုပေါင်း ငွေကျပ် ၁၂၈၀ ဒသမ ၅၃ သန်း အသုံးပြုခဲ့ကြောင်း သိရသည်။

"စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ထူးခြားတာတစ်ခုက နွေရာသီကာလ အပူဒဏ်ရှောင်နိုင်ဖို့ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှာ အပူရှောင်စခန်း ၄၄ ခုကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ လေးနှစ်တာကာလအတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရဲ့ ဦးဆောင်မှုနဲ့ မြန်မာတစ်နိုင်ငံလုံးမှာ ဘက်စုံသုံး ဘေးဒဏ်ခံ အဆောက်အဦတွေကို တိုးချဲ့တည်ဆောက်ပေးခဲ့ပါတယ်။ အစိုးရသစ်တာဝန်ယူချိန်မှစပြီး ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဘေးဒဏ်ခံအဆောက်အဦ ၁၃၈ လုံး အသစ်ဆောက်လုပ်ပေးခဲ့ပါတယ်။ မူလဘေးဒဏ်ခံအဆောက်အဦ ၉၅ လုံးနဲ့ပေါင်းပါက စုစုပေါင်း ၂၃၃ လုံး ရှိပြီဖြစ်ပါတယ်။ ဘက်စုံသုံး ဘေးဒဏ်ခံအဆောက်အဦတွေကို သဘာဝဘေး ကျရောက်တဲ့အချိန်မှာ ခိုလှုံရာနေရာအဖြစ် အသုံးပြုနိုင်သလို ကျန်တဲ့အချိန်တွေမှာ ရပ်ရွာအကျိုးပြုလုပ်ငန်းတွေ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေနဲ့ လေးနှစ်တာ ကာလအတွင်းမှာ ဘေးသင့်ဒေသတွေ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ကို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ သဘာဝဘေးကြောင့် ပျက်စီးသွားတဲ့ စိုက်ပျိုးသီးနှံတွေအတွက် လိုအပ်တဲ့ မျိုးစေ့တွေထောက်ပံ့ခြင်း၊ ရေလွှမ်းမိုးခံရတဲ့ မြေယာတွေကို ပြန်လည်တူးဖော်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ပျက်စီးသွားတဲ့ ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းနဲ့ တံတားတွေကို ပြန်လည်ပြုပြင်ခြင်းနဲ့ အသစ်တည်ဆောက်နိုင်အောင် ပံ့ပိုးထောက်ပံ့တာတွေကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖေဖော်ဝါရီ ၂၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး လူငယ်စင်တာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ပြန်လည်ထူထောင်ရေးဦးစီးဌာနကို စတင်တည်ထောင်ခဲ့ရာ လက်ရှိတွင် ဦးစီးဌာနတည်ထောင်မှု (၂) နှစ်ရှိခဲ့ပြီဖြစ်သည်။ ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၇၄၂ ဒသမ ၁ သန်းမှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၆၁၈၂ ဒသမ ၂ သန်း အထိ နှစ်ဆတိုးမြှင့်ရရှိခဲ့ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မသန်စွမ်းသူများကို တစ်ကြိမ် ကနဦးထောက်ပံ့ပေးပြီးဖြစ်သည်။

မသန်စွမ်းသူများနှင့် ပတ်သက်၍ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များကို ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။ မသန်စွမ်းသူများအတွက် ပံ့မှန်ထောက်ပံ့မှု၊ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်ပေးနိုင်ရန် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းနှင့် မသန်စွမ်းမှု အဆင့်ခွဲခြားသတ်မှတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မသန်စွမ်းသူများအတွက် အတားအဆီးကင်းမဲ့သော ပတ်ဝန်းကျင် စံနမူနာပြအဖြစ် နေပြည်တော်ရှိ ရေပန်းဥယျာဉ်နှင့် မြို့မဈေးတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အမျိုးသားအဆင့် စံလုပ်ငန်းစဉ် (National Standard Operation Procedure) ကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ ယာယီခိုလှုံရာစခန်းများရှိ နေရပ်စွန့်ခွာသူ (IDP) များအတွက် လူကုန်ကူးခံရမှုတားဆီးနိုင်ရန် စံလုပ်ငန်းစဉ်များ သီးခြားရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေးကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း ၅၄၆ ဦးကို လက်ခံဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ရွှေ့ပြောင်းသွားလာခြင်း၏ အကျိုးဆက်ကို ခံစားရသော ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်မှုပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ထိုင်းနိုင်ငံနှင့် ယခုနှစ်အတွင်း ချုပ်ဆိုရန် စီစဉ်လျက်ရှိသည်။

## ပြန်လည်ထူထောင်ရေး

ထို့ပြင် ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက "မူးယစ်ဆေးကိစ္စဟာ ဒီနိုင်ငံမှာ ပြဿနာတစ်ရပ်အနေနဲ့ ရှိနေပါတယ်။ မူးယစ်ဆေးဖြတ်ပြီးသူတွေ ပြန်လည်ထူထောင်ရေးလုပ်ငန်းဟာ မူးယစ်သံသရာ ပြန်မလည်အောင်ဆောင်ရွက်တဲ့ လုပ်ငန်းဖြစ်တာကြောင့်

*အချပ်ပို (ဃ) သို့*

*အချုပ်ပို (ဂ) မှ*

အလွန်အရေးကြီးပါတယ်။ မူးယစ်ဆေးဖြတ်ပြီးသူတွေ ပြန်လည်ထူထောင်ရေးကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဆောင်ရွက်ခဲ့ရာ စတုတ္ထ (၁) နှစ်တာကာလအတွင်း ၆၁၄ ဦးကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ရပ်ရွာအခြေပြု မူးယစ်ပြန်လည်ထူထောင်းရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးဖို့ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး ၁၂၁၆ ဦးကို လေ့ကျင့်ပေးနိုင်ခဲ့ပါတယ်” ဟု ရှင်းပြသည်။

ဝန်ကြီးဌာနသည် မိုင်းအန္တရာယ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် အမျိုးသားမိုင်းကင်းစင်ရေးဆိုင်ရာဗဟိုဌာနနှင့် အမျိုးသားမိုင်းကင်းစင်ရေးဆိုင်ရာ အာဏာပိုင်အဖွဲ့ ဖွဲ့စည်းတည်ထောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် မိုင်းအန္တရာယ်ကြောင့် ထိခိုက်ခံစားရသူများနှင့် စစ်မှုထမ်းခြင်းမှ ပြန်လည်နုတ်ထွက်ခွင့်ရသည့် ကလေးသူငယ်များကို ထောက်ပံ့မှုပေးလျက်ရှိသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ၁၈ - ၁၁ - ၂၀၁၈ ရက်က လယ်ဝေးမြို့နယ် သာယာကုန်းကျေးရွာ၌ ဖွင့်လှစ်ထားသော ကရုဏာမိခင်ဝိုင်းသို့ သွားရောက်ကြည့်ရှုစဉ်။

## ဥပဒေနှင့်အညီ ကလေးငယ်များကို ပြုစုပျိုးထောင်နိုင်ရန် မူလတန်းကြိုကျောင်းများ လိုအပ်လျက်ရှိပြီး တစ်နိုင်ငံလုံး အတိုင်းအတာအရ အသက် (၃) နှစ်မှ (၅) နှစ်အထိ ကလေးဦးရေသည် ၁ ဒသမ ၄ သန်းကျော်ရှိ၊ ဌာနပိုင်၊ ကိုယ့်အားကိုယ်ကိုးနှင့် ပုဂ္ဂလိကမူကြိုကျောင်း စုစုပေါင်း ၁၀၀၀၀ ခန့်ရှိ

### ရခိုင်ပြည်နယ်အရေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် အဓိကဆောင်ရွက်ရသည့် လုပ်ငန်းများအနက် ရခိုင်ပြည်နယ်အရေးသည် တစ်ခုအပါအဝင် ဖြစ်သည်။

ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၊ နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီနှင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

“ရခိုင်ပြည်နယ်အရေးနဲ့ ပတ်သက်ရင် နိုင်ငံတကာက စွပ်စွဲချက်တွေနဲ့ အပြစ်တင်မှုတွေ ရှိပါတယ်။ ဒါတွေကို ဖြေရှင်းနိုင်ဖို့ “လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (Independent Commission of Enquiry – ICOE)” ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ICOE ၏ အကြံပြုချက်တွေကို အရှိန်အဟုန်မြှင့် မြန်ဆန်စွာအကောင်အထည်ဖော်ရေးကို ပါဝင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပဋိပက္ခတွေကြောင့် ပြည်တွင်းနေရပ်စွန့်ခွာသူတွေနဲ့ ပြည်ပနေရပ်စွန့်ခွာသူတွေ ရှိခဲ့ပါတယ်။ ပြည်တွင်းနေရပ်စွန့်ခွာသူတွေရဲ့ IDP စခန်းတွေ ပိတ်သိမ်းပြီး ပြန်လည်နေရာချထားရေးကို စနစ်တကျဆောင်ရွက်နိုင်ဖို့အတွက် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရှင်းပြသည်။

### စနစ်တကျနေရာချထားရေး

မြန်မာနိုင်ငံတွင် IDP စခန်းပေါင်း ၁၂၈ ခု ရှိပြီး ရခိုင်ပြည်နယ်တွင် ၁၉ ခု၊ ကချင်ပြည်နယ်တွင် ၈၄ ခု၊ ရှမ်းပြည်နယ်တွင် ၂၃ ခု နှင့် ကရင်ပြည်နယ်တွင် နှစ်ခုရှိရာ စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများ စနစ်တကျနေရာချထားရေး စတင်အကောင်အထည်ဖော်နေပြီ ဖြစ်သည်။ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိပြီး မှီခိုမှုကင်းသောဘဝများ ပြန်လည်တည်ဆောက်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ပေးလျက်ရှိသည်။

“ရခိုင်ပြည်နယ် အရေးကိစ္စဟာ ရေရှည်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေဖြစ်ပါတယ်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ ရေရှည်ပဋိပက္ခကင်းဝေးရေးတို့ ဖြစ်ပါတယ်။ ဒါကြောင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းတွေ ချမှတ်ဆောင်ရွက်လျက်ရှိသလို Social Cohesion လို့ခေါ်တဲ့ လူမှုသဟဇာတဖြစ်ရေးအတွက် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်ပဋိပက္ခဖြစ်စဉ်တွေနဲ့ပတ်သက်လို့ အခြေခံအကြောင်းရင်းတွေကို ဖော်ထုတ်ဖို့ မစ္စတာကိုဖီအာနန်ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါတယ်။ အကြံပြုချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်မှုတွေကို ပြည်သူသို့ အစီရင်ခံစာ (၅) ကြိမ် ထုတ်ပြန်ခဲ့ပြီး (၆)ကြိမ်မြောက် အစီရင်ခံစာကို မကြာခင် ထုတ်ပြန်နိုင်မှာဖြစ်ပါတယ်” ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင် ပြည်သူများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည့်အပြင် အပြုသဘောဆောင်သော ပါဝင်မှုသည် ပိုမိုအရေးပါလျက်ရှိသည်။

### ပြည်သူများ ပူးပေါင်းပါဝင်

ပြည်သူများ ထိရောက်သောအကျိုးခံစားရရှိနိုင်ရေးသည် ပြည်သူများကိုယ်တိုင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးသည့်အတွက် ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ပေးကြရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ ဝန်ကြီးဌာနသည် ပြည်သူများသိရှိ ပူးပေါင်းပါဝင်နိုင်ရန်အတွက် ၂၄ နာရီ သတင်းပေးပို့၊ ရယူနိုင်သည့် Help line ဖုန်းများဖြစ်သည့် ဝ၆၇ – ၃၄၀၄၆၆၆၊ ဝ၆၇ – ၃၄၀၄၇၇၇၊ ဝ၆၇ – ၃၄၀၄၂၂၂ နှင့် ဝ၆၇– ၃၄၀၄၉၉၉ တို့ကို ဆက်သွယ်ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ပေးထားကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ၂၆ – ၂ – ၂၀၂၀ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့မဈေး၌ မသန်စွမ်းသူများအတွက် အတားအဆီးကင်းမဲ့သောပတ်ဝန်းကျင် စံနမူနာပြ တည်ဆောက်ထားသည့်အခြေအနေ ကြည့်ရှုစဉ်။